အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

[Book.156(2508-2522)

လူသားမျိုးနွယ်၏အုပ်ထိန်းသူ

.May Be:

အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၅၀၈ - မင်းတို့ သူ့ကို မထိရဘူး

လူငယ် စကားပြောပြီးသည်နှင့် ငရဲကေရီ

က ခေါင်းမော့ကာ "သခင်လေး၊ ဒါပဲလား”

အသံက အနည်းငယ်ထူးဆန်းနေသည်။

သို့သော်လည်း လူငယ်က

ဒေါသထွက်နေလေရာ သတိမထားမိပေ။

လူငယ်က ငရဲကေရီကို

ရုတ်တရက်ဖမ်းဆုပ်ရန်

ကြိုးစားလိုက်သည်။ သို့သော်လည်း

လက်တစ်ဖက်က

သူ့လက်ကောက်ဝတ်ကို

ဆုပ်ကိုင်ထား၏။

လူငယ်က လှည့်ကြည့်လိုက်ရာ

သူ့ဘေးနားတွင် အနက်ရောင်ဝတ်ရုံ

ရုတ်တရက် ပေါ်လာတာကို

တွေ့လိုက်ရသည်။

“ဖယ်စမ်း...” လူငယ်က ဒေါသကြီးအောင်ဝေါက်လိုက်သည်။

ဘမ်း...

ပုံရိပ်တစ်ခု လွင့်ပျံသွားသည်။ ထိုပုံရိပ်ကအိမ်တစ်လုံးနှင့် ဝင်တိုက်ကာ ချက်ချင်းပြိုကျသွားသည်။

အရာအားလုံးက လျင်မြန်လွန်းလှသည်။

လူငယ်နောက်ကွယ်မှ

မြင်းစီးသူရဲများသည်ပင် ယင်းကို

တုံ့ပြန်နိုင်စွမ်း မရှိခဲ့ပေ။

"မင်းဘယ်လိုသတ္တိရှိသလဲ"

မြင်းတပ်သားများထဲမှ တစ်ဦးက

ဒေါသတကြီး နဲ့ တိုက်ခိုက်ဖို့

ကြံစည်သည်။

ဘမ်း..ဘမ်း..ဘမ်း...

ပေါက်ကွဲသံများ

အဆက်မပြတ်ထွက်ပေါ်လာပြီး

အားလုံးချက်ချင်း လွင့်ထွက်သွားသည်။

ထိုမြင်ကွင်းကြောင့်

ပတ်ဝန်းကျင်ရှိလူတိုင်း

အံ့အားသင့်သွားကာ

လမ်းသွားနေရာမှပင်

ရပ်ပြီးကြည့်နေကြသည်။

အနက်ရောင်ဝတ်ရုံက

အခြားသူမဟုတ်ဘဲ ယန်ယဲ့ ပါ။

ယန်ယဲ့ က ငရဲကေရီ ဆီသို့

လျှောက်သွားပြီး "မတွေ့တာကြာပြီ"

သူမက "ဒါက တကယ်ပဲ
နင်ဖြစ်နေတာ..."

ယန်ယဲ့က "မင်း ငါ့ကို မှတ်မိသလား"

"နင့်ရဲ့အရှိန်အဝါကို ငါခံစားမိရုံပဲ။
သိပ်တော့မသေချာဘူး"

ယန်ယဲ့ က ပြုံးပြီး "တခြားတစ်နေရာမှာ
စကားသွားပြောရအောင်"

ငရဲကေရှိ က ခေါင်းညိတ်ပြီး

"ငါနဲ့လိုက်ခဲ့"

ဤအချိန်တွင် အဝေးကနေ ပြင်းထန်

သောအသံတစ်သံ ထွက်လာသည် "မင်း

သေပြီ။ မင်းတို့နှစ်ယောက်လုံးသေပြီ"

ယန်ယဲ့ က ပြန်လှည့်ကြည့်လိုက်ရာ သူရိုက်နှက်လိုက်သော လူငယ်မှန်း သတိထားမိလိုက်သည်။

သူက ခေါင်းယမ်းပြီး ငရဲကေရီကို လှည့်ကြည့်ရင်း "သွားရအောင်"

သူတို့ ထွက်သွားတော့မည်ကို မြင်သောအခါ လူငယ်က

ရှုးသွပ်သောအသံဖြင့်အော်ငေါက်လိုက်သည်

"မင်း...ခွေးမ၊ မင်းအတွက် သေတာထက်ပိုဆိုးအောင် ငါလုပ်မယ်"

သို့သော် စကားသံက ရပ်သွားကာ သူ၏ခေါင်းက လည်ပင်းကနေ ပြုတ်ထွက်သွားခဲ့သည်။

ပတ်ဝန်းကျင်က ချက်ချင်းပင် တိတ်ဆိတ်ငြိမ်သက်သွားသည်။

ယန်ယွဲ့ က "သွားရအောင်"

ငရဲကောရီ က "နင်... နင် အရမ်းရက်စက်တုန်းပဲ"

ယန်ယွဲ့ က "ဒါဟာ ငါမပြောင်းလဲနိုင်တဲ့ အလေ့အကျင့်ဟောင်းပဲ"

ငရဲကေရိ က ခေါင်းညိတ်ပြီး
"ငါနဲ့လိုက်ခဲ့"

ယန်ယဲ့ သည် ငရဲကေရိ နှင့်အတူ
အိမ်တစ်လုံးဆီသို့ လိုက်သွားခဲ့သည်။
အိမ်က အလွန်ရိုးရှင်းပါသည်။
အတွင်းပိုင်း
ပရိဘောကများက ကုတင်တစ်လုံး၊ စားပွဲ
နဲ့ ကုလားထိုင်အချို့သာ ။

ငရဲကေရီ က "နင် ငါ့ကို

တွေ့ဖို့သက်သက်ပဲလား" ဟု

ရုတ်တရက်မေးလိုက်သည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး

"ဒုတိယအစ့မ နိုးထလာခါနီးပြီ"

ငရဲကေရီ က ယန်ယဲ့ ကိုမော့ကြည့်ကာ

"နင် သူမအတွက်
လက်မလျှော့ဘူးဆိုတာ ငါသိတယ်" ဟု
ပြောပါသည်။

ယန်ယဲ့ က "သူမက
ငါ့အတွက်သေသွားတယ်..."

"ကိုယ့်ကိုယ်ကို အပြစ်တင်နေစရာ
မလိုဘူး" ငရဲကေရီ က  "သူမက နင့်ကို
သူ့မောင်လေးတစ်ယောက်လို

ဆက်ဆံတာပဲ။ သူ့အမြင်မှာ နင်က

ငါတို့ညီအစ်မတွေလိုပဲ အရေးကြီးတယ်"

ယန်ယဲ့ က “အဲဒီအကြောင်းအရာကို

ဆက်မပြောနဲ့။ ဒုတိယအစ်မကို တွေ့ဖို့

တစ်ခါတည်းလိုက်လာမလား။

သူနိုးလာတဲ့အခါ

ပထမဆုံးမြင်ချင်တာကတော့

မင်းတို့အားလုံးကို တွေ့ချင်တယ်လို့

ငါထင်တယ်”

ငရဲကေရီ က ခဏလောက်စဉ်းစားပြီး "ကောင်းပြီ"

ယန်ယဲ့ က ကြုတ်ကို ငရဲကေရီထံ လွှဲပေးလိုက်ရင်း "ဇိအာ က အခုအဆင်ပြေပါပြီ။ သူ့မနိုးခင်အချိန် လေးတစ်ခုပဲရှိတယ်"

ယန်ယွဲ့ က ဆက်ပြောသည် "မှန်တယ်၊ မင်းကိုမေးစရာရှိတယ်"

ငရဲဧကေရီ က သူ့ကို စိုက်ကြည့်နေသည်။

ယန်ယွဲ့ က "မင်းတို့ရဲ့ခန်းမသခင် ရှောင်စီးယောင် အကြောင်း ဘာသိထားလဲ"

"ခန်းမသခင် ရှောင်စီးယောင်

လား" ငရဲကေရီက အနည်းငယ်

မျက်မှောင်ကြုတ်ကာ “ဘာလို့လဲ”

ယန်ယွဲ့ က ခေါင်းခါလိုက်ပြီး

"မေးကြည့်ရုံပဲ"

ငရဲကေရီ က ယန်ယွဲ့ ကို

တစ်ချက်ကြည့်ကာ "ငါ

သူ့အကြောင်းသိပ်မသိဘူး၊ ငါသိတာက

သူမဟာ အမြဲတမ်း

လျှို့ဝှက်ဆန်းကြယ်နေခဲ့တာ။ အကြီးဆုံး

အစ်မပဲ နည်းနည်းပိုသိတယ်"

ကောင်းကင်ကေရီ လား...

ယန်ယွဲ့ က "သူမ ဘယ်သွားတာလဲ"

ငရဲကေရီ က "ဝိညာဉ်မျိုးနွယ်။ သူမက

တစ်စုံတစ်ခုကို ရှာဖွေဖို့

သွားတာထင်တယ်။ ဟုတ်တယ်၊ နင်က ခန်းမသခင်ရှောင်စီးယောင် အကြောင်း ရှုတ်တရက်မေးတယ်ဆိုတော့ သူမ ထွက်လာပြီလား "

ယန်ယဲ့ က ခဏမျှစဉ်းစားပြီး ခေါင်းခါလိုက်သည် "ဒါက ဘာမှအရေးမကြီးဘူး။ ဘာပဲဖြစ်ဖြစ် တခြားလုပ်စရာတွေ ရှိသေးလို့ ဒီမှာပဲ

နှုတ်ဆက်တာပေါ့။ နောက်နေ့
လာလည်မယ်"

စကားပြောပြီးသည်နှင့် ယန်ယဲ့က
အနည်းငယ်ပင် မဆိုင်းမတွဘဲ
ထွက်ခွာသွားသည်။

ငရဲကေရီ က မတားလိုက်ဘဲ အနည်းငယ်
မျက်မှောင်ကြုတ်နေခဲ့၏။

ယန်ယဲ့ ထွက်သွားပြီး ၁၅
မိနစ်အကြာတွင် အခန်းထဲ၌
အနက်ရောင်အရိပ်တစ်ခု
ပေါ်လာခဲ့သည်။

ငရဲကေရီ၏ မျက်လုံးများက
အနည်းငယ်ကျဉ်းမြောင်းသွားကာ
လက်သီးများကို ဖြည်းညှင်းစွာ
ဆုပ်လိုက်သည်။ အနက်ရောင်အရိပ်က
စကားမပြောသေးဘဲ မျက်နှာပြင်မှ

ပုဝါစကို ရုတ်တရက်

ဖယ်ရှားလိုက်သည်။

ငရဲကေရှီက မျက်လုံးများ

အနည်းငယ်ကျယ်လာကာ "ဒါက

နင်ကိုယ်တိုင်ပဲ"

အနက်ရောင်ဝတ်ရုံက ခေါင်းညိတ်ပြပြီး

“ငါနဲ့လိုက်ခဲ့”

ငရဲကြေရှီ က နေရာတွင်

ခဏငြိမ်သက်သွားသည်။ ထို့နောက်

အနက်ရောင်အရိပ်နောက်ကနေ

လိုက်ပါသွားသည်။

.....

မြို့ထဲတွင်...

ယန်ယဲ့ ပြန်ပေါ်လာသည့်အခါ

သက်လတ်ပိုင်းအမျိုးသားတစ်ဦးနှင့်

အဘိုးကြီးတစ်ယောက်က သူ့ရှေ့တွင်

ပိတ်ရပ်ထားခဲ့သည်။

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ ကို

သနိအပြည့်ထား စိုက်ကြည့်ကာ “မင်းက

ဘယ်သူလဲ” ဟု မေးလိုက်သည်။

ယန်ယဲ့ က ပြန်မဖြေဘဲ

"မှန်းကြည့်ရအောင်။

မင်းတို့နှစ်ယောက်က

ဟိုအရှူးကောင်အတွက်

ရောက်လာတာလို့ ငါထင်တယ်။

ဟုတ်တယ်မလား"

သက်လတ်ပိုင်းအမျိုးသား က

"ဟုတ်တယ်" အေးစက်စက်အသံဖြင့်

ပြန်ဖြေသည်။

ယန်ယဲ့ က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

"မင်းတို့အားလုံး

ထွက်သွားသင့်ပြီထင်တယ်"

သက်လတ်ပိုင်းအမျိုးသားက

“ဒါကိုလုပ်ဖို့

ငါတော်တော်ဝန်လေးနေတယ်”

ယန်ယဲ့ က ခေါင်းညိတ်ပြပြီးနောက်

နေရာတွင်ပင်

ပျောက်ကွယ်သွားသည်။ သူပျောက်ကွ

ယ်သွားသည်နှင့် တပြိုင်နက်

သက်လတ်ပိုင်းအမျိုးသား နှင့် အဘိုးကြီး

တို့နှစ်ယောက်လုံး

မျက်နှာပျက်သွားကြသည်။

သက်လတ်ပိုင်းအမျိုးသားက

တိုက်ခိုက်ရန်ပြင်လိုက်သော်လည်းနောက်

ကျသွားပါပြီ။ လက်တစ်ဖက်က
သူ့လည်ချောင်းကို ဖမ်းဆုပ်ကိုင်ထား၏။

ယန်ယဲ့က သက်လတ်ပိုင်းအမျိုးသားကို
ဖြည်းညှင်းစွာ မြှောက်လိုက်ပြီး
"ပညာရှင်အဆင့် အောက်က
ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူး။
ပညာရှင်အထက်ဆင့်
တောင်နည်းနည်းလောက်ပဲဂရုစိုက်တယ်
။ မင်းက ကိုယ့်သေတွင်းကို

တူးနေမှတော့ မင်းရဲ့ဆန္ဒကို
ငါဖြည့်ဆည်းပေးလိုက်မယ်"

ခလွပ်...

စကားဆုံးသည်နှင့်
သက်လတ်ပိုင်းအမျိုးသား၏ခေါင်းက
လည်ပင်းကနေ ပြုတ်ထွက်သွားသည်။

ယန်ယဲ့ က ကျန်နေသော လူများကို
စိုက်ကြည့်လိုက်သည် ။ တစ်ယောက်က
ကမန်းကတန်းဖြင့် “ငါတို့
ကျေကျေနပ်နပ်ကြီး...”

ထိုစကားပြောပြီးသည်နှင့်
ကောင်းကင်ဆီသို့ တဟုန်ထိုး
ပြေးထွက်သွားကြတော့သည်။

ယန်ယဲ့ က ပခုံးတွန့်ကာနေရာတွင်ပင်

ပျောက်ကွယ်သွားသည်။

ယန်ယဲ့ ပျောက်သွားပြီး

သိပ်မကြာခင်မှာပဲ

သူရပ်နေသည့်နေရာတွင်

အနက်ရောင်ဝတ်ရုံနှင့်

ငရဲစေကရီတို့ပေါ်လာကြသည်။

အနက်ရောင်ဝတ်ရုံက “သူက
နင်တို့အားလုံးနဲ့ နီးစပ်သလား” ဟု
မေးသည်။

ငရဲကေရီ က ခေါင်းညိတ်လိုက်သည်။

အနက်ရောင်ဝတ်ရုံက "တကယ်တော့
သူသေသင့်တယ်"

ငရဲကေရီ က အနက်ရောင်ဝတ်ရုံကို စိုက်ကြည့်လိုက်ရာ “သူက စကြာဝဠာကြီးရဲ့ မရေရာတဲ့ အချက်တစ်ချက်ပဲ” ဟု ထပ်ပြောသည်။

ငရဲကေရီ က "ဘာကိုဆိုလိုတာလဲ"

အနက်ရောင်ဝတ်ရုံက “ငါတို့ကို ထူးထူးခြားခြားခံစားမိစေတယ်။ အနာဂတ်မှာ မသေချာတဲ့ အရာ

ရှိမနေစေချင်ဘူး၊ သူက

တစ်ယောက်ထဲပဲ။ ကံမကောင်းစွာပဲ၊ သူ့

နောက်မှာ အရမ်းကြောက်စရာကောင်းတဲ့

အရာနှစ်ခုရှိတယ်၊ ငါတို့တောင်မှကြော

က်နေရတယ်လို့ ပြောရမယ်"

ငရဲကေရီ က “ဖန်ဆင်းရှင်တွေထက်

ပိုကြောက်စရာကောင်းသလား”

ဟုမေးလိုက်သည်။

အနက်ရောင်ဝတ်ရုံက ခေါင်းလောင်းလို

သိမ်မွေ့သော အသံဖြင့်

ရယ်မောလိုက်သည်။ ထို့နောက်

ကောင်းကင်အဝေးဆီသို့

မျှော်ကြည့်ကာ

“ဖန်ဆင်းရှင်(မျိုးဆက်ဟောင်း)တွေက

ဒီလောကမှာ

တကယ်ကြောက်စရာကောင်းပါတယ်။

သူတို့မှာ ကိုယ်ပိုင်အင်အားစုတွေနဲ့
အဆက်အသွယ်ကောင်းတွေ ရှိတယ်"

အနက်ရောင်ဝတ်ရုံက သူ့စကားကို
ခဏရပ်ပြီး
“အမိုးအကာမရှိ(လေလွင့်)ကျင့်ကြံသူ
တွေက တကယ်တော့
ကြောက်စရာအကောင်းဆုံးပဲ။ သူတို့မှာ
တွယ်တာစရာ ဘာအနှောင်အဖွဲ့မှ မရှိဘူး၊
ဒါပေမဲ့ သိပ်ပြီးတော့

ဂရုစိုက်တတ်တယ်။ သူတို့

အလေးထားတဲ့ အရာတွေ

ပျောက်ကွယ်သွားရင်တော့ နောက်ထပ်

အဆက်အနွယ်တွေ မရှိတော့ဘဲ

ဖြစ်နေလိမ့်မယ်။ အဲဒီလူတွေက

ကြောက်စရာအကောင်းဆုံးပဲ။ယန်ယွဲ့ရဲ့

နောက်ကွယ်မှာ ရပ်တည်နေတဲ့

ဒီတည်ရှိမှုနှစ်ခုက ဒီလိုဖြစ်တည်မှုဖြစ်လို့

ငါတို့ သူ့ကို မထိရဲဘူး။ ပြီးတော့

အဲဒီနှစ်ခုက တခြားဘာကိုမှ

စိုးရိမ်စရာမရှိဘူး။ ဒီတော့  သူတို့ရဲ့

လက်စားချေမှုကို ငါတို့ ခံနိုင်ရည်ရှိမှာ

မဟုတ်ဘူး”

ငရဲကေရီ က "ဒါဆို သူက

အရမ်းမလုံခြုံဘူးလား"

"လုံခြုံမလား" အနက်ရောင်ဝတ်ရုံက

လှောင်ပြောင်ရယ်မောရင်း “သူက

အန္တရာယ်အရှိဆုံးပဲ။ ဒီလူက
နတ်မျိုးနွယ်၊ မဟာလမ်းစဉ် ၃ ခု၊
မကောင်းဆိုးဝါးယင်ဝိညာဉ်၊
သမိုင်းမတင်မီမျိုးနွယ်နဲ့
ပတ်သက်နေတယ်။ အဓိကကတော့
သူ့မှာ တာအိုလမ်းစဉ်ရဲ့
အမြင့်မြတ်ဆုံးရတနာနဲ့ဝိညာဉ်အင်ပါယာ
ရှိနေတာပဲ။ အဲဒါတွေ အားလုံးကို
ပေါင်းလိုက်တော့ သူ့အနေနဲ့ လုံးဝ

မလုံခြုံဘူး။ အထူးသဖြင့်

ဝိညာဉ်အင်ပါယာ

။ အဆုံးသတ်အချိန်တွေ

ရောက်လာပြီဆိုတော့

ဝိညာဉ်အင်ပါယာက

ဘာကိုဆိုလိုသလဲဆိုတာ

နင်ထင်ထားတာထက်ကိုကျော်နေပြီ။

အဲဒီအချိန်မှာ အင်အားစုတိုင်းက

ရယူလိုတဲ့

လောကရတနာဖြစ်လာလိမ့်မယ်။

လုံခြုံအောင် ထိန်းထားနိုင်မှာ

မဟုတ်ဘူး”

ငရဲကေရီ က တိတ်ဆိတ်သွားသည်။

"တကယ်တော့..." ဤအတောအတွင်း

အနက်ရောင်ဝတ်ရုံက ဆက်ပြောသည်

"နတ်မျိုးနွယ်ရဲ့ ဗျူဟာမှူးကို ငါ

တကယ်ပဲ

လေးစားမိပါတယ်။ ပညာရှင်ခန္ဓာကိုယ်က မျှော်လင့်ထားတဲ့အတိုင်းပဲ။ သူမရဲ့ ဉာဏ်ပညာက လုံးကိုပြီးပြည့်စုံတယ်။ အင်အားစုတွေထဲမှာ နတ်မျိုးနွယ်တစ်ခုပဲယန်ယွဲ့နဲ့ ဆက်ဆံရေးကောင်းတယ်။ ဒီတော့ နတ်မျိုးနွယ် ပြဿနာတက်ရင် ယန်ယွဲ့က ကျိန်းသေကူညီလိမ့်မယ်။ ကံမကောင်းစွာပဲ…”

ငရဲကောရီ က "ကံမကောင်းစွာနဲ့ ဘာလဲ"

အနက်ရောင်ဝတ်ရုံက “ရှိထျန်း
ပြန်မလာနိုင်ရင် နတ်မျိုးနွယ်က
ဒုတိယအဆင့်အင့အားစုအနေနဲ့ပဲ
ကျန်တော့တယ်။ ငါတို့ကို မပြောနဲ့တော့၊
မဟာလမ်းစဉ် ၃ ခုက
တစ်ခုခုပေးဆပ်လိုက်ရင် လွယ်လွယ်
လေး ဖျက်ဆီးနိုင်မယ်"

"ရှီထျန်း လား..." ငရဲဧကေရီ က အနည်းငယ် မျက်မှောင်ကြုတ်ကာ "သူ အသက်ပြန်ရှင်နိုင်မလား"

အနက်ရောင်ဝတ်ရုံက "ငါမသိဘူး၊ ဒါပေမဲ့ ရှီထျန်း က ထူးခြားဆန်းကြယ်တဲ့ပညာရှင်ပဲ။ သူ ရှိနေရင် နတ်မျိုးနွယ်က အဆုံးသတ်အချိန်တွေမှာ ရှင်သန်နိုင်လိမ့်မယ်။ မဟုတ်ရင်

နတ်မျိုးနွယ်ဟာ သမိုင်းထဲက

ပျောက်သွားရလိမ့်မယ်။ သေခြင်းနဲ့ပဲ

အဆုံးသတ်ရမှာသေချာပါတယ်။ ကွန်

ဖြူူးရှပ်လမ်းစဉ်ကို ထုတ်ပယ်ပြီးပြီ”

ငရဲကေရီ က "ကွန်ဖြူူးရှပ်လမ်းစဉ် ကို

ဘာ့ကြောင့် ဖယ်ရှားလိုက်တာလဲ”

အနက်ရောင်ဝတ်ရုံက

လေးလေးနက်နက်တွေးတောပြီး

“ကွန်ဖြူးရှပ်ဖန်ဆင်းရှင် က လူကောင်းတစ်ယောက်ဖြစ်နေလို့” ဟုပြန်ဖြေသည်။

ငရဲကေရီ က "တကယ့် နောက်ကွယ်က..."

အနက်ရောင်ဝတ်ရုံက “မျိုးဆက်ဟောင်းတွေ အားလုံးထဲမှာ ကွန်ဖြူးရှပ်ဖန်ဆင်းရှင်က အထွတ်အထိပ်ရောက်နေပြီ။ သူက

အဲဒီနောက်ဆုံးအဆင့်ကို

တက်နိုင်ခြေအရှိဆုံးပဲ။ ဒါပေမဲ့ အဲ့ဒါ

ကြောင့်ပဲ သူ့ကို အမြန်ဖယ်ရှားလိုက်

ရတယ်။ သူအောင်မြင်ပြီးတာနဲ့ ရှေ့ကို

ခြေတစ်လှမ်း လှမ်းလိုက်ရင်တောင်မှ

ဒီလောကရဲ့ သမိုင်းဟာ

ပြောင်းလဲသွားမှာပါ။ ဒါဟာ

မရေမတွက်နိုင်တဲ့ လူတွေကို

မမြင်ချင်ဆုံးအရာတစ်ခုပါပဲ။ ဒါကြောင့်

သူဘယ်တော့မှ

အောင်မြင်မှာမဟုတ်ဘူးလို့

ယူဆထားတယ်။ ဒါကို သူလည်း

သိတဲ့အတွက် ကြိုးစားဖို့ ဘယ်တော့မှ

မရွေးချယ်ခဲ့ပါဘူး။ ကံမကောင်းစွာပဲ၊

အဆုံးမှာ သူ ဒါကို

ဆက်ပြီးမဖိနှိပ်နိုင်တော့ဘူး”

အနက်ရောင်ဝတ်ရုံက ခေါင်းခါပြပြီး
“နင်သိလား။ အဲဒီနေ့မှာပဲ ဖန်ဆင်းရှင် ၇
ပါးက သူ့ကို တိုက်ခိုက်ခဲ့တာ"

မျိုးဆက်ဟောင်း ၇ ယောက် ။

ငရဲကေရီ က အံ့သြသွားသည်။

ဤအတောအတွင်း
အနက်ရောင်ဝတ်ရုံက ယန်ယဲ့

ထွက်ခွာသွားသော နေရာကို ရုတ်တရက် ကြည့်လိုက်ပြီး "အဲဒီလူက တော်တော် ရဲတင်းတယ်။ တကယ်ပဲ ကွန်ဖြူးရှပ်ဖန်ဆင်းရှင်ရဲ့ တစ်စုံတစ်ခုကိုလက်ခံယူရဲတယ်။ ဘယ်သူကမှ မသိဘူးလို့ သူထင်နေတာလား”

ငရဲဧကရီ က “သူ့ကို တားဖို့ မကြိုးစားကြဘူးလား” ဟု မေးပါသည်။

"ဒါပေါ့..." အနက်ရောင်ဝတ်ရုံက
"တကယ်တော့ သူက
ကွန်ဖြူးရှပ်လမ်းစဉ်မှာ သေသင့်တယ်"

ငရဲကောရီ က “ဒါဆို သူ ဘယ်လို
အသက်ရှင်ခဲ့တာလဲ”
ဟုထပ်မေးပါသည်။

အနက်ရောင်ဝတ်ရုံက ငရဲကောရီ ကို
စူးစိုက်ကြည့်ကာ "ကိုယ်တိုင်ပဲ

ကြည့်လိုက်"ဟု ပြောပြီး
ညာဖက်လက်ဖဝါးကို လှန်လိုက်သည်။

ငရဲကောရီ ကြည့်နေစဉ်မှာပဲ ရှေ့တွင်
အလင်းတန်းတစ်ခု ပေါ်လာသည်။
ဖန်သားပြင်ထဲ၌ ယန်ယဲ့၏ပုံရိပ်
ပေါ်လာသည်။ ဒီအချိန်မှာ ယန်ယဲ့က
ကွန်ဖြူးရှပ်ကမ္ဘာတွင် ရှိနေသည်။

အထက်ကောင်းကင်ယံ၌ လူအိုကြီး ၂
ယောက်က ယန်ယဲ့ကို ငုံ့ကြည့်လျက်
တိုက်ခိုက်လုဆဲဆဲ ။

ဤအချိန်တွင် သူတို့ရှေ့၌
လက်မဲ့လူတစ်ယောက် ပေါ်လာသည်။

လက်မဲ့လူက လည်ပင်းကြောများ
ဖြေလျော့ရင်း "ဘာလို့ မကြိုးစားတာလဲ"

ဖန်သားပြင်ထဲတွင်....

လက်မှဲ့လူက ဖန်ဆင်းရှင် ၂ ပါးက

မျက်နှာမူကာ

အေးစက်စက်အမူအရာဖြင့်စူးစိုက်ကြည့်

နေခဲ့သည်။

ထို့အပြင် သူ၏အော်ရာက ဖန်ဆင်းရှင် ၂

ပါးထက်တောင် မနိမ့်ကျပေ။

အဘိုးကြီးနှစ်ယောက်က

အကြည့်ချင်းဖလှယ်ကြသည်။

မီးခိုးရောင်ဝတ်ရုံအဘိုးကြီးက “မင်းက

ဘယ်သူလဲ” ဟု မေးလိုက်သည်။

လက်မဲ့လူက သူတို့နှင့် ၁၀

မီတာအကွာအထိ ဖြည်းညှင်းစွာ

လျှောက်လာရင်း “မင်းတို့တွေက

ဘယ်အဖွဲ့အစည်းက

ဘယ်လိုရည်ရွယ်ချက်လဲဆိုတာ

ငါဂရုမစိုက်ပါဘူး၊ ဒါပေမဲ့ မင်းတို့ သူ့ကို မထိရဘူး”

အဘိုးကြီးတစ်ယောက်က ရုတ်တရက်ပြောလိုက်သည် “မင်းကိုယ်မင်း အရမ်းယုံတယ်"

လက်မဲ့လူက “မင်းတို့နှစ်ယောက်လုံးကို မသတ်နိုင်ရင်တောင်

ဒုက္ခတိဖြစ်သွားတဲ့အထိရိုက်နိုင်သေးတယ်။ စမ်းကြည့်ချင်သလား"

အဘိုးကြီးတစ်ယောက်က “ငါတို့လုပ်မယ်”

ထိုစကားပြောပြီးသည်နှင့် လက်မဲ့လူကနေရာတွင်ပင် ပျောက်သွားခဲ့သည်။

ဤအချိန်တွင် ဖန်သားပြင်ပေါ်ရှိ

မြင်ကွင်းက ရုတ်တရက် ရပ်သွားသည်။

Translated By NyiNyiSoe

May Be:

အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၅၀၉ - သိုင်းဝိညာဉ်သားရဲ

အနက်ရောင်ဝတ်ရုံက “ဒီကလေးအတွက် စိတ်ပူလို့ မေးတာလား”

ငရဲကောရီ က တိတ်ဆိတ်နေ၏။

အနက်ရောင်ဝတ်ရုံက “စိတ်မပူပါနဲ့။ သူ့နောက်ကွယ်မှာ ရှိနေတဲ့အရာနှစ်ခုကို မဖြေရှင်းမချင်း ငါတို့က သူ့ကိုမထိဘူး။ လာ… နင့်ရဲ့ တခြားညီအစ်မတွေကို သွားရှာရမယ်"

အနက်ရောင်ဝတ်ရုံက

လှည့်ထွက်သွားသည်။

ငရဲဧကရီ က

အချိန်တော်တော်ကြာသည်ထိ

ငြိမ်သက်နေပြီးမှ အနက်ရောင်ဝတ်ရုံ၏

နောက်ကို လိုက်သွားခဲ့သည်။

...

ယန်ယဲ့ သည် မြို့မှ ထွက်လာသည်နှင့်
တစ်ပြိုင်နက် ဓားပျံကို
အရှိန်မြှင့်လိုက်သည်။
အချိန်သိပ်မကြာလိုက်ဘဲ လူသားကမ္ဘာမှ
အာကာသပြင်ထဲသို့ ရောက်လာခဲ့သည်။

၆ နာရီခန့်အကြာတွင် သူ့ရှေ့၌
ရောမမြို့ကြီးတစ်မြို့ ပေါ်လာသည်။

သိုင်းအင်ပါယာမြို့တော် ။

လက်ရှိတွင် သူက အန်နန်ကျင်းကို
ပြန်ခေါ်ဖို့ရည်ရွယ်ထား၏။

သိုင်းအင်ပါယာမြို့တော်က
မျိုးနွယ်ခြားမဟာမိတ်အဖွဲ့၏
ပိုင်နက်ထဲတွင်မဟုတ်ပါ။ မဟာလမ်းစဉ်
၃ ခုနှင့် သက်ဆိုင်သောနယ်မြေလည်း
မဟုတ်ပေ။ ထို့ကြောင့် ယန်ယဲ့ သည်

သူ့ကိုယ်သူ ဖုံးကွယ်မထားတော့ပါ။
ယခင်က သိုင်းကေရာဇ်အကယ်ဒမီကို
ရောက်ဖူးသော်လည်း
အန်နန်ကျင်းရှိနေမည်ဟု
မမျှော်လင့်ထားခဲ့ပေ။

ယန်ယဲ့သည်
သိုင်းကေရာဇ်အကယ်ဒမီသို့
ပေါ်တင်ရောက်ချလာသည်။
ရုတ်တရက်ဆိုသလို သူ့ရှေ့တွင်

သက်လတ်ပိုင်းအဘိုးကြီးတစ်ဦးပေါ်လာသည်။

အဘိုးကြီးက ယန်ယဲ့ကို တစ်ချက်စိုက်ကြည့်ရင်း “ယန်ယဲ့ လား”

ယန်ယဲ့ က သူ့ကို တစ်ချက်ကြည့်လိုက်ပြီး "မင်းငါ့ကိုမှတ်မိလား"

အဘိုးကြီးက ပြုံးပြီး “ဘာလို့
မသိရမှာလဲ။ငါနဲ့လိုက်လာခဲ့"

ထိုစကားပြောပြီး လှည့်ထွက်သွားသည်။

ယန်ယဲ့ သည် ခဏတုံ့ဆိုင်းသွားပြီး
သူ့နောက်ကို လိုက်သွားသည်။

အဘိုးကြီးက ယန်ယဲ့ကို
မြောက်ပိုင်းသိုင်းတောင်တန်း

ဟုခေါ်သည့် တောင်ထိပ်သို့

ခေါ်ဆောင်လာသည်။

တောင်ထိပ်ပေါ်တွင်

ဝါးအိမ်တစ်လုံးသာရှိခဲ့သည်။

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို

ခေါ်ဆောင်လာပြီးနောက်

ပြန်ထွက်သွား၏။

ယန်ယဲ့ သည် ဝါးအိမ်ထဲသို့

ဝင်သွားလိုက်သည်။ အထဲ

ရောက်သည်နှင့် အဘိုးကြီးတစ်ဦး
ထိုင်နေသည်ကို တွေ့လိုက်ရသည်။

ယန်ယဲ့ ကိုမြင်သောအခါ အဘိုးကြီးက
ပြုံးပြီး “ငါက ဒုဗ္ဗာနမ္မူးပါ”

ယန်ယဲ့ က “ဒုဗ္ဗာနမ္မူး၊ ငါ
ပွင့်ပွင့်လင်းလင်းပဲပြောတာပေါ့။
ငါ့မိတ်ဆွေကိုရှာဖို့ရောက်လာတာပဲ။

သူ့နာမည်က အန်နန်ကျင်း လို့ခေါ်တယ်။
အခု သူမ ဘယ်ရောက်နေသလဲ"

"အဲ့ကောင်မလေးလား" ဒုဌာနမှူးက
"မင်းသူ့ကိုတွေ့ဖို့လာတာလား"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

ဒုဗ္ဗာနမ္မူးက ခဏတိတ်ဆိတ်သွားပြီး

"အမှန်အတိုင်းပြောရရင်

ငါမင်းကိုမတွေ့စေချင်ဘူး"

ယန်ယဲ့ က အံ့သြသွားပြီး "ဘာလို့လဲ"

ဒုဗ္ဗာနမ္မူးက “မင်းရဲ့

လက်ရှိအခြေအနေကို

ငါသေချာသိတယ်။ တကယ်လို့ သူမ

မင်းနဲ့ဆက်သွယ်လိုက်ရင်
တချို့အင်အားစုတွေက
ပစ်မှတ်ထားလိမ့်မယ်။ မင်းက သူ့ကို
ပစ်မှတ်ထားစေချင်တာလား"

ယန်ယဲ့ က
ခဏမျှတိတ်ဆိတ်သွားပြီးနောက်
ပြုံးလိုက်ပြီး "ဒါက ငါနဲ့ သူမကြားက
ကိစ္စပဲ"

အခြားသူဆိုပါက

အာရုံခံနေမည်မဟုတ်ပေ။ သို့သော်လည်း

အနံ့နန်ကျင်း ကတော့ မတူပါ။ သူမကို

တမင်ချန်ထားခဲ့ပါက သူ့အပေါ်

ဒေါသထွက်နေမည်မှာသေချာပါသည်။

ထို့အပြင် သူတို့နှစ်ယောက်ကြားက

ဆက်ဆံရေးကို မည်သူမှ

နားမလည်နိုင်ကြပေ။

ဒုဗ္ဗာနမ္မူးက ယန်ယဲ့ ကို
တစ်ချက်ကြည့်လိုက်ပြီး “သူမကို
အခုချက်ချင်း တွေ့လို့မရသေးဘူး”

ယန်ယဲ့ က မျက်မှောင်ကြုတ်လိုက်သည်။

ဒုဗ္ဗာနမ္မူးက "သူမနဲ့တွေ့ဖို့
မင်းကိုငါမတားပါဘူး၊ ဒါပေမဲ့
အခုအချိန်မှာ သူမက
သိုင်းကေရာဇ်ဂူထဲမှာ လေ့ကျင့်နေတယ်။

ဒါဟာ သူမအတွက်

အရမ်းရှားပါးတဲ့အခွင့်အရေးတစ်ခုပဲ"

ယန်ယဲ့ က "သိုင်းကျောင်းဂူဗိမာန် လား"

ဒုဗျာနမ့်မူးက "ဒါက

သိုင်းကျောင်းအကယ်ဒမီရဲ

တည်ထောင်သူဘိုးဘေးနေထိုင်ခဲ့တဲ့နေ

ရာပါ။

အကယ်ဒမီရဲ့ ကျောင်းသား၊ကျောင်းသူ

တိုင်း ဝင်ဖို့ စိတ်ကူးယဉ်ထားတဲ့ နေရာတစ်ခုလို့ပြောနိုင်တယ်။ ဒါပေမဲ့ သိုင်းကျောင်း ချန်ထားခဲ့တဲ့ သိုင်းပညာဥ်သားရဲရဲ့ခွင့်ပြုချက်လိုတယ် ။ ဒီနှစ်တွေမှာ သူမတစ်ယောက်တည်းပဲဝင်ခွင့်ပြုခဲ့တာ။ ဒါဆို သူမက အဲဒီနေရာမှာ ကြီးမားတဲ့အကျိုးကျေးဇူးတွေရလိမ့်မယ်။

အခုအပြင်ခေါ်လိုက်ရင် အခွင့်အရေးကို ဖြုန်းတီးပစ်လိုက်တာပဲ”

ယန်ယဲ့ က ခဏတုံ့ဆိုင်းသွားပြီး "ငါ အဲဒီအထဲကို ဝင်လို့ရမလား" ဟူ မေးလိုက်သည်။

ဒုဗှာနမ္မူးက တော်တော်အံ့ဩသွားပြီး “မင်းအဲဒီကို ဝင်ချင်လား”

ယန်ယဲ့ က "ငါကြိုးစားကြည့်ချင်တယ်"

ဒုဌာနမှူးက ခဏလောက်စဉ်းစားပြီး

"ကောင်းပြီ"

စကားပြောပြီးသည်နှင့် သူ့ညာလက်ကို

ညင်သာစွာ ဝှေ့ယမ်းကာ နှစ်ယောက်စလုံး

အိမ်ထဲမှ ပျောက်ကွယ်သွားကြသည်။

ဒုဿာနမှူးက ယန်ယဲ့ ကို
သိုင်းကောရာဇ်ဂူပိမာန်
သို့ခေါ်သွားခဲ့သည်။ အမှန်တော့
လှိုဏ်ဂူတစ်လုံးပင်။ သိပ်တော့
ကြီးမားခြင်းမရှိပေ။

ဒုဿာနမှူးက ယန်ယဲ့ကို စိုက်ကြည့်ရင်း
“ဒီနေရာပဲ” ဟုပြောလိုက်သည်။

ယန်ယဲ့ က ခေါင်းညိတ်ပြပြီး

ဂူဗိမာန်ဆီသို့

လျှောက်သွားသည်။ ဂူဝင်ပေါက်ကနေ ၂

မီတာအကွာကို ရောက်လာချိန်တွင်တော့

မမြင်နိုင်သော စွမ်းအားလှိုင်းများက

တားဆီးလာခဲ့သည်။ တစ်ချိန်တည်းမှာပ

င် သူ့ရှေ့၌ သက်ရှိငယ်လေးတစ်ကောင်

ပေါ်လာသည်။

နတ်ဆိုးအကောင်ငယ်လေးသည်

ကျားနှင့်တူသော်လည်း

၎င်း၏ဦးခေါင်းတွင်

အနက်ရောင်ဦးချိုတစ်ချောင်း

ပါရှိသည်။ ထို့အပြင် ၎င်း၏ နဖူးထက်၌

အနက်ရောင် '武' စာလုံး ရှိနေလေသည်။

ထို့အပြင် ပုစဉ်းရင်ကွဲအတောင်များကဲ့သို့

ပါးလွှာသော အတောင်ပံတစ်စုံပါရှိသည်။

ဤအခိုက်အတန့်မှာ ယန်ယွဲ့၏လမ်းကို
ပိတ်ဆို့နေလေသည်။

၎င်းက သိုင်းဝိဉာဉ်သားရဲ ဖြစ်သည်။

ယန်ယွဲ့ က သားရဲလေးကို
တစ်ချက်ကြည့်လိုက်ပြီး ဂူကို ညွှန်ပြကာ
"အထဲကို ဝင်ချင်တယ်"

သိုင်းဝိညာဉ်သားရဲ က
ခေါင်းယမ်းလိုက်သည်။ ထို့နောက်
မမြင်နိုင်သောစွမ်းအားတစ်ခုက
ယန်ယွဲ့ကို နောက်သို့ အဆက်မပြတ်
တွန်းထုတ်လိုက်သည်။

ယန်ယွဲ့ က ဒုဌာနမှူးအား
စိုက်ကြည့်လိုက်သည်။ ဒုဌာနမှူးက
"ကြည့်ရတာ မင်းကို
အသိအမှတ်မပြုဘူးထင်တယ်"

ယန်ယဲ့ က ခဏလောက်စဉ်းစားပြီး

သူ့ရင်ဘတ်ကို ပုတ်လိုက်၏။ နှင်းပွင့်က

သူ့ရင်ဘတ်မှ ထွက်လာလေသည်။

နှင်းပွင့် ကိုမြင်သောအခါ

သိုင်းဝိညာဉ်သားရဲက

ချက်ချင်းရပ်သွားသည်။ ယန်ယဲ့ လည်း

ဆက်တိုက်နောက်ပြန်ဆုတ်နေရာမှ

ရပ်တန့်သွားသည်။

ဝိညာဉ်အင်ပါယာ...

ဒုဗ္ဗာနမ္မူးက မျက်နှာပေါ်တွင်
လေးနက်သောအမူအရာ ရှိနေသည်။

ယန်ယဲ့ က နှင်းပွင့်လေးအနားကို
တိုးကပ်သွားပြီး “ငါတို့ကို ဝင်ခွင့်ရအောင်
လှည့်စားပါ”

နှင်းပွင့်က ယန်ယဲ့ကို

မျက်တောင်ခတ်ပြပြီး

သိုင်းဝိညာဉ်သားရဲကို

စိုက်ကြည့်နေသည်။ဤအခိုက်အတန့်တွ

င် နှင်းပွင့်၏ကိုယ်လုံးလေးက

ကြီးမားလာသည်။ ထို့နောက်

သူမ၏လက်သည်းကိုဆန့်ကာ

သိုင်းဝိညာဉ်သားရဲကို

လက်ယမ်းပြသည်။

သိုင်းဝိညာဉ်သားရဲက

ခဏတုံ့ဆိုင်းသွားကာ နှင်းပွင့်ဆီကို

ပျံသန်းလာပါသည်။ နှင်းပွင့် က

သူမ၏လက်သည်းကိုဆန့်ပြီး

ဂူဗိမာန်သို့ညွှန်ပြလိုက်သည်။

သိုင်းဝိညာဉ်သားရဲ က

နှင်းပွင့်၏ဆိုလိုရင်းကို

ရှင်းရှင်းလင်းလင်းနားလည်ပုံရသည်။

ခဏကမျှ တုံ့ဆိုင်းသွားသော်လည်း
ခေါင်းညိတ်ပြီး သဘောတူခဲ့သည်။

နှင်းပွင့် က ယန်ယဲ့ကို စိုက်ကြည့်ကာ
နှစ်ယောက်သား ဂူဗိမာန်ဆီသို့
စတင်လျှောက်လာခဲ့သည်။ သိုင်းဝိညာဉ်
သားရဲ က သူတို့ရှေ့တွင် ပိတ်ကာ
ယန်ယဲ့ကို ညွှန်ပြပြီး
ခေါင်းယမ်းလိုက်သည်။

ယန်ယဲ့၏မျက်နှာက

မည်းမှောင်သွားသည်။ ထိုသောက်ကျိုးန

ည်းသားရဲ ့က နှင်းပွင့်ကိုသာ

ဝင်ခွင့်ပြုသည်ဟုပြောနေလို့ပါ။

ဒါက

ခွဲခြားဆက်ဆံတာပဲမဟုတ်ဘူးလား...

ဤအချိန်တွင် နှင်းပွင့် က ယန်ယဲ့ကို

စိုက်ကြည့်ကာ ဂူကို

ညွှန်ပြသည်။ သိုင်းဝိဇ္ဇာဥ်သားရဲ က

သိသိသာသာစိုးရိမ်လာပုံပင်။

နှင်းပွင့်ကို ညွှန်ပြပြီး ဂူကို ညွှန်ပြကာ

ယန်ယဲ့ကို စိုက်ကြည့်ရင်း

ခေါင်းယမ်းလိုက်သည်။

ဆိုလိုသည်မှာ နှင်းပွင့်က

အထဲဝင်နိုင်သည်။ ယန်ယဲ့ကို

ဝင်ခွင့်မပြုထားပေ။

နှင်းပွင့်၏မျက်လုံးလေးများက

အနည်းငယ်

ပြုံးကျယ်သွားသည်။ သူမက

သိုင်းဝိညာဉ်သားရဲ၏ ခေါင်းကို

ပုတ်ပြီးနောက် သူမကိုယ်သူမ

ညွှန်ပြသည်။အဓိပ္ပာယ်က သူမအား

မျက်နှာသာမပေးချင်ဘူးလား ဟူ၍ပင်။

သိုင်းဝိညာဉ်သားရဲ က

မျက်နှာလေးရှုံ့မဲ့ကာ

မျက်ရည်များကျနေပုံရသည်။

ဤမြင်ကွင်းကြောင့် ဒုဗ္ဗာနမှူးက

အံ့သြသွားသည်။ သိုင်းဧကရာဇ်အကယ်

ဒမီရှိ သိုင်းဝိညာဉ်သားရဲ၏

အဆင့်အတန်းက အခြားသူများထက်

မြင့်မားခဲ့သည်။အကြောင်းမှာ

၎င်း၏နောက်ခံက

ထူးခြားဆန်းကြယ်လှသည်။ ထို့အပြင်
သားရဲလေး၏ စွမ်းရည်ကား
အလွန်ကြောက်စရာကောင်းသည်။

သိုင်းဝိညာဉ်သားရဲ...

အတိတ်တစ်ချိန်က သိုင်းလောကရာဇ်
အနားတွင် လိုက်ပါခဲ့သော
နတ်သားရဲတစ်ကောင်ပါ။

ယခုအချိန်တွင် နှင်းပွင့်ကို

ဆန့်ကျင်နိုင်စွမ်းပင်မရှိခဲ့ပေ။

သိုင်းဝိဉာဉ်သားရဲ က

ဝမ်းနည်းသည့်အမူအရာဖြင့် နှင်းပွင့်ကို

စိုက်ကြည့်ကာ

၎င်း၏ခြေသည်းလေးများကို

အဆက်မပြတ်ဝှေ့ယမ်းပြလိုက်သည်။ ယ

န်ယဲ့ကို ညွှန်ပြပြီး နှင်းပွင့်ကို ညွှန်ပြကာ

သူ့ကိုယ်သူ ညွှန်ပြသည်။ ထို့နောက်

သူတို့နှစ်ယောက်ကို တောင်းပန်သည့်အမူအရာပြလေသည်။

နှင်းပွင့် က ယန်ယဲ့ကို စိုက်ကြည့်နေသည်။

ယန်ယဲ့ က အနည်းငယ် ပြုံးပြီး "ငါတို့ အထဲကို မဝင်ဘူးလို့ ပြောပါ" ဟုပြောလိုက်၏။အမှန်တော့ သူက ဆက်ပြီးမလုပ်နိုင်တော့ပေ။

အင်အားသုံးဝင်ရောက်နိုင်သည်။

သို့သော်လည်း မလုပ်ခဲ့ပေ၊

သိုင်းကျောဇ်အကယ်ဒမီကို

မျက်နှာသာပေးရပေမည်။

အဓိကကတော့ သူသည်

ဝိညာဉ်သားရဲများကို

နှစ်သက်သဘောကျခဲ့သည်။ ထို့အပြင်

သိုင်းဝိညာဉ်သားရဲက နှင်းပွင့်ကို

နှစ်သက်နေကြောင်းမြင်နိုင်သည်။

ယန်ယဲ့၏စကားကို ကြားသောအခါ

နှင်းပွင့်က သိုင်းဝိညာဉ်သားရဲကို

စိုက်ကြည့်ကာ

သူမ၏လက်သည်းများကို

ဝှေ့ယမ်းပြလိုက်သည်။ အထဲကို

မဝင်တော့ဘူးဟုပြောလိုက်တာ။

သိုင်းဝိညာဉ်သားရဲက

စိတ်သက်သာရာရသွားပုံပေါ်သည်။

ဎင်းက

နှင်းပွင့်လေး ဆီကို ဖြည်းညှင်းစွာ ပျံသန်းလာသည်။ သို့သော် နှင်းပွင့် ဒေါ်သထွက်နေမည်ကို အနည်းငယ်ကြောက်နေပုံရသည်။

ဤမြင်ကွင်းကြောင့် ဒုဗ္ဗာနမ္မူးက လုံး၀ စကားမပြောနိုင်လောက်အောင် ဆွံ့အနေခဲ့သည်။

"သောက်ကျိုးနည်း။ မင်းက
ဘာပဲဖြစ်ဖြစ်
ငါ့သိုင်းကျောင်းအကယ်ဒမီရဲ့
နတ်သားရဲလေ။ နည်းနည်းလေး
ပိုပြီးမောက်မာနေလို့မရဘူးလား"

သိုင်းဝိညာဉ်သားရဲ က နှင်းပွင့် ရှေ့တွင်
အိမ်မွေးသားရဲလေးတစ်ကောင်လိုပါ။

နှင်းပွင့်က ၎င်းကို

တစ်ချက်ကြည့်လိုက်ပြီး ခေါင်းပေါ်ရှိ

ချိုကို ညင်သာစွာ ပွတ်ပေးလိုက်သည်။

အမှန်တော့ သိုင်းဝိညာဉ်သားရဲ နှင့်

စကားပြောနေတာပါ။

ခဏအကြာတွင် ယန်ယဲ့က

အကြောင်းစုံကို သိလိုက်၏။

သိုင်းဝိညာဉ်သားရဲ က ဂူဗိမာန်၏
အစောင့်အရှောက် ဖြစ်သည်။

ဂူဗိမာန်ကို စောင့်ကြပ်နေပြီး
သတ်မှတ်ချက်ပြည့်မီသူများသာ
ဝင်နိုင်သည်။ အန်နန်ကျင်းကို
တွေ့ချင်နေသော်လည်း ယန်ယဲ့က
အတင်းမကြိုးစားတော့ပေ။

သူက တစ်ချက်ကြည့်လိုက်ပြီး

"နှင်းခဲလေး၊

ငါတို့နဲ့လိုက်ဖို့ ဆန္ဒရှိလား မေးကြည့်"

“မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး..." ဒုဥာန

မှူးက ရုတ်တရက်

ကမန်းကတန်းပြောလိုက်သည်

“ညီငယ်ယန်၊ လုံးဝမဟုတ်ဘူး။ ဒါဟာ

ငါ့အကယ်ဒမီရဲ့ နတ်သားရဲပါ။ ဒါက

ငါတို့သိုင်းကျောင်းအကယ်ဒမီရဲ့

အမွေအနှစ်ကို

စောင့်ရှောက်ပေးတယ်။ငါတို့…”

ဤအချိန်တွင် မမြင်နိုင်သော

အားလှိုင်းတစ်ခုက ဒုဗ္ဗာနမ္မူးကို အဝေးသို့

တွန်းပို့လိုက်သည်။

ယန်ယွဲ့ နှင့် ဒုဗ္ဗာနမ္မူး တို့နှစ်ယောက်စလုံး

သိုင်းဝိညာဉ်သားရဲကို

စိုက်ကြည့်နေကြသည်။ သေချာသည်မှာ မမြင်နိုင်သောစွမ်းအားက သိုင်းဝိညာဉ်သားရဲ့ထံမှ ထုတအလွှတ်လိုက်တာပါ။

သူတို့ စောင့်ကြည့်နေချိန်တွင် သိုင်းဝိညာဉ်သားရဲ က နှင်းပွင့်လေး ဆီကို ပျံသန်းသွားသည်။ ထို့နောက် အတူလိုက်ပါလိုကြောင်း ခေါင်းညိတ်ပြလေသည်။

ဤသည်ကို မြင်သောအခါ ဒုဗ္ဗာနမ္မူးက ဒေါပွသွားသည်။

ဤအချိန်တွင် သူက ဒေါသပေါက်ကွဲလုမတတ်။

Translated By NyiNyiSoe

May Be:

အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

## အပိုင်း ၂၅၁၀ - အန်နန်ကျောင်း၏ခွန်အား

သိုင်းဝိညာဉ်သားရဲ က နှင်းပွင့် နှင့်အတူ မူလစေတီ ထဲကို ဝင်ရောက်သွားသည်။

ဒုဗ္ဗာနမှူးက ယန်ယွဲ့ကို အလွန်ရန်လိုသည့်မူအရာဖြင့် စိုက်ကြည့်နေသည်။

ယန်ယဲ့ လည်း

တော်တော်လေးရှက်ရွံ့သွားသည်။

အစက အပျော်သဘောဖြင့်

ပြောလိုက်ခြင်းသာ။ သို့သော်

သိုင်းဝိညာဉ်သားရဲ က နှင်းပွင့်ကို

သဘောကျပြီးလိုက်လာမည်ဟုမထင်

ထားပေ။

ဤအချိန်တွင် သိုင်းအင်ပါယာဂူဗိမာန်မှ

အစွမ်းထက်အော်ရာတစ်ခုပျံ့လွင့်လာသ

ည်။ သို့သော်ခဏသာကြာလိုက်၍၊
ချက်ချင်း ပျောက်ကွယ်သွားသည်။

ယန်ယဲ့က ဒုဌာနမှူးကို လှည့်ကြည့်ကာ
“အဲဒါ ဘာဖြစ်တာလဲ”

ဒုဌာနမှူးက “သူမ
အပြင်ထွက်တော့မယ်လို့ ပြောတာ"

တစ်ချိန်တည်းမှာပဲ ပတ်ဝန်းကျင်တွင် မရေမတွက်နိုင်သော အရှိန်အဝါများ ပေါ်လာကာ လူပေါင်း ဒါဇင်ချီ ရောက်ရှိလာကြသည်။

"စီနီယာအစ်မ အန်း ထွက်လာတော့မယ်" တစ်စုံတစ်ယောက်က စိတ်လှုပ်ရှားမှုအပြည့်နှင့် အော်ပြောလိုက်သည်။

“စီနီယာအစ်မအန်း က

ငါတို့အကယ်ဒမီရဲ့ နှစ်ပေါင်း ၁၀၀၀

အတွင်းမှာ

အထူးခြားဆုံးညဏ်ကြီးရှင်ပဲ”

"ပညာရှင်တွေ... ဟမ့်၊ ပညာရှင်တွေက

အခုအချိန်မှာ သူမကို မယှဉ်နိုင်တော့ဘူး။

သူမက အသာလေးရိုက်နှက်နိုင်ပြီ"

ယန်ယဲ့ က အဝေးရှိ ဂူပေါက်ကို
စိုက်ကြည့်ရင်းတွေးနေမိသည်။
အန်နန်ကျင်း က ပညာရှင်တွေကို
တကယ်ပဲအနိုင်ယူနိုင်ပြီလား။

ဤသို့ဖြင့် လူတိုင်းက ဂူဗိမာန်ထဲကနေ
အမျိုးသမီးတစ်ဦး
ဖြည်းညှင်းစွာထွက်လာသည်ကို
စောင့်ကြည့်နေခဲ့သည်။

အဖြူရောင်ဝတ်ရုံဝတ်မိန်းမပျို ။

အန်နန်ကျင်း...

ယန်ယဲ့ က လျှောက်သွားရန် ပြင်လိုက်စဉ် ဟန်ရိုးရာဝတ်စုံဝတ်လူငယ်က အန်နန်ကျင်းရှေ့တွင် ရုတ်တရက်ပေါ်လာသည်။ သူက ပြုံးပြီး "ဂျူနီယာညီမ

အန်း၊ ဂုဏ်ယူပါတယ်”ဟုပြောလိုက်သ
ည်။

အန်နန်ကျင်းက ထိုလူငယ်ကို
ကျော်တက်ကာ ယန်ယဲ့ ဆီသို့
လျှောက်လာသည် "နင်
ရောက်လာပြီလား"

ယန်ယဲ့ က စကားမပြောသေးဘဲ
မျက်နှာပေါ်တွင် အပြုံးတစ်ခု ရှိနေသည်။

အန်နန်ကျင်း...

ဤအချိန်တွင် ဟန်ရိုးရာဝတ်စုံဝတ်လူငယ်၏မျက်နှာက မမြင်နိုင်လောက်အောင် ဖြစ်သွားသည်။

ယန်ယဲ့ က "မင်းရဲ့ ခွန်အားက အခု ဘယ်လိုမျိုးလဲ"

အန်နန်ကျင်းက သူ့ကို စိုက်ကြည့်ပြီး "ကြိုးစားချင်လား"

ယန်ယဲ့ က ပြုံးပြီး "ဒါပေါ့..."

ထို့နောက်တွင် နှစ်ယောက်သား အတူထွက်သွားကြသည်။

ဤမြင်ကွင်းကြောင့် ဤနေရာရှိလူတိုင်း အံ့အားသင့်သွားခဲ့ရသည်။

လူတိုင်းက အန်နန်ကျင်း၏ဒေါသကို

ကောင်းကောင်းသိထားကြသည်။

အနီမိန်းမပျိုက

အေးစက်ခက်ထန်လှသည်။ အနားကို

ချဉ်းကပ်ရန်ကြိုးစားသူတိုင်း

အေးစက်စက်အမူအရာဖြင့်သာ

လစ်လျူရှုခံရပေမည်။

ဘာလဲ...

ဟန်ရှိးရာဝတ်စုံဝတ်လူငယ် က ယန်ယွဲ့နှင့်အန်နန်ကျင်း ရှေ့တွင် ရပ်တရက်ပေါ်လာသည်။

ယန်ယွဲ့ က အံ့သြသွားပြီး "ဘာကိုလဲ... "

ထိုလူငယ်က ပြုံးပြီး “အစ်ကို၊ မင်းက...”

ယန်ယွဲ့ က "ငါက သူ့မိတ်ဆွေ..."

"သူမရဲ့မိတ်ဆွေလား..." လူငယ်က ယန်ယဲ့ကို စိုက်ကြည့်နေသည်။ ဤအချိန်တွင် အန်နန်ကျင်း က "ငါတို့ကို နောက်တစ်ကြိမ် မနှောင့်ယှက်စမ်းနဲ့" ဟု အေးစက်စက်ပြောခဲ့သည်။

ထို့နောက် ယန်ယဲ့ ကိုစိုက်ကြည့်ကာ "သွားရအောင်"

ယန်ယွဲ့ က ခေါင်းညိတ်ပြပြီး ထွက်သွားကြသည်။ သို့သော် ခဏရပ်လိုက်ပြီး ထိုလူငယ်ကို လှည့်ကြည့်ကာ "သူမက ငါ့လူဖြစ်လို့ တွေးမနေနဲ့"

"ဘာလဲ၊ သူမက မင်းရဲ့လူလား" လူငယ်က

ယန်ယွဲ့ရှေ့သို့ ရုတ်တရက်ပေါ်လာပြီး "ဒါက ဟာသတစ်ခုလို့ မထင်ဘူးလား"

ယန်ယွဲ့ က ဂရုမစိုက်ဘဲ "ဟာသလား။ ငါဘယ်တော့မှ ဟာသမပြောတတ်ဘူး"

ထိုလူငယ်က ယန်ယွဲ့ကို အချိန်အတော်ကြာအောင်နေပြီး "မင်း တော်တော်လေးသန်မာပုံရတယ်။ ဒါဆို

ငါတို့တွေ နည်းနည်းပါးပါး ယှဉ်ပြိုင်ရင်ကော၊ အဆင်ပြေလား"

ယန်ယဲ့ ပြန်ပြောရန်ပြင်လိုက်စဉ် ဒုဉာနမှူးက သူတို့နှစ်ယောက်ကြား၌ ရုတ်တရက်ပေါ်လာသည်။ သူက ယန်ယဲ့ကို စိုက်ကြည့်ကာ "ဒီဂျူနီယာလေးတွေကို လစ်လျူရှုလိုက်ပါ" ဟုပြောပါသည်။

ယန်ယဲ့ က ပခုံးတွန့်ကာ နေရာတွင်ပင် ပျောက်ကွယ်သွားသည်။

ဒုဌာနမှူးက ဟန်ရှီးရာဝတ်စုံဝတ်လူငယ်ကို စိုက်ကြည့်ကာ “သူ့မျက်လုံးထဲမှာ သူကလွဲလို့ ဘယ်သူမှ မရှိဘူး ငါကြောက်တယ်”

"သူမနဲ့မထိုက်တန်ဘူး" ထိုလူငယ်က "သူနဲ့တန်တဲ့လူ . ."

"သူက ယန်ယဲ့..." ဒုဠာနမှူးက အေးစက်စက်ပြောလိုက်သည်။

"ဘယ်လို... " လူငယ်၏ မျက်လုံးများက မယုံကြည်နိုင်လောက်အောင် ဖြစ်သွားလေသည်။

ဒုဗ္ဗာနမှူးက ခေါင်းကို
အနည်းငယ်ခါယမ်းကာ “အဲဒီလူကို
မစော်ကားနဲ့”

ထိုနောက် နေရာတွင်
ပျောက်သွားခဲ့သည်။

လူငယ်က နေရာတွင်သာ
အံ့အားသင့်နေဆဲပင်။

...

ယန်ယဲ့ နှင့် အန်နန်ကျင်း တို့သည် ကောင်းကင်ပြင်ထဲသို့ရောက်လာကြသည်။ နှစ်ယောက်သား ခဏရပ်ကာ အာကာသတိုက်ပွဲကွင်းပြင်တစ်ခု ဖန်တီးလိုက်ကြသည်။

ထို့နောက် မျက်နှာချင်းဆိုင်ရပ်ကာ

တစ်ယောက်ကိုတစ်ယောက်

စိုက်ကြည့်နေသည်။

စကားတစ်ခွန်းမှ မပြောခဲ့ပေ။

အန်နန်ကျင်း က ရုတ်တရက်ဆိုသလို

ဖျတ်ခနဲ

ပျောက်ကွယ်သွားသည်။ ထိုခဏလေးမှာ

ပဲ ယန်ယွဲ့ဆီသို့

ပြင်းထန်သော အားလှိုင်းတစ်ခု

ကျရောက်လာသည်။ ယန်ယွဲ့ က

ရှောင်တိမ်းဖို့ မရွေးချယ်ဘဲ

သူ့လက်သီးဖြင့်

ရှေ့ကိုလှမ်းထိုးလိုက်၏။ သို့သော်လည်း

အန်နန်ကျင်းက လက်သီးကို

ရုတ်တရက်ဖြန့်ကာ

ယန်ယွဲ့၏လက်ကောက်ဝတ်ကို

ဖမ်းဆုပ်လိုက်သည်။

ခလွပ်...

ယန်ယဲ့၏ လက်ကောက်ဝတ်ရှိ အရိုးများ

ချက်ခြင်းကွဲကြေသွားသည်။

သို့သော်လည်း တစ်ချိန်တည်းမှာပင်

ယန်ယဲ့၏ခြေထောက်တစ်ဖက်က

မြောက်တက်လာပြီး

အန်နန်ကျင်း၏ဗိုက်ကို

ဖြတ်ကန်လိုက်သည်။ အန်နန်ကျင်း က

ရှောင်တိမ်းဖို့ နောက်ကျသွားသဖြင့် မီတာ

၃၀၀ အကွာသို့

လွင့်ထွက်သွားခဲ့သည်။

ယန်ယဲ့ သည် သူ့ကိုယ်သူ
ရပ်တန့်လိုက်သည်နှင့် အန်နန်ကျင်း
ရှေ့တွင် ပေါ်လာကာ ဒူးတစ်ဖက်ဖြင့်
တိုက်လိုက်ပြန်သည်။

ဤအချိန်တွင် အန်နန်ကျင်းထံမှ
ပြင်းထန်သောအားလှိုင်းတစ်ခုပေါက်ကွဲ
လာသည်။ ယန်ယဲ့၏ ပတ်ပတ်လည်ရှိ

အာကာသပြင်သည် ချက်ချင်း

ကွဲအက်သွားသည်။ ပြင်းထန်သော

အားလှိုင်းက သူ့ကိုယ်ပေါ်ဖိချလာသည်။

ယန်ယဲ့က ပေါ့ပေါ့ဆဆ

မလုပ်ရဲပေ။ သူ့ညာခြေကို မြှောက်ကာ

နောက်သို့ ခြေတစ်လှမ်းဆုတ်

လိုက်သည်။ ထို့နောက် သူ၏

ညာလက်သီးကို ဆုပ်လိုက်ပြီး ရှေ့သို့

လှမ်းထိုးလိုက်သည်။

သို့ရာတွင် အန်နန်ကျင်း က
ထိပ်တိုက်မတိုးပေ။

သူမ၏ခန္ဓာကိုယ်ကို တစ်ပါတ်လှည့်ကာ
ဘေးတိုက်ရှောင်ထွက်သွားသည်။

တစ်ချိန်တည်းမှာပင် သူမ၏လက်ကို
ကြာပွတ်ပုံစံပြောင်းကာ

ယန်ယဲ့၏ဗိုက်ဆီသို့ဖြတ်ရိုက်လိုက်သည်

။

ဘုန်း...

ယန်ယဲ့၏ခန္ဓာကိုယ်က ရှေ့သို့

ကွေးညွတ်သွားကာ လက်တစ်ဖက်က

သူ့လည်ချောင်းကို ဆုပ်ကိုင်ထားသည်။

ဤအချိန်တွင် အနန်ကျင်းက
မျက်နှာပေါ်တွင် အပြုံးတစ်ခု
ပေါ်လာသည်။ ခဏအကြာတွင် ဖျတ်ခနဲ
ပျောက်ကွယ်သွားသည်။

သောက်ကျိုးနည်းအောင် သန်မာတယ်။

တစ်ချိန်တည်းမှာပဲ လက်သီးတစ်ချက်က
သူ့နောက်ကျောကို ထိုးချလိုက်သည်။

အုန်း...

ယန်ယဲ့၏ပုံရိပ်က လွင့်ထွက်သွားသည်။

သို့သော် သူ့ကိုယ်သူ ထိန်းလိုက်ပြီး
လေထဲ၌ရပ်ကာ ဆတ်ခနဲနောက်လှည့်၍
လက်သီးဖြင့် ဖြတ်ထိုးလိုက်သည်။

အန်နန်ကျင်းက
ထိပ်တိုက်ရင်ဆိုင်ခြင်းမပြုပေ။

သူမ၏လက်သီးကိုဖြန့်ကာ လက်ဝါးဖြင့်
ရိုက်ချလိုက်သည်။

လက်သီးနှင့် လက်ဝါး
ရင်ဆိုင်လိုက်သည့်အခါ
ယန်ယဲ့၏မျက်နှာပေါ်တွင်
အပြုံးတစ်ခုပေါ်လာသည်။
ထိုခဏလေးမှာပဲ သူ၏လက်သီးမှ

ပြင်းထန်သော အင်အားလှိုင်းများ ထွက်ပေါ်လာသည်။

အုန်း…

အန်နန်ကျင်းက သတိလွတ်သွားသဖြင့် ၁ ကီလိုမီတာအကွာထိ လွင့်ပျံသွားခဲ့သည်။

သူမ ရပ်လိုက်သည်နှင့် အန်နန်ကျင်း

ညာလက်ကို နောက်ပစ်ထားရင်း

ယန်ယွဲ့ကို

ကြည့်ကာ "နင့်ခန္ဓာကိုယ်က

ပညာရှင်အဆင့် မှာရှိနေတယ်"

ယန်ယွဲ့ က ခေါင်းညိတ်ပြီး

"အဲဒါမှမဟုတ်ရင် ငါမင်းနဲ့

အနီးကပ်တိုက်ပွဲမှာ ၁၀ ကြိမ်တောင်
တိုက်ခိုက်နိုင်မှာမဟုတ်ဘူး"

အန်နန်ကျင်း က ယန်ယဲ့ဆီ ဖြည်းညှင်းစွာ
လျှောက်လာပြီး "နင့်ရဲ့ တိုက်ခိုက်ရေး
ဗီဇက အရမ်းညံ့တယ်"

အရမ်းဆိုးတယ်လား ။

ယန်ယဲ့၏မျက်နှာက ရှုံ့မဲ့သွားသည်။

ငါ့ရဲ့ တိုက်ခိုက်ရေး ဗီဇက
အရမ်းနိမ့်သေးတယ်....

တစ်စုံတစ်ယောက်က သူ့အား
ထိုအတိုင်းပြောသည်မှာ ပထမဆုံးပင်။
နောက်ဆုံးတွင်
အနီးကပ်တိုက်ခိုက်သည်ကား

ယန်ယဲ့၏အားသာချက်များထဲမှတစ်ခုဖြ
စ်သည်။

ဤအတောအတွင်း အန်နန်ကျင်း က
ဆက်ပြောသည် “ဒါပေမဲ့
နင့်ရဲ့ခန္ဓာကိုယ်က အရမ်းသန်မာတယ်။
အဓိကက
နင့်ရဲ့ပြန်လည်ကုသခြင်းစွမ်းရည်ပဲ။
ဒါက

အရမ်းကြောက်စရာကောင်းတယ်။ အနီး

ကပ်တိုက်ပွဲမှာ ပညာရှင်တွေက နင့်ကို

ယှဉ်နိုင်မှာမဟုတ်ဘူး။ ဒါပေမယ်လို့

ထူးခြားတဲ့ တိုက်ခိုက်ရေး ဗီဇပါရှိတဲ့

ပညာရှင်တွေနဲ့ ရင်ဆိုင်ရရင်

သေချာပေါက်ရှုံးနိမ့်လိမ့်မယ်”

ယန်ယဲ့ က

ခေါင်းညိတ်လိုက်သည်။ သူ့လက်ကောက်

ဝတ်ကို အန်နန်ကျင်း

ချိုးလိုက်ကတည်းက

အားနည်းချက်ဟာသိသာနေပါပြီ။

မူလခရမ်းရောင်စွမ်းအင်ဖြင့် သူ့လက်

ကောက်ဝတ်ဒဏ်ရာကို

ကုသလိုက်သော်လည်း တိုက်ပွဲတွင်

အနည်းငယ်အမှားလေးက ကံကြမ္မာကို

ဆုံးဖြတ်ပေးသွားနိုင်သည်။

“ဒါ့အပြင်…” အန်နန်ကျင်း က "နင့်ရဲ့

ရုပ်ခန္ဓာခွန်အားက

တော်တော်အားနည်းတယ်"

"အားနည်းလို့လား…" ယန်ယဲ့ က “ဒါက

တော်တော်ကောင်းသင့်တယ်

မဟုတ်ဘူးလား”

အန်နန်ကျင်း က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

"ပညာရှင်အဆင့်ခွန်အားက ဒီလိုမျိုး မဖြစ်သင့်ဘူး။ ပေါင်းစည်းခြင်းနဲ့ပတ်သက်လာရင် နင့်ရဲ့ရုပ်ခန္ဓာခွန်အားက လုံးဝမဆိုးပါဘူး။ ဒါပေမဲ့ နင့်မှာ တစ်ခုခုတော့ လွဲနေတယ်"

ယန်ယဲ့ က "ဘာလဲ..."

အန်နန်ကျင်း က "လက်ရှိကိုပဲ ကျေနပ်နေတာ" ဟု ပြန်ဖြေသည်။

ယန်ယဲ့ က အံ့သြသွားကာ “အဲဒါကို

ကျေနပ်မနေသင့်ဘူးလား”

အန်နန်ကျင်း က “မဟုတ်ဘူး၊

တကယ်တော့

သတ္တုအပိုင်းအစတစ်ခုလိုပါပဲ။ အကြိမ်

ကြိမ် ထုရိုက်ပြီးမှပဲ

ပိုပြီးထက်မြိုလာမှာမဟုတ်လား"

ထိုစကားကိုကြားသောအခါ ယန်ယဲ့က မျက်မှောင်ကြုတ်သွားသည်။

ဤအတောအတွင်း အန်နန်ကျင်း က “နင့်ရဲ့ ခွန်အားကို ပြန်စမ်းစစ်ပြီး ဓားလိုပဲ ပိုသန့်စင်လာအောင် လုပ်ရမယ်။ နင့်ဓားက သန့်စင်တယ်လို့ ငါနားလည်နိုင်ပေမယ့် ရုပ်ခန္ဓာခွန်အားက မဟုတ်ဘူး။ တကယ်လို့

နင့်ရဲ့ဓားကိုမသုံးရင် နင့်လိုလူ ၁၀၀ ကို ငါတိုက်ခိုက်နိုင်တယ်"

ယန်ယဲ့ က စကားမပြောနိုင်ဘဲ အံ့အားသင့်နေခဲ့သည်။

...

အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၅၁၁ - ဒါဆို ဘာလဲ

အဆင့်တူ လူ ၁၀၀ ကို

တိုက်ခိုက်နိုင်တယ်။

ယန်ယဲ့၏မျက်နှာက ရှုံ့မဲ့သွားသည်။

သို့သော် အန်နန်ကျင်း က

တမင်ချဲ့ကားပြောနေသည်ဟု

မထင်မိပေ။ သူမက သူ၏စားတာအိုကို

မယှဉ်နိုင်ရှိသော။ တိုက်ခိုက်ရေးဗီဇ ၊

နည်းစနစ်က သာလွန်ပေသည်။

ထို့ကြောင့် အန်နန်ကျင်းက

အဆင့်တူများကို

အသာလေးဖိနှိပ်နိုင်သည်မှာ

သံသယမရှိပေ။

သိုင်းနတ်ဘုရား ...။

သိုင်းပညာတာအို၏
အထွတ်အထိပ်ပုဂ္ဂိုလ် ။

အန်နန်ကျင်း က
ရုတ်တရက်ပြောလိုက်သည် "အခု
နင့်ရဲ့ဓားကို သုံးရင်း ပြိုင်ကြရအောင်"

ယန်ယွဲ့က ခဏတုံ့သွားပြီး
ခေါင်းညိတ်လိုက်သည်။

အန်နန်ကျင်း နှင့် တိုက်ခိုက်ခြင်းဟာ
သူတို့နှစ်ယောက်၏
အားသာချက်အားနည်းချက်များကို
ဖော်ထုတ်ပြီး အချင်းချင်း
ကူညီနိုင်ပါသည်။

ထို့နောက်တွင်တော့ နှစ်ယောက်သားဟာ
နေ့တိုင်းလိုလို တိုက်ခိုက်ခဲ့ကြသည်။
ဓားထုတ်သုံးမှသာ ယန်ယွဲ့သည်

အန်နန်ကျင်းကို

လက်ရည်တူရင်ဆိုင်နိုင်တော့၏။

နှစ်ယောက်စလုံးက စိတ်ထဲကနေ

ကျေနပ်လောက်သည်အထိ

တိုက်ခိုက်ခဲ့ကြသည် ။

ဤသို့ဖြင့် မျက်စိတစ်မှိတ်အတွင်းမှာပဲ

အချိန်

နှစ်ပတ်ကြာကုန်ဆုံးသွားပါတော့သည်။

မြောက်ပိုင်းသိုင်းပညာတောင်တန်း ...။

ယန်ယဲ့ နှင့် အန်နန်ကျင်း က

ချောက်ကမ်းပါးအစွန်းတွင်

ဘေးချင်းကပ်ထိုင်နေကြသည်။

အထက်ကောင်းကင်ယံရှိ

နေအလင်းရောင်ခြည်ဟာ

မိုးကုတ်စက်ဝိုင်းကို ဖြတ်ကျော်၍
ကျရောက်လာသည်။

တစ်ယောက်နှင့်တစ်ယောက်
စကားမပြောဘဲ ငြိမ်ငြိမ်လေး
ထိုင်နေကြ၏။

အချိန်ခဏကြာပြီးနောက်
အန်နန်ကျင်းက “နင် အခု ဘာလုပ်ဖို့

စိတ်ကူးထားလဲ”

ဟုရုတ်တရက်မေးခဲ့သည်။

ယန်ယွဲ့ က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး "ငါ အဲဒါကို

တစ်လှမ်းချင်း လှမ်းလို့ပဲရတယ်"

သူက ပြုံးပြီး

“မတတ်နိုင်ဘူးလေ။ ဒီအခြေအနေမှာ

ငါတို့

ဘာမှလုပ်စရာမလိုပါဘူး။ ငါတို့တတ်နိုင်သမျှက ခွန်အားတွေတိုးလာဖို့ကြိုးစားရုံပဲ”

အန်နန်ကျင်း က အနည်းငယ်ခေါင်းညိတ်လိုက်ပြီး "နင့်ရဲ့မူလစေတီထဲကို ဝင်ချင်တယ်"

ယန်ယွဲ့ က အံ့သြသွားပြီး "ဘာလို့လဲ"

အန်နန်ကျင်း က “သိုင်းဝိဇ္ဇာဥ်သားရဲ
ရှိနေလို့။ ငါနဲ့အတူရှိနေဖို့ လိုအပ်တယ်။
ဒါက ဆရာ့ရဲ့ခွန်အားကို အများကြီး
တိုးတက်စေတာပဲ၊ နင့်ရဲ့ နှင်းခဲလေးက
အဲဒါကို ယူသွားပြီ"

ယန်ယဲ့ က အံ့အားသင့်သွားသည်။

အန်နန်ကျင်း က ဆက်ပြောပါသည်
“တကယ်တော့ ငါက အဲဒါကို

ငါနဲ့အတူနေခိုင်းဖို့လုပ်ထားတာ။

ဒါပေမယ်လို့ နှင်းခဲလေးနဲ့

အတူနေလိုက်တာက သူ့အတွက်

အရမ်းအကျိုးရှိတယ်။

ဒါ့ထက် ငါကျင့်ကြံနေရင်းနဲ့

နင့်အနားမှာရှိနေတော့

ကူညီနိုင်တယ်လေ"

ယန်ယဲ့၏နှလုံးသားက

နွေးထွေးသွားသည်။ လက်ရှိတွင် သူက

အဆုံးမရှိသောဒုက္ခနှင့်ကြုံတွေ့နေရသည်

။ အန်နန်ကျင်း သာ သူ့အနားတွင်

ရှိနေပါက ပညာရှင် ၃

ပါးပိုင်ဆိုင်ထားသည်ဟုပင်ပြောနိုင်၏။

သို့သော်လည်း ယန်ယဲ့က အန်နန်ကျင်းကို

အကူအညီတောင်းရန် အမြဲတမ်း

ပြတ်ပြတ်သားသား ငြင်းဆန်ခဲ့သည် ။

နှစ်ယောက်စလုံးက ဤကိစ္စ
နှင့်ပတ်သက်၍
အချိန်တော်တော်ကြာသည်အထိ
ဆွေးနွေးခဲ့သည်။

ဤအခိုက်အတန့်တွင် ဒုဌာနမှူးက
သူတို့နောက်မှာ ရုတ်တရက်ပေါ်လာခဲ့၏။

ယန်ယဲ့ နှင့် အန်နန်ကျင်းကို
မြင်သောအခါ

ဒုဗ္ဗာန်မှူးက ခေါင်းယမ်းလိုက်သည်။

အခြေအနေက

သနားစရာကောင်းသည်ဟုပင်

ခံစားရသည်။ နောက်ဆုံးတွင်

လူအများအပြားက

သိုင်းဧကရာဇ်အကယ်ဒမီကို ဝင်ခွင့်ရရန်

အပြင်းအထန်ကြိုးစားနေကြသည်။

သို့သော်လည်း အန်နန်ကျင်းကတော့

ထွက်သွားရန် တုံ့ဆိုင်းခြင်းပင်မရှိခဲ့ပေ။

ဒုဌာနမှူးက အတွေးများကိုထိန်းကာ ယန်ယွဲ့နှင့် အန်နန်ကျင်း တို့ထံ လျှောက်လာခဲ့သည်။ သူက ယန်ယွဲ့ကို တစ်ချက်ပြီး "တာအိုလမ်းစဉ် က တစ်စုံတစ်ယောက် ရောက်နေတယ်"

တာအိုလမ်းစဉ် လား...

ယန်ယွဲ့ ကမျောင်ကြုတ်ကာ "သူတို့ဒီမှာ ဘာအတွက်လဲ"

ဒုဗ္ဗာနမ္မူးက “သူတို့က မင်းအတွက်
ဒီနေရာကို ရောက်လာတာပဲ။
သိုင်းအင်ပါယာဂူဗိမာန်မှာ
စောင့်နေတယ်။ ဒါပေါ့ သွားတွေ့ပါ"

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး
ခေါင်းညိတ်ပြကာ နေရာတွင်ပင်
ပျောက်ကွယ်သွားသည်။

ဒုဌာနမှူးက အန်နန်ကျင်းကို

စိုက်ကြည့်ကာ

“မင်းဆက်နေချင်တယ်ဆိုရင်

ငါ့အကယ်ဒမီက မင်းကို

ပြုစုပျိုးထောင်ပေးဖို့ ဆန္ဒရှိတယ်။

ပြီးတော့ မင်းသာ ဆန္ဒရှိရင်

အုပ်ချုပ်ရေးဌာနမှူးအဖြစ်

ခန့်အပ်လိုက်မယ်"

ပြောစရာမလိုအောင်ပင်၊ လုံးဝကို
ဆွဲဆောင်နိုင်စွမ်းရှိသော
ကမ်းလှမ်းချက်ပါ။

သို့သော်လည်း အန်နန်ကျင်း က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး "ငါ
သူနဲ့လိုက်သွားမယ်"

ဒုဠာနမှူးက အကူအညီမဲ့စွာရယ်ပြီး
“ဘာလို့လဲ”

"သူငါ့ကိုလိုအပ်တယ်"

ဒုဌာနမှူးက ခေါင်းခါကာ "ကလေးမလေး၊ သိုင်းကေရာဇ်အကယ်ဒမီက ထင်သလောက် အားမနည်းပါဘူး။ ငါတို့..." သူက ခဏလောက် ဆိုင်းဆိုင်းသွားပြီး "ဘာပဲဖြစ်ဖြစ် အကယ်ဒမီမှာပဲ ဆက်ရှိနေမယ်ဆိုရင်

လောကသုံးပါးတစ်ခုလုံး
ဘာပဲဖြစ်လာလာ ငါတို့အတွက်
ဘာမှမဟုတ်ဘူးလို့ အာမခံနိုင်တယ်"

သို့သော် အန်နန်ကျင်းက ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး
"ငါ့နှလုံးသားက သိုင်းပညာတာအို နဲ့
သူ့အတွက်ပဲ နေရာရှိတယ်"

"ကောင်းပြီ" ဒုဌာနမှူးက ပြုံးပြီး

“ဆက်ပြောနေရင် စိတ်ရှုပ်သွားတာပဲ

အဖက်တင်မယ်။ ဘာပဲဖြစ်ဖြစ် မင်းဟာ

အကယ်ဒမီရဲ့ကျောင်းသားတစ်ယောက်မို့

ဘယ်အချိန်ဖြစ်ဖြစ်

အိမ်ပြန်လာလို့ရပါတယ် "

အန်နန်ကျင်း က

ခေါင်းညိတ်ပြီး "ငါပြန်လာမှာပါ"

ဒုဗ္ဗာနမ္မူးက ခေါင်းညိတ်ပြီး

ထွက်သွားခဲ့သည်။

သူ့ကိုယ်သူ

အနည်းငယ်သနားစရာကောင်းသည်ဟုပ

င် ခံစားမိခဲ့သည်။

...

သိုင်းအင်ပါယာဂူဗိမာန် ။

ယန်ယဲ့ ရောက်လာသည့်အခါ

တာအိုဝတ်စုံဝတ်

သက်လတ်ပိုင်းအမျိုးသားတစ်ဦးကို

တွေ့လိုက်ရသည်။

တာအိုလင်း...

တာအိုလင်း က "စီနီယာအစ်ကိုကြီး

တာအိုချင် က မင်းကို

ပြန်လာခိုင်းလိုက်တယ်"

ပြန်လာရမလား။

ယန်ယဲ့က အနည်းငယ် ထိတ်လန့်သွားပြီး “ဘာအတွက်လဲ” ဟု မေးလိုက်သည်။

တာအိုလင်း က "အရာရာတွေကို တရားဝင်ဖြစ်သွားအောင်"

ယန်ယဲ့က အံ့သြသွားပြီး

"ဘယ်ဟာကိုတရားဝင်လုပ်မှာလဲ"

တာအိုလင်း က "မင်းဟာ

ငါ့တာအိုလမ်းစဉ်ရဲ့

ဆက်ခံသူမဟုတ်ဘူးလား။ ငါတို့က

မင်းကို တာအိုလမ်းစဉ်ရဲ့

ဆက်ခံသူအဖြစ် တရားဝင်ကြေညာမယ်။

ဒါ့အပြင် မင်းက ဘယ်သူဆိုတာပါ

ထုတ်ပြန်ပြီးတော့

အမိန့်ပေးတံဆိပ်ပြားတစ်ခု ရလိမ့်မယ်။

အခုကစလို့ မင်းဟာ တာအိုလမ်းစဉ်ရဲ့

အာဏာပိုင်တစ်ယောက် ဖြစ်လာမယ်။

တာအိုလမ်းစဉ်က မင်းလုပ်သမျှ

ဒါမှမဟုတ် စကားလုံးတိုင်းအတွက်

တာဝန်ယူလိမ့်မယ်။ ငါတို့က...”

ယန်ယဲ့ က ကြားဖြတ်မေးလိုက်သည်

"ဘာ့ကြောင့်လဲ..."

တာအိုလင်း က အနည်းငယ်

ထိတ်လန့်သွားပြီး "ဘာကိုဆိုလိုတာလဲ"

ယန်ယဲ့ က လစ်လျူရှုပြီး “စီနီယာအစ်ကို၊

ဘယ်သူမှ

မတုံးပါဘူး။ ဒီကစားနည်းတွေကို

ကစားရတာ အဓိပ္ပါယ်မရှိဘူး”

တာအိုလင်း က အချိန်အတော်ကြာ

တိတ်ဆိတ်သွားပြီးနောက်

သက်ပြင်းချကာ “ကောင်းပြီ၊

ငါမလုပ်ဘူး။ စီနီယာအစ်ကိုချင် က

မင်းကို

ပြန်ခေါ်လာခိုင်းတယ်။ ဘာ့ကြောင့်လဲဆို

တာတော့

ငါလည်းမသိပါဘူး။ မင်းပြန်လာချင်တ

ယ်ဆိုရင် တာအိုလမ်းစဉ် က

ဘာပဲပေးရပေးရ မင်းကို

သေချာပေါက်ကာကွယ်ပေးလိမ့်မယ်လို့
ပြောခဲ့တယ်”

ယန်ယဲ့က ခဏလောက်
တိတ်ဆိတ်သွားပြီး "ငါ
ပြန်မလာတော့ဘူး"

တာအို လင်း က အံ့သြသွားပြီး
"ဘာ့ကြောင့်လဲ"

ယန်ယဲ့ က "စီနီယာအစ်ကိုလင်း၊ ငါက ပွင့်ပွင့်လင်းလင်းသမားပဲ။ ဒီတော့ ငါ့စိတ်ထဲကအတိုင်းပဲပြောတတ်တယ်။ ငါ့ကို အုပ်စုဖွဲ့ တိုက်ခိုက်တဲ့အချိန်မှာ တာအိုလမ်းစဉ် က ဘာလုပ်ပေးခဲ့လဲ။ တာအိုလမ်းစဉ်က ငါ့ကို ထွက်သွားခိုင်းတယ်၊ အခုဘယ်သူမှငါ့ကို မတိုက်ခိုက်တော့ တာအိုလမ်းစဉ် က ပြန်ခေါ်နေတာလား။ စီနီယာအစ်ကိုလင်း၊

ငါပြောတဲ့စကားကို တာအိုချင်

အတွက်ပြန်ပြောပေးပါ။ ငါ့ကို

ပြန်လာဖို့ပြောနေရအောင် သူ့ကိုယ်သူ

ဘယ်သူထင်နေလို့လဲ”

စကားပြောပြီးသည်နှင့် ယန်ယဲ့က

လှည့်ထွက်သွားသည်။

တာအို လင်း က မျက်မှောင်ကြုတ်ကာ
"ယန်ယဲ့၊ ငါ့တာအိုလမ်းစဉ်မှာ မင်းရှိဖို့
မလိုဘူး"

သူ့စကားနောက်ကွယ်ရှိ
အဓိပ္ပါယ်ကတော့ ယန်ယဲ့အနေဖြင့်
သိပ်ပြီးမောက်မာမနေဖို့ပြောလိုက်တာပါ
။ ယန်ယဲ့၏လေသံက သူ့အား
တော်တော်လေးစိတ်ပျက်သွားစေပုံပင်။
မည်သို့ပင်ဖြစ်စေ သူသည်လည်း

ညာဏ်ကြီးရှင်တစ်ဦးဖြစ်သလို ပညာရှင်
တစ်ပါးမဟုတ်ပါလား။ သို့သော်လည်း
ယန်ယဲ့ သည် အလယ်အလတ်ချာန်သခင်
သာဖြစ်နေသေး၏။

ယန်ယဲ့ က ရုတ်တရက် ရပ်လိုက်သည်။
သူက တာအို လင်း ကို စိုက်ကြည့်ရင်း
"ငါ့ကို နည်းနည်း
တိုက်ရိုက်ပြောခွင့်ပြုပါ။
တာအိုဖန်ဆင်းရှင် က

ငါ့ကိုဂရုစိုက်ခဲ့တယ်။ အဲဒါကို ငါသိပါတယ်။ ဒါပေမဲ့ မင်းအပါအဝင် တခြားလူတွေအားလုံးက ငါ့အတွက် ဘာလုပ်ပေးခဲ့သလဲ။ ဘာမှမလုပ်ခဲ့ဘူး၊ ဒါ့ကြောင့် ကျေးဇူးပြုပြီး မင်းငါ့ကို စေတနာထားသလိုမျိုး ဟန်ဆောင်မနေချင်စမ်းပါနဲ့"

ထို့နောက် ထပ်မပြောတော့ဘဲ လှည့်ထွက်သွားသည်။

တာအိုလမ်းစဉ် က သူ့အား

မည်သည့်ကြောင့်

ပြန်ခေါ်မှန်းတော့မသိပေ။ သို့သော်လည်း

တစ်ခုလိုချင်တစ်ခုပြန်ပေးရသည်ဟူသ

ည့်သဘာဝအတိုင်း သူက

တာအိုလမ်းစဉ်အတွက်

အသုံးဝင်နေသောကြောင့်ပါ။

သူတို့အတွက် အသုံးမဝင်ပါက

နှင်ထုတ်ပါလိမ့်မည်။ သို့သော် ယန်ယဲ့ က

မည်သူနည်း။ တာအိုလမ်းစဉ်ကို

ဂရုစိုက်ရမည်လော။

ယန်ယဲ့က တာအို လင်း ကို လစ်လျူရှုပြီး

ထွက်ခွာသွားခဲ့သည်။

တာအို လင်း က

ထပ်ပြောချင်နေသော်လည်း

အန်နန်ကျင်းက သူ့ရှေ့တွင်
ရုတ်တရက်ပေါ်လာခဲ့သည်။

ထို့နောက် ခြေထောက်ကို
ရုတ်တရက်မြှောက်ကာ တာအို လင်း ကို
ဖြတ်ကန်ထည့်လိုက်သည်။

ခြေကန်ချက်က လျှပ်စီးကြောင်းကဲ့သို့
လျင်မြန်ပြီး ရှောင်ရန် မဖြစ်နိုင်ပေ။

တာအို လင်း ၏မျက်လုံးထဲမှ
အေးစက်သော အလင်းရောင်တစ်ခု
လင်းလက်လာသည်။ သူ၏ညာလက်သီး
ကို ဆုပ်ပြီး ဝင်လာသော ခြေကန်ချက်ကို
ပြန်ထိုးလိုက်သည်။

သို့သော် လက်သီးချက်က ခြေထောက်ကို
ထိခါနီးတွင် အန်နန်ကျင်းက ဘေးဖက်သို့
အနည်းငယ်ရွေ့သွားသည်။

ထိုခဏလေးလျှပ်ရှားမှုက တာအိုလင်း ကို အမှုအရာပြောင်းသွားစေသည်။

ဘမ်း...

ပြင်းထန်သော ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီး တာအို လင်း က မီတာ ၃၀၀ ကျော်အကွာထိ လွင့်ထွက်သွားခဲ့သည်။ သို့သော်လည်း အန်နန်ကျင်း က  သူ့ရှေ့တွင် ရုတ်တရက်

ပေါ်လာပြီး ညာခြေကိုမြှောက်ကာ

ကန်လိုက်သည်။

အုန်း...

တာအို လင်း က

တုံ့ပြန်ချိန်ပင်မရလိုက်ပေ။

၁ ကီလိုမီတာ အကွာသို့

လွင့်ပျံသွားသည်။

ထိုမျှဖြင့် အဆုံးမသတ်သေးပါ။

အန်နန်ကျင်း က ညာဖက်လက်သီးကို

ဆုပ်ထားရင်း ခြေတစ်ချက်ဆောင့်၍

တာအို လင်း ထံသို့ ခုန်ဝင်လိုက်သည်။

ထို့နောက် သူမ၏လက်သီးက

တာအိုလင်း ကို

တိုက်ရိုက်ထိုးချလိုက်သည်။

ဘုန်း…

တာအို လင်း ပတ်ပတ်လည်ရှိ
အာကာသည် ပြိုကျသွားသည်။
သို့သော်လည်း အန်နန်ကျင်း၏
တိုက်ခိုက်မှုမှ တန်ပြန်အားက
မပျောက်ကွယ်သေးဘဲ တာအို လင်း
ဆီသို့ ဆက်တိုက် တိုးဝင်သွားလေသည်။

အသက်ရှူချိန် ၅

ရှိုက်စာခန့်အကြာတွင်တော့

ပတ်ဝန်းကျင် သည်

ပုံမှန်ပြန်ဖြစ်သွားသည် ။

တာအို လင်း က ပါးစပ်ထောင့်မှ

သွေးများကို သုတ်လိုက်ရင်း

အန်နန်ကျင်း ကို စိုက်ကြည့်နေသည်။

သူ၏ အမူအရာက လေးနက်နေကာ

"မင်းက ဘယ်သူလဲ"

ဤအခိုက်အတန့်တွင် သူ့စိတ်ထဲ

တော်တော်လေး

အံ့သြသွားမိသည်။ သူ့ရှေ့ရှိ

အမျိုးသမီးက

အလယ်အလတ်ဈာန်သခင်

သာဖြစ်သည်။ သို့သော်လည်း

သူ့ထက်ပင် သန်မာနေ၏။ သူသည်

တစ်ချက်ပင်ပြန်ပြီးတိုက်ခိုက်နိုင်စွမ်းမရှိခဲ့ပေ။

အန်နန်ကျင်း က အနည်းငယ်ရှုပ်ပွနေသော အဝတ်အစားများကို ပွတ်သပ်ကာ တာအိုလင်း ကို စူးစိုက်ကြည့်ပြီး "သူ့ကို ထပ်မရှာနဲ့။ မဟုတ်ရင် နင့်ကို သတ်မယ်"

ဟု ပြောပြီး နောက်လှည့်ကာ

ထွက်ခွာသွားသည်။

တာအို လင်း ၏အမူအရာက

အတော်လေးဆိုးရွားသည်။ သူ့အသံ က

အေးစက်နေကာ

"ဘာလဲ။ မင်းနဲ့ ယန်ယဲ့က

ငါ့တာအိုလမ်းစဉ်နဲ့

ရန်သူဖြစ်ချင်တာလား"

"ရန်သူလား..." အန်နန်ကျင်းက ဂရုမစိုက်သည့်လေသံဖြင့် "ဒါဆို ဖြစ်ဖြစ်ပေါ့"

ဤတစ်ကြိမ်တော့ တာအို လင်း က အံ့သြသွားကာ စကားပင်ပြန်မပြောနိုင်တော့ပေ။

Translated By NyiNyiSoe

May Be:

အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၅၁၂ -

ဤအချိန်တွင် တာအို လင်း

၏အမူအရာက အတော်လေးကို

ဆိုးရွားလှသည်။

နောက်ဆုံးတွင် သူ့အတွက်

ပုရွက်ဆိတ်တစ်ကောင်သာ ဖြစ်နိုင်သော

ဈာန်အဆင့် က

ဆိုးဆိုးရွားရွားရိုက်နှက်သွားခဲ့သည်။

လုံးဝကို သောက်ရှက်ကွဲခြင်း ပင်။

အန်နန်ကျင်း က

"တာအိုလမ်းစဉ်၊ အရမ်းသန်မာနေသ

လား"

တာအိုလင်း က ဘာမှပြန်မပြောခဲ့ပေ။

ယန်ယဲ့က အန်နန်ကျင်း အနားတွင် ရုတ်တရက် ပေါ်လာသည်။ သူက အနည်းငယ်ခေါင်းယမ်းပြရင်း "ထားလိုက်ပါ။ သွားရအောင်"

အန်နန်ကျင်းက ခေါင်းညိတ်လိုက်သည်။

"ယန်ယဲ့..." တာအို လင်း က ရုတ်တရက် လှမ်းအော်သည် "မင်းက

တာအိုလမ်းစဉ်နဲ့

အဆက်အသွယ်အားလုံးကို

ဖြတ်ပစ်မှာလား"

ယန်ယဲ့ က တာအို လင်း ကို

စိုက်ကြည့်ရင်း "တာအိုလမ်းစဉ်ရဲ့

တည်ထောင်သူဖြစ်တဲ့ တာအိုဖန်ဆင်းရှင်

ကို ငါမှတ်မိနေတယ်။

သူပေးခဲ့တဲ့ အကူအညီကို ဘယ်တော့မှ
မေ့မှာ မဟုတ်ပါဘူး။ ဒါပေမဲ့
တခြားသူတွေကိုပြောရရင်
ငါရှင်းရှင်းပြောရရင် ငါတို့ ကြားမှာ
အဆက်အသွယ် ရှိလို့လား”

ထိုစကားပြောပြီးသည်နှင့် အန်နန်ကျင်း
ကို ခေါ်ကာ ထွက်ခွာသွားခဲ့သည်။

တာအို လင်း က ပြန်မပြောတော့ဘဲ

နေရာတွင် တိတ်ဆိတ်သွားသည်။
သူ့မျက်နှာက တော်တော်ကို
အုံ့မှိုင်းနေသည်။

ဤအချိန်တွင် ဒုဗ္ဗာနမ္မူးက တာအို လင်း
နံဘေး၌ ပေါ်လာသည်။ သူက တာအို
လင်း ကို ခဏစိုက်ကြည့်ပြီး "တာအို
လင်း၊ ဒီကလေးနှစ်ယောက်က
ခြိမ်းခြောက်တာကို ဘယ်တော့မှ
ဂရုမစိုက်တတ်ဘူး။ သူတို့ကို

ခြိမ်းခြောက်ရင် သူတို့ရဲ့

လက်တုံ့ပြန်မှုကိုပဲ

ပိုပြီးဦးတည်စေလိမ့်မယ်။ ဒါပေမဲ့

သူတို့နှစ်ယောက် ပေါင်းတိုက်မယ်ဆိုရင်

ငါ ရိုးရိုးသားသား ပြောရရင်

မင်းကိုမပြောနဲ့၊ တာအိုလမ်းစဉ်ရဲ့

ပညာရှင်တွေပေါင်းထားရင်တောင်

မဖြစ်နိုင်ဘူး။ ငါတောင်မှ

သူတို့လက်ထဲမှာသေနိုင်တယ်"

တာအို လင်း က တိုးတိုးလေးပြောခဲ့သည်

"သူတို့ နှစ်ယောက်လုံးက ငါတို့ထက်

အများကြီး ပိုသန်မာတယ်"

ဒုဌာနမှူးက ပြုံးပြီး

“နောက်မျိုးဆက်တွေက

အရင်မျိုးဆက်ထက် အမြဲတမ်း

သာလွန်တယ်။ ဒါဆို တာအို ချင် က

ဘာ့ကြောင့်များ သူ့ကို

ပြန်လာစေချင်တာလဲ"

တာအို လင်း က ခဏတုံ့ဆိုင်းသွားပြီး

“မဟာလမ်းစဉ် ၃ ခုမှာ

အရန်အစီအစဉ်တွေ ရှိတယ်။

ကွန်ဖြူးရှပ်လမ်းစဉ်လည်း အတူတူပါပဲ။

ဒါပေမဲ့ သူတို့တွေ မအောင်မြင်ခဲ့ဘူး။

ကွန်ဖြူးရှပ်လမ်းစဉ် က နှစ်ကြိမ်တောင်

ရှုံးနိမ့်ခဲ့တယ်။ သူတို့ရဲ့ ကိုယ်စားလှယ်နဲ့

ကွန်ဖြူးရှပ်ဖန်ဆင်းရှင် တောင်မှ

မအောင်မြင်ခဲ့ဘူး။ အဲဒါက

ကွန်ဖြူးရှပ်လမ်းစဉ် ပျက်ဆီးရခြင်းရဲ့
အကြောင်းရင်းပဲ။
အခု ငါတို့တာအိုလမ်းစဉ်အတွက်
လမ်းဖွင့်ပေးဖို့ တစ်စုံတစ်ယောက်
လိုအပ်နေတယ်။ ဒီတာဝန်အတွက် သူက
အသင့်တော်ဆုံးပဲ”

"သူက အသင့်တော်ဆုံးလား" ဒုဗ္ဗာနမ္မူးက
အနည်းငယ် မျက်မှောင်ကြုတ်ကာ

"ဒီအရှုးက ဘယ်လိုကြောင့်

သင့်တော်တာလဲ"

တာအို လင်း က သူ့ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး "အားလုံး

သူ့ဘာသာသူ

လုပ်လို့မရဘူး။ ကျန်တဲ့သူတွေကတော့

ငါတို့ရဲ့ စိတ်နေစိတ်ထားက

သိပ်မသင့်တော်ပါဘူး။ဒီလိုနေရာမျိုးမှာ

ငါတို့ ရှင်သန်နိုင်မှာ မဟုတ်ဘူး”

"ဒါဆို မင်းတို့အားလုံး

ကိုယ့်သေတွင်းကိုတူးလိုက်တာ" ဤအ

တောအတွင်း ဒုဿာနမှူးက

“အမှန်တိုင်းပြောရရင်

မင်းရဲ့တာအိုလမ်းစဉ်က

ယန်ယဲ့ကိုအမဲလိုက်နေတဲ့အချိန်မှာ

ဘာလို့

အပေးအယူမလုပ်တာလဲ။ ဒါတင်မက

ဘူး၊ အခုမှ မင်းတို့အတွက်

တစ်ခုခုလုပ်ပေးစေချင်သလား။ မင်းသာ
ဆိုရင်
မင်းဘယ်လိုထင်လဲ။ မင်းဘာလုပ်မလဲ"

တာအို လင်း က ခါးသက်သက်
ရယ်မောရင်း “ငါ လာတုန်းကတော့
မျှော်လင့်ချက်
သိပ်မရှိပါဘူး။ အခုကိစ္စက
အထက်အာဏာပိုင်တွေပဲ
ဆုံးဖြတ်ချက်ချနိုင်မှာပါ”

ထိုစကားပြောပြီးသည်နှင့်
ကောင်းကင်ယံသို့
ပျောက်ကွယ်သွားသည်။

“သူတို့ အကယ်ဒမီက ထွက်သွားပြီ”
ဒုဗ္ဗာနမ္မူးက ထွက်သွားခါနီးတွင်
သူ့ဘေးနား၌ အဘိုးကြီးတစ်ဦး
ရုတ်တရက် ပေါ်လာသည်။

သူက ယန်ယဲ့ နှင့် အန်နန်ကျင်း
အကြောင်း ပြောနေတာပါ။

ဒုဌာနမှူးက အနည်းငယ်
ခေါင်းညိတ်သည်။ဤအတောအတွင်း
အဘိုးကြီးက
“မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ က သူတို့ကို
တိုက်ခိုက်လိမ့်မယ်” ဟု ထပ်ပြောသည်။

ဒုဿာနမှူးက “သူတို့ လှုပ်ရှားလာပြီလား” ဟု မေးသည်။

အဘိုးကြီး က ခေါင်းညိတ်ပြပြီး “ငါတို့ သူတို့ကို ကူညီပေးရမလား”

ဒုဿာနမှူးက ခဏမျှ တုံ့ဆိုင်းသွားပြီး ခေါင်းခါကာ “မဟုတ်ဘူး”

"မျိုးနွယ်ခြားမဟာမိတ်အဖွဲ့က

ဒီအချိန်မှာ တော်တော်လေး

အားကောင်းနေတယ်" အဘိုးကြီးက

“သူတို့က ပညာရှင်တစ်ဖွဲ့

စေလွှတ်လိုက်ပြီ”

ဒုဗ္ဗာနမှူးက

“အဆင်ပြေပါတယ်။ အထက်အာဏာပိုင်

တွေက ဖန်ဆင်းရှင်တွေအပြင်

သူ့ကိုယ်ပိုင်ပြဿနာကို

သူကိုယ်တိုင်ပဲရင်ဆိုင်ရမယ်လို့
သတင်းပို့ထားတယ်"

"ငါနားလည်ပြီ" အဘိုးကြီးက
စကားပြောပြီးသည်နှင့်
ပျောက်ကွယ်သွားသည်။

...

အကန့်အသတ်မဲ့

ကြယ်တာရာကောင်းကင်ပြင် ။

ယန်ယဲ့ သည်

သိုင်းအင်ပါယာကျောင်းတော် မှ

ထွက်ခွာလာပြီးနောက် ဤနေရာကို

ရောက်ရှိခဲ့သည်။ ရှေ့ဆက်သွားခါနီးတွင်

သူနှင့် မလှမ်းမကမ်း၌

သက်လတ်ပိုင်းအမျိုးသားတစ်ဦး

ရုတ်တရက် ပေါ်လာသည်။

လူသားအင်ပါယာအရှင် လား ။

ယန်ယဲ့ နှင့် မလှမ်းမကမ်းတွင်

ရပ်နေသူက

လူသားမျိုးနွယ်၏ခေါင်းဆောင်

လူသားအင်ပါယာအရှင် ဖြစ်သည်။

လူသားအင်ပါယာအရှင် က ယန်ယဲ့ ကို စိုက်ကြည့်ကာ "ငါတို့ မကြာခင် ပြန်တွေ့ဖို့ မမျှော်လင့်ထားဘူး"

ယန်ယဲ့ က ပြုံးပြီး "မင်း ငါ့ကိုသတ်ဖို့ မရမကကြိုးစားနေပုံပဲ"

လူသားအင်ပါယာအရှင် က “ပြန်ဆပ်ရမယ့် အကြွေးတွေရှိတယ် မဟုတ်လား” ဟု ပြန်ဖြေသည်။

ယန်ယဲ့ က ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး

"လူသားအင်ပါယာအရှင်၊

မင်း ဘယ်လောက်သတ္တိရှိရှိ ငါ့ကို

တစ်ယောက်တည်း ဘယ်တော့မှ

ရင်ဆိုင်မှာ မဟုတ်ဘူး။ ဒါကြောင့်

တခြားသူတွေကိုလည်း

ထွက်လာခိုင်းလိုက်။ ဒီတစ်ခါ မင်းဘယ်

နှစ်ယောက် ခေါ်လာသလဲ ကြည့်

လိုက်ရအောင်"

ယန်ယဲ့ ပြောပြီးသည်နှင့်

ပတ်ပတ်လည်အာကာသပြင်က

အနည်းငယ် တုန်ခါသွား၏။ ထို့နောက်

သူ့ပတ်ဝန်းကျင်၌ အစွမ်းထက်အော်ရာ

၁၆ ခု ရုတ်တရက်

ပေါ်လာသည်။ အစွမ်းထက်အော်ရာများ

က လျှောင်အိမ်တစ်ခုသဖွယ်

ယန်ယွဲ့အပေါ်ကိုကျရောက်လာပါသည်။

ခဏအကြာတွင်တော့

လူသားအင်ပါယာအရှင်၏ ဘေးနား၌

ပညာရှင် ၁၇ ပါးပေါ်လာကြသည်။

ပညာရှင် ၁၇ ပါး

ကြောက်စရာကောင်းသော အစုအဖွဲ့ပါ။

ဝိညာဉ်အင်ပါယာ

အမှန်တော့ မျိုးနွယ်ခြားမဟာမိတ်အဖွဲ့က ယန်ယွဲ့ အတွက်သာ ရောက်လာကြခြင်းမဟုတ်ပေ။ ယန်ယွဲ့သည် သူတို့အတွက် အရေးမကြီးပါ။ အရေးကြီးတာက ယန်ယွဲ့၏လက်ထဲမှ ဝိညာဉ်အင်ပါယာ သာဖြစ်သည်။

လောကသုံးပါး၏ အဆုံးသတ်ချိန်

ရောက်လာနေပြီဖြစ်သောကြောင့်

ဝိညာဉ်အင်ပါယာက

မျိုးနွယ်စုတိုင်းအတွက်

အဖိုးတန်ဆုံးရတနာပင်။

ယန်ယဲ့ က နတ်မျိုးနွယ်နှင့်

ကောင်းမွန်သောဆက်ဆံရေးရှိနေလေရာ

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့က

ဝိညာဉ်အင်ပါယာကို အရယူရန်

ဆုံးဖြတ်ခဲ့သည်။အကြောင်းမှာ ၎င်းသော

နတ်မျိုးနွယ်၏လက်ထဲသို့

ကျရောက်သွားခဲ့လျှင်

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ အတွက်

သေချာပေါက် ကပ်ဘေးကျပါပြီ။

လူသားအင်ပါယာအရှင်က ယန်ယွဲ့ထံသို့

လျှောက်လာကာ "ယန်ယွဲ့၊ ငါတို့ကြားက

ရန်ငြိုးကို အဆုံးသတ်ဖို့ အချိန်တန်ပြီ"

ဤအခိုက်အတန့်တွင် အစောပိုင်းက ထွက်သွားသော တာအို လင်း ရုတ်တရက်ပြန်ပေါ်လာသည်။

ဤနေရာရှိ လူတိုင်း တာအို လင်း ကိုစိုက်ကြည့်နေသည်။ ယန်ယဲ့ လည်း အလားတူပင်။ တာအို လင်း က ထွက်မသွားဘဲ ပြန်လာမည်ဟု မမျှော်လင့်ထားခဲ့ပေ။

ဤအချိန်တွင် လူသားအင်ပါယာအရှင်က  "ဘာလဲ၊ တာအိုလမ်းစဉ် က ဝင်စွက်ဖက်ဖို့ အစီအစဉ်ရှိလား"

တာအို လင်း က လူသားအင်ပါယာအရှင်ကို ပြန်မဖြေဘဲ ယန်ယဲ့ကိုသာ စိုက်ကြည့်နေသည်။ သူက "မင်းကို နောက်ဆုံးအခွင့်အရေးတစ်ခု ပေးမယ်။ မင်းငါနဲ့ပြန်လာချင်တယ်ဆိုရ

င် ပညာရှင် ၁၇ ပါးကို မပြောနဲ့၊ ၂၇
ပါးဆိုရင်တောင်မှ ငါ့တာအိုလမ်းစဉ်က
ကာကွယ်ပေးလိမ့်မယ်"

ထိုစကားကိုကြားသောအခါ
လူသားအင်ပါယာအရှင် နှင့်
ပညာရှင်အုပ်စု၏ အမူအရာများက
မမြင်နိုင်လောက်အောင်
ပြောင်းလဲသွားသည်။

တစ်ဖွဲ့လုံး

ဒေါသအကြီးအကျယ်ထွက်နေကြသည်။

ယန်ယဲ့ က တဟားဟားရယ်လိုက်သည်။

ထို့နောက် သူက လူသားအင်ပါယာအရှင်

ဦးဆောင်သော အဖွဲ့ကို စိုက်ကြည့်ရင်း

“ဒါက ပညာရှင် ၁၇ပါးပဲ မဟုတ်ဘူးလား”

စကားပြောပြီးသည်နှင့် သူ့လက်ထဲ၌

ဓားတစ်ချောင်း ပေါ်လာသည်။ ထို့နောက်

ညာခြေကို တစ်ချက်ဆောင့်၍

ကောင်းကင်ထက်သို့

ခုန်တက်လိုက်သည်။

တစ်ချိန်တည်းမှာပင်

ကောင်းကင်တစ်ခုလုံး တုန်ခါသွားပြီး

အလင်းတန်းတစ်ခု လင်းလက်လာသည်။

ယန်ယဲ့ တိုက်ခိုက်နေသည်ကို

မြင်သောအခါ လူသားအင်ပါယာအရှင်

နှင့် ပညာရှင်အုပ်စု၏

မျက်နှာအမူအရာများက

လေးနက်လာကြသည်။ သူတို့ဖက်တွင်

ပညာရှင်

တစ်ဒါဇင်ကျော်ရှိနေသော်လည်း

ယန်ယဲ့ကို ရင်ဆိုင်ရသောအခါ

လျှော့မတွက်ရဲကြပေ။ ယန်ယဲ့ သည်

ထွင်းဖောက်မမြင်နိုင်သူဖြစ်သည်။

၎င်းက ယန်ယဲ့ကို သတ်ဖြတ်ရန်အတွက်

ပညာရှင်

တစ်ဒါဇင်ကျော်စေလွှတ်ခဲ့သည့်

အကြောင်းအရင်းပင်။

သို့သော် သူတို့ တိုက်ခိုက်ရန်ပြင်လိုက်စဉ်

လူတိုင်း၏မျက်နှာက

မည်းမှောင်သွားခဲ့သည်။

ယန်ယဲ့က သူတို့ကို မတိုက်ခိုက်ခဲ့ပေ။

သူကတစ်ဖက်လှည့်ဖြင့်

ထွက်ပြေးတာပါ။

ဤခဏလေးမှာပဲ ယန်ယဲ့၏ပုံရိပ်က

အဝေးဆီသို့ ပျောက်ကွယ်သွားခဲ့သည်။

ဒီကောင် ထွက်ပြေးတာလား ။

လူတိုင်း

အနည်းငယ်တော့အံ့သြသွားကြသည်။

ယန်ယဲ့ ကဲ့သို့ ရက်စက်ကြမ်းကြုတ်သူက

အမှန်တကယ်ထွက်ပြေးဖို့

မမျှော်လင့်ထားကြပေ။

သူက အနည်းငယ်တိုက်ခိုက်ဖို့ပင်

မကြိုးစားဘဲ

ချက်ချင်းထွက်ပြေးသွားခဲ့သည်။

လက်တွေ့မှာ

သူတို့မျှော်လင့်ထားသည့်အခြေအနေဟာ

မတူတော့ပေ။

တာအို လင်း ကိုယ်တိုင်ပင်

ထိုအခြေအနေကို မမျှော်လင့်ထားပေ။

ယန်ယဲ့ လိုအမြဲတမ်းဒေါသကြီးသူက

တုံ့ဆိုင်းခြင်းမရှိဘဲ

ထွက်ပြေးသွားခဲ့သည်လား။

"သူ့နောက်ကိုလိုက်..." လူသားအင်ပါယာ

အရှင် က အေးစက်စက်ပြောလိုက်ပြီး

နေရာမှာတင် ပျောက်သွားခဲ့သည်။

ယန်ယဲ့ သည်

အမြန်ထွက်ပြေးသွားသော်လည်း

သူ့အပေါ်ကို

အစွမ်းထက်အော်ရာအများအပြား

ပိတ်လှောင်ထားသေးကြောင်း

သတိထားမိသည်။

သို့သော် သူက မရပ်တန့်ဘဲ အရှိန်မြှင့်ကာ

ထွက်ပြေးသွားသည်။

၂ နာရီခန့်ကြာသောအခါ

လူသားအင်ပါယာအရှင် နှင့်အဖွဲ့က

ယန်ယဲ့ကို လိုက်မှီလာကြသည်။

ယန်ယဲ့ က တုန်လှုပ်မသွားဘဲ ဓားပျံကို

ထပ်ပြီးအရှိန်မြှင့်ကာ

အဆုံးမဲ့ကြယ်တာရာကောင်းကင်ပြင်ကို

ဖြတ်ပြေးသွားသည်။

သူ့မျက်နှာက လုံးဝကို တည်ငြိမ်နေပြီး စိတ်ပူပုံမပေါ်ပေ။

ဤအချိန်တွင် လူသားအင်ပါယာအရှင်၏အမူအရာက တော်တော်လေးကိုဆိုးရွားလာပါသည်။

ယန်ယွဲ့ သည် ဂရုမစိုက်ဘဲ လူသားကမ္ဘာဆီသို့ ဦးတည်လိုက်သည်။

သူက လူသားကမ္ဘာကို
ထွက်ပြေးနေတာလား ။

ဒီကောင် ဘာလုပ်ချင်နေတာလဲ ။

လူသားကမ္ဘာ၊ ဗဟိုစီရင်စု၊
ကောင်းကင်မြို့တော် ။

ကောင်းကင်မြို့တော် သည်

ဗဟိုစီရင်စု၏

အလယ်ဗဟိုတွင်တည်ရှိသည်။

လူသားအင်ပါယာအရှင်နေထိုင်ရာနေရာ

လည်းဖြစ်သည်။ ၎င်းသည်

လူသားကမ္ဘာ၏ ဗဟိုချက်ဖြစ်သည်။

နေမွန်းတည့်ချိန်…

ကောင်းကင်ယံမှ ဥက္ကာပျံကဲ့သို့

တောက်ပသော အလင်းတန်းများ

ဆင်းသက်လာသည်။

တောက်ပလွန်းလှသဖြင့်

ပူလောင်နေသော

နေအလင်းရောင်သည်ပင်

မှေးမှိန်သွားသယောင် ထင်ရလေသည်။

အလင်းတန်းများက မြို့နှင့် ၃

ကီလိုမီတာနီးပါးအကွာသို့

ရောက်ရှိလာသည်။ ထိုအချိန်တွင်

မြို့ထဲမှ အလင်းတန်းများ

ထွက်ပေါ်လာပြီး ကောင်းကင်ယံသို့

ပျံ့လွင့်လာသည်။ သို့သော်

ထိုအလင်းတန်းနှင့်

ထိတွေ့လိုက်သောအခါ

မီးရှူးမီးပန်းများကဲ့သို့ ချက်ချင်းပင်

ကွဲထွက်သွားသည်။

ခဏအကြာတွင် ကောင်းကင်မြို့အထက်

ကောင်းကင်ယံသို့ အလင်းတန်းများ

ရောက်ရှိလာသည်။ ဤအချိန်တွင်

ရွှေရောင်အလင်းလွှာတစ်ခုက

မြို့၏အထက် ကောင်းကင်ပြင်ကို

ရုတ်တရက် ဖုံးလွှမ်းသွားသည်။

အုန်း....

ရွှေရောင်အလင်းလွှာက လေထုထဲတွင် ပျံ့လွင့်နေသော အလင်းတန်းများကို ရပ်တန့်လိုက်သည်။ အလင်းတန်းများ ပြန့်ကျဲသွားသည်နှင့် မြို့အထက်ကောင်းကင်ယံ၌ အစိမ်းရောင်ဝတ်စုံဝတ်အမျိုးသားတစ်ဦး ပေါ်လာခဲ့သည်။

အခြားသူမဟုတ်ပေ၊ ယန်ယဲ့ပင်ဖြစ်သည်။

သော်လည်း

အစိမ်းရောင်အဝတ်အစားဝတ်

"မင်းဘယ်သူလဲ" မြို့ထဲမှ

ဒေါသတကြီးအော်သံ ပျံ့လွင့်လာသည်။

ယန်ယွဲ့ က အောက်ငုံ့ကြည့်ကာ "ငါ

မင်းအဖိုးပဲ"

ထိုစကားပြောပြီးသည်နှင့် ဓားကို

လက်နှစ်ဖက်ဖြင့် ကိုင်ကာ

ပိုင်းချလိုက်သည်။

ဆူး...

ကောင်းကင်ယံမှ စူးရှသော

ဓားစွမ်းအင်တစ်စင်း

ဆင်းသက်လာသည်။

ဂျုန်း…

ဓားစွမ်းအင်က ရွှေရောင်အလင်းလွှာကို အပိုင်းပိုင်းဆုတ်ဖြဲပစ်လိုက်သည်။

ဤအချိန်တွင် မြို့သူမြို့သားများ ထိတ်လန့်တုန်လှုပ်ကာ မြို့ပြင်သို့ ထွက်ပြေးသွားကြသည်။

ရွှေရောင်အလင်းလွှာကို

ဖျက်ဆီးပြီးနောက် ယန်ယဲ့ က

မရပ်တန့်ခဲ့ပေ။ ဓားကို လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်ပြီး နောက်တစ်ကြိမ်

ပိုင်းချလိုက်သည်။

ဂျိန်း...

ဝုန်း...

ခဏအကြာတွင်ပဲ တစ်မြို့လုံး

အပိုင်းပိုင်း ပြိုကျသွားသည်။

ဤအချိန်တွင် လူသားအင်ပါယာအရှင်

က မြို့အထက်ကောင်းကင်ယံသို့

ရောက်ရှိလာခဲ့သည်။ သို့သော်လည်း

ယန်ယွဲ့ သည်

ကောင်းကင်ယံ၌

ပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်။

တစ်ချိန်တည်းမှာပင် အဝေးကနေ

ရယ်မောသံများသာ ပျံ့လွင့်လာသည်

"လူသားအင်ပါယာအရှင်။

တခြားမျိုးနွယ်တွေလည်းပါတယ်။

အားလုံး

ငါနဲ့ကစားချင်တာလား။ ဒီလိုဆိုတော့

မင်းတို့နဲ့ အဆုံးထိ

ကစားပေးရတာပေါ့။ ဒီတစ်ခါ ငါ့ရဲ့

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ကို

အဆင့်ကိုမမြှင့်နိုင်ရင် ငါ့မျိုးရိုးနာမည်က "ယန်" မဟုတ်ဘူး"

Translated By NyiNyiSoe

May Be:

....

အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၅၁၃ -

ယန်ယဲ့၏အသံက ရှုးသွပ်မှု အပြည့်
သယ်ဆောင်လာသည်။

မျိုးနွယ်ခြား အသီးသီးက သူ့အား
အကြိမ်ပေါင်းများစွာ
လိုက်လံဖမ်းဆီးနေခဲ့သည်။ သူသည်
အကြီးအကျယ် ဒေါသထွက်နေခဲ့သည်။
ယခင်က သူသည် ဘာမှမတက်နိုင်ခဲ့ပေ။
အကြောင်းမှာ ထိုအချိန်က သူသည်
လုံလောက်အောင် မသန်မာသေးလို့ပါ။

လက်ရှိတွင်

သူ့ခွန်အားက  အလုံအလောက်ရှိနေပြီးဖြ

စ်ရာ ကြောက်ရွံ့မနေတော့ပေ။

ကောင်းကင်မြို့တော်၏

အထက်ကောင်းကင်ယံ၌

မြို့အပျက်အစီးများကို ငုံ့ကြည့်ရင်း

လူသားအင်ပါယာအရှင်၏ မျက်နှာက

အလွန်အမင်း အုံ့မှိုင်းနေသည်။

သူဘာတွေးနေမှန်းတော့ မသိနိုင်ပေ။

အားလုံးထဲမှာပင် အခြားမျိုးနွယ်ခြားမှ

ပညာရှင်များလည်း မျက်နှာအထက်တွင်

အံ့မှိုင်းသောအမှုအရာများ

ရှိနေသေးသည်။ သူတို့က ယန်ယဲ့၏

ရက်စက်ကြမ်းကြုတ်မှုကို

လက်တွေ့မြင်လိုက်ကြရသည်

မဟုတ်ပါလား…။

ဤအတောအတွင်း

လူသားအင်ပါယာအရှင်က ရုတ်တရက်

ပြောခဲ့သည်။

"သူရဲ့ ပင်ကိုယ်စွမ်းရည်နဲ့ခွန်အားက

ဘယ်လောက်အထိ

ကြောက်စရာကောင်းတယ်ဆိုတာ

မင်းတို့က

သတိထားမိလောက်ပြီးထင်ပါတယ်။

သူ့ရဲ့ကျင့်ကြံမှုအဆင့်က ခုန်ကျော်ပြီး

တိုးတက်သွားတယ်လို့ ဆိုနိုင်တယ်။ နောက်တစ်ကြိမ် သူငါတို့အရှေ့မှာ ပြန်ပေါ်လာရင် ငါတို့တွေ သူ့ကို သတ်ပစ်နိုင်ပါဦးမလား...။ ဒါမှမဟုတ် သူကပဲ ငါတို့အားလုံးကို သတ်ပစ်မလား...”

“ပညာရှင် (၁၇)ပါး။ ငါတို့ဘက်မှာ ပညာရှင် (၁၇)ပါး ရှိနေတယ်”

အဘိုးကြီးတစ်ယောက်က ရုတ်တရက်
ပြောခဲ့သည်။ “ပညာရှင် (၁၇)ပါးတောင်မှ
သူ့ကို မသတ်နိုင်ရင်
ငါတို့တွေလောကသုံးပါးရဲ့
ရယ်မောစရာတွေ ဖြစ်လာလိမ့်မယ်”

လူသားအင်ပါယာအရှင်က  အဘိုးကြီး
အား စူးစိုက်ကြည့်ကာ “ငါတို့
သူ့ကိုသတ်နိုင်ရင် လူဘယ်လောက်ပဲ
လှောင်ရယ်ရယ်အာရုံခံနေစရာမလိုဘူး။

ဒါပေမဲ့  ငါတို့သူ့ကို မသတ်နိုင်ရင်တော့

တကယ့်ကို

လှောင်ပြောင်စရာဖြစ်လာမှာ”

စကားပြောနေစဉ်သူက လူတိုင်းကို

တစ်ချက်ကြည့်လိုက်ပြီး “သူက

ဘယ်လောက်အထိ

ကြောက်စရာကောင်းတယ်ဆိုတာ

မင်းတို့တွေ သိကြပြီးထင်တယ်။ ဒါဆို

တစ်ခုလောက်မေးပါရစေ။ တကယ်လို့

သူသာ ပညာရှင်အဆင့်ကို

တက်လှမ်းသွားရင် မင်းတို့တွေ သူ့ကို

အနိုင်ယူနိုင်မယ်လို့

ဘယ်လောက်ယုံကြည်ချက်ရှိသလဲ...။

ပညာရှင်အဆင့်ကိုမပြောနဲ့ အခုတောင်

မင်းတို့သူ့ကိုအနိုင်ယူဖို့

ဘယ်လောက်ယုံကြည်မှုရှိသလဲ...”

လူတိုင်း တိတ်ဆိတ်နေခဲ့ကြသည်။

ဤအခိုက်အတန့်တွင် ပညာရှင်များက ယန်ယဲ့ကို ဘာမှမလုပ်နိုင်ကြောင်း သဘောပေါက်လိုက်ကြသည်။

အဘိုးကြီးတစ်ယောက်က "သူက လူသားမျိုးနွယ်ထဲကပဲ" ဟု ရုတ်တရက် ပြောလိုက်သည်။

အားလုံးက အဘိုးကြီးကို အံ့သြစွာ စိုက်ကြည့်နေကြသည်။ အဘိုးကြီး၏

ဆက်ပြောမည့်စကားကို

နားစွင့်နေကြတာပါ။

အဘိုးကြီးက “ဘာလို့ သူ့ကို

ငါတို့အတွက်အလုပ်လုပ်ပေးဖို့

မကာမ်းလှမ်းတာလဲ…။ သူသာ

ငါတို့အတွက် လုပ်ဆောင်ဖို့ ဆန္ဒရှိနေရင်

ငါတို့မဟာမိတ်အဖွဲ့က

အခြေအနေတော်တော်ကောင်းသွားလိမ့်

မယ်။ ဟုတ်တယ်

လက်ရှိအခြေအနေအောက်

တော်တော်လေး ခက်ခဲနေတယ်ဆိုတာ

ငါသိပါတယ်။ ဒါပေမဲ့ အဲ့ဒါကို

စမ်းကြည့်လို့ရတယ်။ ကျရှုံးရင်တောင်

သူ့ကို ဖယ်ရှားဖို့

အခွင့်အရေးရှိတယ်လေ။ မင်းတို့အားလုံး

ဘယ်လိုထင်လဲ…”

လူသားအင်ပါယာအရှင်က

ခဏတိတ်ဆိတ်သွားပြီး “သူက

ရှာမန်မျိုးနွယ်ရဲ့ ရှာမန်ဘုရင် ဟိုချင်နဲ့ တော်တော်လေးဆက်ဆံရေးကောင်းတယ်။ ဒါ့အပြင် အရင်နှစ်တွေတုန်းက ရှာမန်မျိုးနွယ်က သူ့ကို ကူညီခဲ့တယ်။ ငါတို့က ရှာမန်မျိုးနွယ်ကို ဆက်သွယ်ကြည့်ရင်ရော။ ဟုတ်တယ် ငါ့ကိုယ်ပိုင် အကြံပြုချက်ကတော့ သူ့ကို အယောင်ပြဖိတ်ခေါ်ပြီး ချောင်းမြောင်းလုပ်ကြံဖို့ပဲ။ ငါတို့ကို

လက်အောက်ခံဖို့ အကြံပေးတာက သူ့ကို

သွေးဆောင်နိုင်မယ်လို့မထင်ဘူး”

အဘိုးကြီးက ခေါင်းညိတ်ပြီး

“ကောင်းပြီ။ ဒါဆို ရှာမန်မျိုးနွယ်ကို

အကြောင်းကြားရအောင်။

ပြင်ဆင်မှုတွေလည်း

ကြိုပြီးလုပ်ထားကြမယ်။ ဒီတစ်ခါတော့

သူ့ကိုသတ်ပြီး အဲ့ဒီဝိညာဉ်အင်ပါယာကို

အပိုင်ယူကြတာပေါ့”

လူသားအင်ပါယာအရှင်က

အဘိုးကြီးအား စိုက်ကြည့်နေရင်း

"သတိထား..."

ထိုစကားကြားသည်နှင့် အဘိုးကြီး၏

ရှေ့တွင် ပုံရိပ်တစ်ခုပေါ်လာသည်။

အဖြူရောင်ဝတ်စုံဝတ်မိန်းမပျိုတစ်ဦးနှင့်

အစိမ်းရောင်ဝတ်စုံဝတ်အမျိုးသားတစ်

ဦးတို့ပင်။ လူနှစ်ယောက်စလုံးက

လေထုထဲကနေ ရုတ်တရက်

ထွက်ပေါ်လာသည်။

အဖြူရောင်ဝတ်စုံဝတ်မိန်းမပျိုက

အဘိုးကြီးနောက်ကွယ်တွင် ပေါ်လာပြီး

ဒူးတစ်ဖက်ထောင်ကာ

ဆောင့်လိုက်သည်။ တစ်ချိန်တည်းမှာပင်

ဓားတစ်ချောင်းက အဘိုးကြီး၏

လည်ကုပ်ဆီသို့ ထိုးသွင်းသွားသည်။

ထိုလူတစ်ယောက်က ယန်ယွဲ့နှင့်
အန်နန်ချင်တိုပင် ဖြစ်သည်။
သူတို့နှစ်ယောက်က ထွက်မသွားကြပေ။

"သူတို့ ထွက်မသွားဘူးလား...”

ဤနေရာရှိ လူတိုင်း၏မျက်နှာသည်
သိသိသာသာ ပြောင်းလဲသွားခဲ့သည်။
ယန်ယွဲ့သည် ထွက်မသွားဘဲ
ပုန်းအောင်းနေမည်ဟု

မမျှော်လင့်ထားခဲ့ပေ။ ထို့ပြင်သူက

အဖော်အမျိုးသမီးနှင့်ပင် ပြသခဲ့သည်။

အထူးသဖြင့် သူတို့

ပူးပေါင်းတိုက်ခိုက်လိုက်သော

အဘိုးကြီးအတွက်ပါ။

အဘိုးကြီး၏ဆံပင်များ  အဆုံးမဲ့

ထောင်မတ်နေခဲ့သည်။

“အန္တရာယ်။ အရမ်း အန္တရာယ်များတယ်”

အဘိုးကြီးက နောက်ပြန်ဆုတ်ရန်

ပြင်လိုက်စဉ်

အန်နန်ကျင်း၏နောက်ကွယ်မှ

သားရဲလေးတစ်ကောင် ရုတ်တရက်

ပေါ်လာသည်။

သိုင်းဝိညဉ်သားရဲ။

“ဝေါင်း…”

သိုင်းဝိဇ္ဇာသားရဲ့က အဘိုးကြီးကို

ဒေါသတကြီး ဟိန်းလိုက်ရာ

စိတ်ခဏတာလွတ်သွားသည်။

ဤအခိုက်အတန့်မှာပဲ အန်နန်ကျင်း၏

ညာဘက်ဒူးဆစ်က အဘိုးကြီး၏

မျက်နှာကို တိုက်ချသွားသည်။

“အုန်း...”

အဘိုးကြီး၏ခေါင်းက

ကွဲထွက်သွားသည်။ တစ်ချိန်တည်းမှာပဲ

ဓားက သူ၏ လည်ကုပ်ကို

ခုတ်ချလိုက်သည်။ သို့သော်

အဘိုးကြီး၏ ခန္ဓာကိုယ်က

ပျက်သွားသော်လည်း မူလဝိညာဉ်က

ခန္ဓာကိုယ်ထဲကနေ လွင့်မျောလာသည်။

လူက ထွက်ပြေးရန်

ကြိုပြီးစီစဉ်ထားပုံပါ။ မှန်သည်

မူလစိတ်ဝိညာဉ်ကို
ထိန်းထားနိုင်သရွေ့ သူ့ခွန်အားကို
ပြန်လည်ရရှိရန် ခက်ခဲမည်မဟုတ်ပေ။
ဤအတောအတွင်း ယန်ယဲ့က
လှုပ်ရှားရန် ပြင်လိုက်စဉ် အန်နန်ချင်က
သူ့ထက်ပင် မြန်နေသေး၏။

အန်နန်ကျင်း၏ပုံရိပ်က အဘိုးကြီး၏
မူလဝိညာဉ်ဆီသို့ ခုန်ဝင်သွားကာ
ဖမ်းဆုပ်လိုက်သည်။ အဘိုးကြီးက

သိသိသာသာ ထိတ်လန့်သွားပြီး

သူတစ်ခုခုပြောခါနီးတွင် အန်နန်ချင်၏

ခြေထောက်တစ်ဖက်

မြှောက်တက်လာကာ မူလဝိညာဉ်ကို

ကန်ထုတ်လိုက်သည်။

"ဖောင်း..."

ပေါက်ကွဲသံထွက်ပေါ်လာပြီး

အဘိုးကြီး၏ မူလဝိညာဉ်က ကွဲအက်ကာ

ပျောက်ကွယ်သွားသည်။

ဤအချိန်တွင် အန်နန်ကျင်း၏

နောက်ကွယ်၌ ပုံရိပ်များစွာ

ပေါ်လာသည်။

“သတိထား...”

ယန်ယဲ့က သတိပေးလိုက်ပြီး

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲပြီး

အန်နန်ကျင်းဆီသို့ တစ်ဟုန်ထိုး

ခုန်ဝင်လိုက်သည်။ အန်နန်ကျင်းက

နောက်သို့ လျင်မြန်စွာ လှည့်ကာ

သူမ၏လက်ကို အနည်းငယ် မြှောက်ပြီး

အောက်ကို ဆတ်ခနဲ ဖိလိုက်သည်။

“အုန်း...”

အန်နန်ကျင်းကို ဗဟိုပြုလျက်
ကြောက်မက်ဖွယ် အားလှိုင်းများ
ဖြာထွက်လာသည်။ ၎င်းသည်
မည်သည့်အရာကိုမဆို ချေမှုန်းနိုင်သော
မြစ်တစ်စင်းလိုပင်။ သူ့ရှေ့ရှိ
ပညာရှင်များက သတိလွတ်နေသဖြင့် ၁
ကီလိုမီတာအကွာအထိ  နောက်ပြန်လွင့်
ထွက်သွားခဲ့သည်။ သို့သော်လည်း
အန်နန်ချင်က ယန်ယဲ့ဘက်သို့

ဆုတ်သွားပြီး သူမ၏ မျက်နှာလေးက

အနည်းငယ် ဖျော့တော့နေသည်။

ယန်ယဲ့က တိုးတိုးလေးမေးလိုက်သည်။

“မင်းအဆင်ပြေရဲ့လား…”

အန်နန်ကျင်းက ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်သည်။

“ငါနောက်ထပ် နှစ်ယောက်လောက်တော့

တိုက်ခိုက်နိုင်သေးတယ်”

ယန်ယွဲ့သည် ဘာပြောရမှန်းကိုပင်
မသိတော့ပေ။

လူသားအင်ပါယာအရှင်က ရုတ်တရက်
“မင်းက ဘယ်သူလဲ…။ မင်းမှာ
သိုင်းဝိဉာဉ်သားရဲရှိတယ်”

အန်နန်ကျင်းက
လူသားအင်ပါယာအရှင်ကို

စိုက်ကြည့်ရင်း "ငါနင့်ကို ပြောဖို့ စိတ်မဝင်စားဘူး"ဟုသာ ပြန်ဖြေသည်။

လူသားအင်ပါယာအရှင်၏မျက်နှာပေါ်တွင် မမြင်နိုင်သော အမူအရာတစ်ခု ချက်ချင်းပေါ်လာသည်။ ၎င်းသည် သူ့အား မျက်နှာသာ မပေးဘဲ ပေါ်တင် ပါးဖြတ်ရိုက်လိုက်သလိုပင်။ သူက ချက်ချင်းတိုက်ခိုက်ရန် ပြင်လိုက်သည်။ သို့သော် ယန်ယဲ့က အန်နန်ကျင်းကို

ဖမ်းကိုင်လျက် ကောင်းကင်အထက်သို့ ပျောက်ကွယ်သွားသည်။

"သူတို့နောက်ကိုလိုက်"

လူသားအင်ပါယာအရှင်က အမိန့်ပေးလိုက်သည်။ အားလုံးက လေထဲသို့ ပျံတက်သွားကြသည်။

ကောင်းကင်အဝေးတစ်နေရာတွင်

ဤအချိန်မှာ ယန်ယွဲ့နှင့်

အန်နန်ကျင်းတို့နှစ်ယောက်စလုံး

အရှိန်ကိုအကန့်အသတ်အထိ

မြှင့်တင်ထားကြသည်။

သူတို့နောက်ကွယ်တွင်

ပညာရှင် တစ်ဒါဇင်ကျော်

လိုက်ပါလာသည်။

သို့သော်လည်း ယန်ယဲ့၏ မျက်လုံးထဲ၌ စိတ်လှုပ်ရှားမှုများ ရှိနေသည်။ ချက်ချင်း သတ်ဖြတ်နိုင်သည်။ သူတို့နှစ်ယောက်၏ ပူးပေါင်းတိုက်ခိုက်မှုက ပညာရှင်တစ်ပါးကို ချက်ချင်းသတ်ဖြတ်နိုင်ခဲ့သည်။ သို့သော် လက်ရှိက ပညာရှင်တစ်ပါး သို့မဟုတ် နှစ်ပါး မဟုတ်ပါ။ တစ်ဒါဇင်ခန့်ရှိသော ပညာရှင်အုပ်စုပင်ဖြစ်သည်။

သူတို့နှစ်ယောက်ပူးပေါင်းထားသည့်တိုင်

ပညာရှင်တစ်ဒါဇင်ခန့်ကို

ယှဉ်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့်

ထွက်ပြေးနေရ၏။

အန်နန်ကျင်းက “နင့်မှာ

အစီအစဉ်ရှိသလား…”

ယန်ယွဲ့က သူတို့နောက်ကို

တစ်ချက်ကြည့်လိုက်ပြီး

အနည်းငယ်ပြုံးကာ “သူတို့

ငါတို့နောက်ကို ဆက်လိုက်နေပါစေ။

ငါတို့က သူတို့နဲ့ ဖြည်းဖြည်းချင်းစီ

ကစားကြတာပေါ့”

ဤအချိန်တွင် ယန်ယဲ့၏ စိတ်ထဲ၌

ယန်လျန်ရှမ်း၏အသံထွက်ပေါ်လာသည်

။ “ကောင်းကင်မြို့တော်ကို

ဖျက်ဆီးခဲ့တာလား…”

ယန်ယဲ့က “မင်းရတဲ့ သတင်းက မြန်လိုက်တာ”

ယန်လျန်ရှမ်းက ခဏတိတ်ဆိတ်သွားပြီး “အခြေအနေက သိပ်မကောင်းဘူး။ မျိုးနွယ်ခြားမဟာမိတ်အဖွဲ့က နင့်ကိုသတ်ဖို့ နောက်ထပ် ပညာရှင်တွေစေလွှတ်လိုက်ပြီးဆိုတဲ့ သတင်းကို အခုလေးတင် ငါရလိုက်တယ်။

အဲ့ဒီပညာရှင်တွေဆီကနေ လွတ်မြောက်ဖို့

နည်းလမ်းရှာရမယ်။ ဒါမှမဟုတ်ရင်

ဝိုင်းထားခံရလိမ့်မယ်”

ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး

“သူတို့ရှုံးသွားပြီးလား…။

အလယ်စျာန်သခင် နှစ်ပါးကို သတ်ဖို့

ဘယ်လောက်တောင် စီစဉ်ထားသလဲ…”

ယန်လျန်ရှမ်းက “ဒါဟာ နင့်အမှားပဲ

နင့်မှာ ဝိဉာဉ်အင်ပါယာ ရှိတယ်။ ဒါ့အပြင်

နင်က အန်နန်ကျင်းနဲ့ပေါင်းပြီး

ပညာရှင်တွေကို သတ်ခဲ့တယ်။ ဒီတော့

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့က နင်တို့

နှစ်ယောက်စလုံးဆီကနေ ခြိမ်းခြောက်မှု

ခံစားလိုက်ရတာပဲ။ တကယ်လို့ သူတို့က

နင့်ကိုအခုနေမဖယ်ထုတ်နိုင်ရင်

နင်တို့နှစ်ယောက်စလုံး

ပညာရှင်တွေဖြစ်လာတာနဲ့

သူတို့အကုန်လုံး သေသွားနိုင်တယ်”

ယန်ယဲ့က

တစ်ခုခုပြောချင်နေသော်လည်း

ယန်လျန်ရှမ်းက “ကောင်းပြီ သူတို့ကို

ချန်ထားဖို့ နည်းလမ်းရှာပါ မဟုတ်ရင်

ပိုဆိုးတဲ့အခြေအနေရောက်လာလိမ့်မယ်။

နင်တို့နှစ်ယောက်စလုံးက အနည်းဆုံး

ပညာရှင်(၂၅)ပါးရဲ့

ပူးပေါင်းတိုက်ခိုက်မှုတွေကို

အနိုင်ယူနိုင်တယ်လို့တော့ ငါ့ကိုမပြောနဲ့"

ယန်ယဲ့က အန်နန်ချင်ကို

စကားပြန်မပြောသေးဘဲ အန်နန်ချင်နှင့်

အကြည့်ချင်းဖလှယ်ပြီး

"မင်းဘယ်လိုထင်လဲ..."

အန်နန်ကျင်းက "ဒါက

နင့်အတွက်ပဲ"ဟုသာ ပြန်ဖြေသည်။

ယန်ယွဲ့က

ခါးသက်သက်ရယ်မောလိုက်သည်။

“မင်းကို ချောက်ထဲ ဆွဲချမိမှာ

စိုးရိမ်မိတယ်”

အန်နန်ကျင်းက ယန်ယွဲ့ကို စိုက်ကြည့်ရင်း

မေးခွန်းဖြင့် ပြန်ဖြေသည်။ “နင်လား…”

ယန်ယဲ့က ပြုံးပြီး “ငါ့ဘဝမှာ
ကံအကောင်းဆုံးအရာက
မင်းနဲ့တွေ့တာပဲ”

အန်နန်ကျင်းနှင့် သူ၏ဆက်ဆံရေးက
စကားလုံးများဖြင့် ဖော်ပြရန်
မဖြစ်နိုင်ခဲ့ပေ။ အန်နန်ကျင်းက
ယန်ယဲ့ကို စိုက်ကြည့်ကာ
ဘာမှပြန်မပြောခဲ့ပါ။ သူမ၏ ဘဝ
တစ်သက်တာတွင်

အလေးအနက်ထားသောအရာ နှစ်ခုသာရှိခဲ့သည်။ တစ်ခုမှာ သိုင်းပညာတာအိုနှင့် အခြားတစ်ခုမှာ ယန်ယဲ့သာဖြစ်သည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး "ငါ့မှာ အကြံတစ်ခုရှိတယ်"

သူမက ယန်ယဲ့ကို စိုက်ကြည့်ရင်း

"ဘာလဲ..."

ယန်ယဲ့ကပြုံးပြီး

"မင်းမကြာခင်သိလိမ့်မယ်"

စကားပြောနေစဉ် ယန်ယဲ့က

ရပ်သွားလိုက်သည်။ ဤအတောအတွင်း

လူသားအင်ပါယာအရှင်က သူတို့နှင့်

မလှမ်းမကမ်း၌ ပေါ်လာသည်။ ယန်ယဲ့နှင့်

အန်နန်ကျင်းတို့နှစ်ယောက်ရပ်နေသည်
ကို မြင်သောအခါ
လူသားအင်ပါယာအရှင်အပါအဝင်
အခြားသူတိုင်း ချက်ချင်းပင်
သတိအပြည့်ရှိလာကြသည်။

လူသားအင်ပါယာအရှင်က
ပတ်ဝန်းကျင်ကိုတစ်ချက်ကြည့်လိုက်ပြီး
ယန်ယဲ့ကိုစူးစိုက်ကြည့်ကာ

“ဘာလဲ မင်းရဲ့ ကံကြမ္မာကို
လက်ခံလိုက်ပြီးလား…”

ယန်ယဲ့က “လူသားအင်ပါယာအရှင်။
လူသားမျိုးနွယ်မှာ
ပညာရှင်ဘယ်လောက်ရှိသလဲ…။
ဒါမှမဟုတ် မင်းရဲ့လက်အောက်မှာ
ပညာရှင်
ဘယ်နှစ်ပါးရှိသလဲလို့မေးရမှာပေါ့”

လူသားအင်ပါယာအရှင်က

မျက်မှောင်ကြုတ်ကာ “မင်းဘာပြောဖို့

ကြိုးစားနေတာလဲ..."

ယန်ယဲ့ကပြုံးပြီး “ဘာမှမဟုတ်ပါဘူး။

ငါမင်းကို

အခုကစလို့ တစ်ယောက်တည်း

ရှိနေတော့မယ်လို့ပြောချင်တယ်”

လူသားအင်ပါယာအရှင်က

စကားပြန်ပြောခါနီးတွင် သူ့ရှေ့ရှိ

အာကာသပြင်သည်

အနည်းငယ်တုန်ခါသွားသည်။ အချိန်အ

နည်းငယ် အကြာတွင် သူ၏အမူအရာက

သိသိသာသာ ပြောင်းလဲသွားသည်။

သူက ယန်ယွဲ့ကိုစိုက်ကြည့်ကာ

ဒေါသတကြီးအော်ငေါက်လိုက်သည်။

“ယန်ယဲ့ မင်းက နတ်မျိုးနွယ်နဲ့
တကယ်ပူးပေါင်းလိုက်တာပဲ
မင်း...မင်း...”

ယန်ယဲ့က ဂရုမစိုက်ဘဲ
စကားဖြတ်ပြောလိုက်သည်။ "ဟုတ်တယ်
ငါက နတ်မျိုးနွယ်နဲ့ ပူးပေါင်းထားတယ်။
လူသားအင်ပါယာအရှင် ငါမင်းကို
တစ်ခုလောက်ပြောပါရစေ။
နတ်မျိုးနွယ်က သူတို့

မင်းကိုမဖယ်ရှားနိုင်ရင် ငါယန်ယဲ့ ငါ့ကို

လိုက်ရှာဖို့ ကြိုးစားတဲ့

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ထဲက

ဘယ်ပညာရှင်ကိုမှ

လွှတ်ပေးမှာမဟုတ်ဘူး။ ကောင်းပြီ

ဒါ့အပြင် ငါ့ခါးတာအိုကို

ဆက်မလျှောက်တော့ဘူးလို့

ဆုံးဖြတ်လိုက်ပြီ။ ငါက

သတ်ဖြတ်ခြင်းတာအိုကို လျှောက်မယ်။

ငါ့တာအိုက သတ်ဖြတ်ခြင်းတာအိုပဲ”

Translated by NyiNyiSoe.

May Be:

....

အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၅၁၄ -

ရုတ်တရက် မိုးကြိုးတိမ်တိုက်များ

ပေါ်လာကာ ယန်ယဲ့ကို ပစ်ချလိုက်သည်။

ယန်ယဲ့သည် ရုတ်တရက်

ကျရောက်လာသော

လျှပ်စီးကြောင်းကြောင့်

ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

“သောက်ကျိုးနည်း ဒါဘာကြီးလဲ…”

အန်နန်ကိုင်းက သူမ၏
ဘယ်လက်ကိုပင့်ပြီး အပေါ်ကို
ပင့်ရိုက်လိုက်သည်။

“အုန်း…”

လျှပ်စီးကြောင်းက ချက်ချင်းပင်
အပိုင်းပိုင်းပြတ်တောက်သွားသည်။
ဤအချိန်တွင် အန်နန်ကျင်း က
ယန်ယွဲ့ကိုတစ်ချက်စိုက်ကြည့်နေသည်။

ယန်ယဲ့သည် အံ့အားသင့်သွားသည်။

နတ်လျှပ်စီးကြောင်းက

သာမန်မဟုတ်ပေ။

တစ်နည်းအားဖြင့် ကောင်းကင်ဘုံက

သူ့အပေါ် ဒဏ်ခတ်လိုက်ခြင်းပင်။

"သတ်ဖြတ်ခြင်းတာအိုကို

လျှောက်မှာလား…”

လူသားအင်ပါယာအရှင်က

ရုတ်တရက်  အေးစက်စက် လေသံဖြင့်

“ယန်ယဲ့၊ ကောင်းကင်ဘုံတောင်မှ မင်းရဲ့

စကားတွေကို သည်းမခံနိုင်ဘူး”

ယန်ယဲ့က ဂရုမစိုက်ဘဲ “ဒါဆို ဘာလဲ

ငါကြောက်နေပုံ ပေါ်လို့လား…။

လူသားအင်ပါယာအရှင်

ငါမင်းကိုတကယ်လေးစားတယ်။

လူသားမျိုးနွယ်က နတ်မျိုးနွယ်ရဲ့

တိုက်ခိုက်တာကို

ခံနေရတာတောင်မှ မင်းကအတော်လေး

တည်ငြိမ်နေတယ်။ အံ့သြစရာပဲ။

တကယ်ကို အံ့သြစရာကောင်းပါတယ်။

ဒါပေမဲ့ မင်းပြန်သွားရင်

တစ်ယောက်တည်း ကျန်နေခဲ့မှာ

မစိုးရိမ်ဘူးလား…”

လူသားအင်ပါယာအရှင်က ရုတ်တရက်

ရယ်မောလိုက်ပြီး“ယန်ယဲ့ မင်းက

ငါတို့ကို နည်းနည်းလေးပဲ

ထင်နေတာလား...”

ယန်ယဲ့သည်

မျက်မှောင်ကြုတ်လိုက်သည်။ ဒီအချိန်မှာ

သူ့ခေါင်းထဲတွင်

တင်ရှောက်ယောင်၏အသံ

ပဲ့တင်ထပ်လာသည်။

“မျိုးနွယ်ခြားမဟာမိတ်အဖွဲ့က

ဗုဒ္ဓလမ်းစဉ်ရဲ့

အထောက်အပံ့ကိုရရှိထားတယ်။

ထွက်သွားပါ”

“ဗုဒ္ဓလမ်းစဉ်”

လူသားအင်ပါယာအရှင်ကို

စူးစိုက်ကြည့်နေသည်။ ဗုဒ္ဓလမ်းစဉ်က

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ကို

ကူညီမည်ဟု မမျှော်လင့်ထားခဲ့ပေ။

သေချာသည်မှာ

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့က

တစ်စုံတစ်ခုပေးဆပ်ထားပုံရသည်။

ယန်ယဲ့က သူ့အတွေးကို ထိန်းကာ

လူသားအင်ပါယာအရှင်ဘက်ကို

တစ်ချက်ကြည့်လိုက်ပြီး "ငါဒါကို

မှတ်ထားမှာပါ။ မင်းတို့လည်ပင်းတွေကို

သန့်သန့်ရှင်းရှင်းထားပြီး ငါ့ကိုစောင့်နေ"

စကားပြောပြီးသည်နှင့် နှစ်ယောက်စလုံး ပျောက်ကွယ်သွားသည်။

ဤအချိန်တွင်

လူသားအင်ပါယာအရှင်က

တိုက်ခိုက်ရန်ပြင်လိုက်၏။ သို့သော်

သူတို့ပတ်ဝန်းကျင်ရှိ လောကတစ်ခုလုံး

အသွင်းပြောင်းသွားသောကြောင့်

လူတိုင်း မျက်နှာပျက်သွားကြသည်။

အထက်ကောင်းကင်ယံက ချက်ချင်းပင်

အမှောင်အတိကျသွားကာ

သူတို့အပေါ်တွင် မရေမတွက်နိုင်သော

ကြယ်တာရာများ ပေါ်လာသည်။

ကြယ်တာရာများပေါ်လာသည်နှင့်

လူရိပ်တစ်ခုက ထွက်ပေါ်လာသည်။

၎င်းက အခြားမဟုတ်ပေ နတ်မျိုးနွယ်၏

စစ်ဗျူဟာမှူး

တင်းရှောက်ယောင်ပင်ဖြစ်သည်။

လူသားအင်ပါယာအရှင်နှင့်

အခြားလူတိုင်း၏အမူအရာများက

အတော်လေး ဆိုးရွားသွားသည်။

နတ်မျိုးနွယ်က ယန်ယဲ့ကို ပေါ်တင်

ကာကွယ်ပေးနေသည် မဟုတ်ပါလား။

သို့သော်

ကြယ်တာရာကောင်းကင်အထက်တွင်

ရွှေရောင်အလင်းများ ရုတ်တရက်

ပေါ်လာသည်။ ထိုတခဏလေးအတွင်း

အထက်မှ ပုံရိပ်ကြီးတစ်ခုပေါ်လာသည်။

၎င်းက ယန်ယဲ့နှင့် အန်နန်ကျင်းတို့

နှစ်ယောက်ကို တားဆီးကာ

တင်ရှောက်ယောင်၏

ကြယ်တာရာအစီအရင်ကိုပင်

ရပ်တန့်စေလိုက်သည်။

“ဗုဒ္ဓလမ်းစဉ်က ရောက်လာပြီ”

ယန်ယဲ့က သူ၏ လက်သီးများကို

ဖြည်းညင်းစွာ ဆုပ်လိုက်သည်။

ဤအချိန်တွင်

တင်းရှောက်ယောင်၏အသံက

သူ့စိတ်ထဲတွင် ပေါ်လာသည်။

“၁၀ မိနစ်လောက်ပဲစောင့်”

တစ်ချိန်တည်းမှာပင် သူတို့အပေါ်ရှိ

ရုပ်ထုက ဆတ်ခနဲ့ပြောလိုက်သည်။

“သခင်ယန်၊ မင်းက ကြီးလေးတဲ့

ရာဇဝတ်မှုတွေ ကျူးလွန်ထားတယ်။
အကုသိုလ်ကံတွေ အများကြီး
ကျူးလွန်ခဲ့တာပဲ။ ကောင်းပြီ၊
ငါမင်းကိုဖယ်ရှားပြီး ဒီလောကအတွက်
ငြိမ်းချမ်းမှု ယူဆောင်လာဖို့
ဆုံဖြတ်ခဲ့တယ်။ ဒီတော့
ဒီနေ့ရောက်လာတဲ့ အကြောင်းအရင်းပဲ”

စကားပြောပြီးသည်နှင့် ရှေ့ရုပ်ထုက
ယန်ယဲ့ဆီသို့လက်ချောင်းတစ်ချောင်း

ဆန့်ကာ

ဖိချလိုက်သည်။ လက်ချောင်းမှထွက်

လာသော ဖိအားကြောင့်

လောကတစ်ခုလုံးပင်။

အသွင်းပြောင်းသွားလေတော့သည်။

ယန်ယဲ့က လှူပ်ရှားရန်

ပြင်လိုက်သော်လည်း

အန်နန်ကျင်းကပိုမြန်နေ၏။ ရွှေရုပ်ထုက

တိုက်ခိုက်လိုက်သည်နှင့် အန်နန်ကျင်းက

ရှေ့သို့ ခုန်ထွက်သွားပြီး

ဆောင့်ကန်လိုက်သည်။ သို့သော်

ရွှေရုပ်ထု၏ လက်ချောင်းရှေ့တွင်

သူမ၏ပုံရိပ်က

အလွန်သေးငယ်နေပါသည်။

ကျောက်တုံးကို ဖျက်ဆီးရန်

ကြိုးစားနေသည့်

ကျောက်စရစ်ခဲလေးတစ်လုံးလိုပင်။

သို့သော်လည်း

ရောမလက်ချောင်းကြီးနှင့်

မီတာ(၁၀၀)အကွာသို့

ရောက်လာသည့်အခါ အန်နန်ကျင်းက

သူမ၏ လက်သီးနှစ်ဖက်ကို ချက်ချင်း

ဆောင့်ထိုးလိုက်သည်။

"အုန်း...”

လက်သီးမှ ပြင်းထန်သော

စွမ်းအားလှိုင်းများ ထွက်ပေါ်လာပြီး

ရှေ့လက်ချောင်းကို နောက်ပြန်

တွန်းထုတ်လိုက်သည်။ သို့သော်လည်း

အန်နန်ကျင်း၏ပုံရိပ်က

ယန်ယဲ့၏နောက်ကွယ်သို့

ရောက်သည်အထိ ပြန်ဆုတ်လာရသည်။

သို့သော် ဤမြင်ကွင်းကို ကြည့်နေသော

လူသားအင်ပါယာအရှင်နှင့်

အခြားလူတိုင်း၏မျက်နှာပေါ်တွင်
မကျေနပ်သော
အမူအရာများရှိနေကြသည်။

နောက်ထပ်ထူးခြားတဲ့ ညဏ်ကြီးရှင်။

ရွှေရောင်ရုပ်ထု၏အကြည့်က
အန်နန်ကျင်းအပေါ်သို့ကျဆင်းလာသည်
"ဒီလောက်တောင် ခုခံနိုင်တယ်။ မင်းက

တကယ်ကို ထူးခြားတဲ့ မိန်းကလေးပဲ။
ငါ့ဗုဒ္ဓလမ်းစဉ်ကို ဘာလို့မဝင်တာလဲ…”

အန်နန်ချင်က ယန်ယွဲ့၏နံဘေးကို
လျှောက်သွားပြီး ရွှေရုပ်ထုကို
စိုက်ကြည့်ကာ “နင်
အိမ်မက်မက်နေတာပဲဖြစ်မယ်”

ရွှေရုပ်ထုက “ဒီလိုဆို မင်းတို့
နှစ်ယောက်စလုံးကို ငရဲပြည်ကို

အလယ်ပို့ပေးရမှာပေါ့” ဟု
ပြန်ပြောသည်။

ထိုစကားပြောပြီးသည်နှင့်
တိုက်ခိုက်ရန်ပြင်လိုက်သည်။ သို့သော်
အာကာသပြင် အနက်ရှိုင်းဆုံးအပိုင်းမှ
ကြယ်တာရာအလင်းတန်းတစ်ခု
ဆင်းသက်လာပြီး ရွှေရုပ်ထုကို
ထိမှန်သွားသည်။

“အုန်း…”

နားကွဲမတတ်တတ်ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။

ဤအချိန်တွင် တင်ရှောက်ယောင်က ယန်ယွဲ့နှင့် အန်နန်ကျင်းတို့ မလှမ်းမကမ်းတွင် ပေါ်လာသည်။ ထို့ပြင် သူမ၏နောက်ကွယ်၌

ခရမ်းရောင်ဝတ်ရုံအဘိုးကြီး

သုံးဦးရှိနေလေသည်။

“နတ်မျိုးနွယ်”

လူသားအင်ပါယာအရှင်နှင့်

အခြားလူတိုင်း သိသိသာသာ

နိုးကြားလာခဲ့သည်။

တင်းရှောက်ယောင်က ယန်ယဲ့နှင့်

အန်နန်ကျင်း ကို စိုက်ကြည့်ပြီးနောက်

ရွှေရုပ်ထုကို စိုက်ကြည့်ရင်း

“ဗုဒ္ဓလမ်းစဉ်က

သန်မာတဲ့သူတစ်ယောက်ကို

စေလွှတ်လိုက်တာပဲ”

သူမပြောပြီးသည်နှင့်

အဘိုးကြီးသုံးယောက်က

ကောင်းကင်အထက်သို့ ပျံတက်ကာ

ရှေ့ရုပ်ထုကို တိုက်ခိုက်လိုက်သည်။

ဤအချိန်တွင် တင်ရှောက်ယောင်က

ကောင်းကင်ယံရှိတိုက်ပွဲကို

လျစ်လျူရှုကာ ယန်ယွဲ့နှင့်

အန်နန်ကျင်းကို စိုက်ကြည့်ရင်း

"သွားရအောင်”

ယန်ယွဲ့က တင်ရှောက်ယောင်ကို

တစ်ချက်ကြည့်လိုက်ပြီး

“ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့

လောလောဆယ် မင်းနဲ့ မထားခဲ့ချင်ဘူး”

တင်းရှောက်ယောင်က

အံ့သြသွားပြီး“ဘာကိုဆိုလိုတာလဲ...”

ယန်ယွဲ့က ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး

အနည်းငယ်ပြုံးကာ “နတ်မျိုးနွယ်က

ငါ့ကို ထာဝရမကာကွယ်နိုင်သလို

ငါလည်း တစ်သက်လုံး

အကာအကွယ်မလိုချင်ဘူး။ ငါက သူတို့နဲ့

ရန်ငြိုးရှိတာကို ငါ့ဘာသာ ဖြေရှင်းမယ်”

ဤအထိ ပြောပြီးနောက်

လူသားအင်ပါယာအရှင်နှင့် အဖွဲ့ကို

စိုက်ကြည့်လိုက်သည်။ “ဒီအချိန်ကစလို့

ငါ ယန်ယဲ့က

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ရဲ့

အဖွဲ့ဝင်တွေကို သတ်ဖို့ပဲ လုပ်တော့မယ်။

အခြား ဘာမှမလုပ်တော့ဘူး။ တစ်နှစ်နဲ့

မသတ်နိုင်ရင် ဆယ်နှစ်လုပ်မယ်။

ဆယ်နှစ်နဲ့

မသတ်နိုင်ရင်  တောက်လျှောက်

သတ်ပစ်မယ်”

ဤအချိန်တွင် အန်နန်ကျင်းက

ရုတ်တရက် “ငါနင်နဲ့လိုက်ခဲ့မယ်”

ယန်ယဲ့က ရယ်မောလိုက်ပြီး

သူမနှင့်အတူ ကောင်းကင်အထက်သို့

ပျောက်ကွယ်သွားသည်။

တစ်ချိန်တည်းမှာပင်

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့မှ

ပညာရှင်များ၏မျက်နှာက  အလွန်ဆိုး

ရွားသော အမူအရာများရှိနေသည်။

အဆုံးတွင် ယန်ယဲ့ကို

မသတ်နိုင်ခဲ့သေးပေ။

ယန်ယဲ့၏ခွန်အားကို အခြေခံ၍

ထိပ်တိုက်ရင်ဆိုင်ခြင်းမပြုဘဲ

လုပ်ကြံသတ်ဖြတ်လျှင် ဤနေရာရှိ

မည်သူမှ

လွတ်မြောက်နိုင်မည်မဟုတ်ပေ။

လူသားအင်ပါယာအရှင် ကိုယ်တိုင်ပင်

တွေးပြီးထိတ်လန့်နေမိသည်။ ထို့ပြင်

သူတို့နှစ်ယောက်က လက်ရှိတွင်

ကြောက်စရာအကောင်းဆုံးအပိုင်းမဟု

တ်ပေ။ ကြောက်စရာအကောင်းဆုံး

အပိုင်းက မဝေးတော့သည်

အနာဂတ်တွင်

၎င်းတို့၏ခွန်အားဖြစ်သည်။

ရုတ်တရက် ကောင်းကင်ယံတွင်

ပေါက်ကွဲသံတစ်ချက်ထွက်ပေါ်လာသည်

။ လူတိုင်း

မော့ကြည့်လိုက်ရာ  ရွှေရုပ်ထုပေါက်ကွဲ

သွားသည်ကို တွေ့လိုက်ရသည်။

ခဏအကြာတွင်

ခရမ်းရောင်ဝတ်စုံအဘိုးကြီးသုံးယောက

တင်းရှောက်ယောင်အနားသို့

ပြန်ရောက်လာခဲ့သည်။

တင်းရှောက်ယောင်က

လူသားအင်ပါယာအရှင်ကို

စိုက်ကြည့်လျက်

"မျိုးနွယ်ခြားမဟာမိတ်အဖွဲ့တွေလား။

ငါပြောတာကိုယုံလိုက်။

ဒီကပ်ဘေးပြီးသွားရင်တော့ နင်တို့တွေ

မျိုးနွယ်စုတိုင်းက အင်အား

လက်တစ်ဖက်စာထက်

ပိုပြီးကျန်နေမှာမဟုတ်ဘူး”

စကားပြောပြီးနောက်

တင်ရှောက်ယောင်က အဘိုးကြီး

သုံးယောက်နှင့်အတူ ထွက်သွားသည်။

ကျန်လူများက နေရာတွင်

တိတ်ဆိတ်နေခဲ့သည်။ ဤအချိန်တွင်

ပတ်ဝန်းကျင် လေထုသည်

လေးလံနေခဲ့သည်။

လူသားအင်ပါယာအရှင်က

အဝေးတစ်နေရာသို့

လှမ်းကြည့်လိုက်ရင်း “ယန်ယဲ့နဲ့

အဲ့ဒီအမျိုးသမီးက လူသားကမ္ဘာကို

ရောက်သွားပြီ”

ထိုစကားပြောပြီးသည်နှင့် နေရာတွင်ပင် ပျောက်သွားသည်။ လူတိုင်း အကြည့်ချင်းဖလှယ်ပြီး နောက်ဆုံးတွင် လူသားအင်ပါယာအရှင်နောက်ကို လိုက်ပါဖို့သာ ရွေးချယ်လိုက်သည်။

လူသားကမ္ဘာ၊ ကောင်းကင်မြို့တော်

ယန်ယွဲ့နှင့် အန်နန်ကျင်းက ဤနေရာကို နောက်တစ်ကြိမ်ပြန်ရောက်လာသည်။

ယန်ယဲ့က မြို့တောင့်တစ်နေရာတွင်
ဆင်းလိုက်ပြီးနှင်းပွင့်ကို
ဆင့်ခေါ်လိုက်သည်။

ထို့နောက်သူမ၏ ခေါင်းလေးကို
ပွတ်သပ်ကာ “အားလုံးကို စုပ်ယူလိုက်”

နှင်းပွင့်က ယန်ယဲ့၏
ဆိုလိုရင်းကို  နားလည်ပုံရသည်။
သူမ၏ပါးစပ်သေးသေးလေးကို

ဟလျက် ပေါ့ပေါ့ပါးပါး

ရှူသွင်းလိုက်သည်။

ထိုခဏလေးတွင် မြို့ထဲရှိ

ဝိညာဉ်စွမ်းအင်များ

ချက်ချင်းပျောက်ကွယ်သွားတော့သည်။

ဤအခိုက်အတန့်တွင် တစ်မြို့လုံး

ကျယ်လောက်သော ဆူညံသံများ

ဖုံးလွှမ်းသွားသည်။

"ဘာတွေဖြစ်နေတာလဲ...”

လူတိုင်း

ထိတ်လန့်တကြားဖြစ်နေကြသည်။

ခဏအကြာတွင် မြို့ထဲရှိ ဝိညဉ်စွမ်းအင်

(၉၀%)နီးပါး ပျောက်ကွယ်သွားသည်။

ဤအချိန်တွင် တစ်မြို့လုံး

အပျက်အစီးနယ်မြေ

အဖြစ်ပြောင်းလဲသွားခဲ့သည်။

ယန်ယဲ့က ရုတ်တရက် “တော်တော့ ဒါဆို လုံလောက်ပြီ”

သို့သော် နှင်းပွင့်က ပို၍ စုပ်ယူနေသေးသည်။ ယန်ယဲ့က သူမကို ထပ်ခါထပ်ခါ ပြောလိုက်သည်။

“ဒါဆို လုံလောက်ပြီ”

နှင်းပွင့်က ယန်ယဲ့ကို ငုံ့ကြည့်ပြီး

ခေါင်းယမ်းပြသည်။

ယန်ယဲ့၏မျက်နှာက

မည်းမှောင်သွားသည်။

“ဒီကလေး လုယက်တာကို

စွဲလမ်းနေသလား…”

ယန်ယဲ့က နှင်းပွင့်ကို လက်နှစ်ဖက်ဖြင့်

ပွေ့ချီလျက် ပါးလေးနှစ်ဖက်ကို

ဖိညှစ်လိုက်ပြီး “မင်းဒီမှာရှိတဲ့
ဝိညာဉ်စွမ်းအင်တွေကို
အခုလောလောဆယ် အကုန်
စုပ်ယူလို့မရဘူး။ အစာစားဖို့အတွက်
အခြားတစ်နေရာကို သွားရအောင်”

နှင်းပွင့်၏မျက်လုံးလေးများက
ချက်ချင်းပင် တောက်ပလာသည်။
ထို့နောက် ခဏအကြာတွင် ယန်ယဲ့သည်

နှင်းပွင့်ကို ပွေ့ချီလျက် ဖျတ်ခနဲ ပျောက်သွားခဲ့သည်။

သူတို့ထွက်သွားပြီး သိပ်မကြာခင်မှာဘဲ လူသားအင်ပါယာအရှင်က မြို့ထဲကို ပြန်ရောက်လာသည်။ မြို့တော်ရှိ ဝိညဉ်စွမ်းအင်ကို ခံစားမိသောအခါ လူသားအင်ပါယာအရှင်၏ မျက်နှာက ရက်စက်မှုများ ဖုံးလွှမ်းလာသည်။

ယန်ယဲ့သည်

ကောင်းကင်မြို့တော်ကိုအမှန်တကယ်

ဖျက်ဆီးသွားခဲ့သည်။ ထို့ကြောင့် သူ၏

ဆုံးရှုံးမှုက တိုင်းတာ၍မရပေ။

အဘိုကြီးတစ်ယောက်၏အမူအရာက ရု

တ်တရက် ပြောင်းသွားပြီး "ယန်ယဲ့က

ငါ့ကောင်းကင်ကမ္ဘာကို

ရောက်သွားနိုင်တယ်ဆိုတဲ့ သတင်းကို

အခုလေးတင် ငါကြားလိုက်တယ်"

ထိုစကားပြောပြီးသည်နှင့်

နောက်လှည့်ကာ

နေရာတွင်ပင်ပျောက်သွားသည်။ အခြား

လူတိုင်းလည်း

အကြည့်ချင်းဖလှယ်ကြသည်။

အဆုံးတွင်တော့ အားလုံးက

တစ်ယောက်နှင့်တစ်ယောက်

လက်သီးဆုပ်ကာ ထွက်သွားကြသည်။

လောလောဆယ်တွင် အရေးကြီးသည့်

ကိစ္စမှာယန်ယဲ့ကို

သတိထားစောင့်ကြည့်ရန်

၎င်းတို့၏အဖွဲ့ဝင်များအား သက်ဆိုင်ရာ

ကမ္ဘာသို့ပြန်ခေါ်ဖို့သာ ရှိတော့သည်။

အကယ်၍ မည်သည့်မျိုးနွယ်မဆို

ဝိညာဉ်စွမ်းအင် ဆုံးရှုံးသွားပါက

သေချာပေါက်

အသတ်ခံရနိုင်ချေများ၏။

ယခုအချိန်တွင်

လူသားအင်ပါယာအရှင်က

ထိုပြဿနာကို

အရင်ဦးဆုံး ရင်ဆိုင်လိုက်ရသည်။

ဤနေရာတွင် ဝိညဉ်စွမ်းအင်

မရှိတော့သောကြောင့် ကောင်းကင်မြို့

တော်၏ အစီအရင်များကို

အသုံးမပြုနိုင်တော့ပါ။

“ယန်ယဲ့…”

လူသားအင်ပါယာအရှင်က

မျက်နှာပေါ်တွင် အလွန်ဒေါသအမျက်

ထွက်နေသည်။ ဤအချိန်တွင်

သူ့နံဘေး၌ အဘိုးကြီး ၄

ယောက်ပေါ်လာသည်။

သူတို့အထဲမှ တစ်ယောက်က “သူက

သူ့ကိုယ်သူ ဖုံးကွယ်ထားပြီး

ဝိညာဉ်အင်ပါယာကို ဒီမှာရှိတဲ့

ဝိညာဉ်စွမ်းအင်တွေကို

ဆုပ်ယူခိုင်းလိုက်တာ။ ဒါက

အရမ်းမြန်တယ်။ မြို့ပတ်ပတ်လည်

ကီလိုမီတာ (၅၀၀,၀၀၀)

ကျော်အကွာအတွင်းမှာရှိတဲ့

ဝိညဉ်စွမ်းအင်တွေ အကုန်လုံး

ပျောက်ကွယ်သွားပြီ။

အဲ့ဒီဝိညဉ်အင်ပါယာက တကယ်ကို

ကြောက်စရာကောင်းတာပဲ”

လူသားအင်ပါယာအရှင်က

သူ၏မျက်လုံးများကို ဖြည်းညင်းစွာ

မှိတ်လိုက်ပြီး "ငါတို့က သူရဲ့

လုပ်ရဲကိုင်ရဲတဲ့ သတ္တိကို

လျှော့တွက်မိတယ်။ လွန်ခဲ့တဲ့နှစ်တွေမှာ

သူက ကလဲ့စားချေဖို့ ခွန်အားမရှိဘူး။

ကလဲ့စားမချေရဲလောက်ဘူးလို့ ငါတို့က

ထင်ခဲ့တာ အခုတော့ ငါတို့မှားသွားပြီ။

သူက ငါတို့ထင်ထားတာထက်
အများကြီး ပိုရက်စက်တယ်”

အဘိုးကြီးတစ်ယောက်က ရုတ်တရက်
မေးသည်။ “အခု ငါတို့
ဘာလုပ်ကြမလဲ…”

လူသားအင်ပါယာအရှင်က
ခဏတိတ်ဆိတ်သွားပြီး “ငါတို့ကို ကူညီဖို့

လူသားအင်အားစုအားလုံးကို

အကြောင်းကြားလိုက်”

ရုတ်တရက် အမျိုးသားနှင့် အမျိုးသမီး

စုံတွဲပေါ်လာခဲ့သည်။

လူသားအင်ပါယာအရှင်၏အသံက

ရုတ်တရက် ရပ်တန့်သွားသည်။

အမျိုးသားနှင့် အမျိုးသမီးစုံတွဲက သူနှင့်

ရင်းနှီးသော မျက်နှာများ ဖြစ်နေသည်။

သို့သော်

လူသားအင်ပါယာအရှင်၏ဆံပင်များက

အဆုံးမဲ့ ထောင်မတ်နေခဲ့သည်။

အန်နန်ကျင်း၏လက်ထဲ၌ ငွေရောင်

တလက်လက်တောက်ပနေသော

လှံတစ်ချောင်း ဆုပ်ကိုင်ထားသည်။

စစ်နတ်ဘုရားလှံ။

ဒီအချိန်မှာ စစ်နတ်ဘုရားလှံက
သွေးနီရောင်ပြောင်းနေခဲ့သည်။

အန်နန်ကျင်းက
လူသားအင်ပါယာအရှင်ကို
စူးစိုက်ကြည့်ကာ "နင့်ကို
လှံတစ်ချက်တည်းနဲ့ အသေသတ်မယ်"

Translated by NyiNyiSoe.

May Be:

...

အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၅၁၅ -

အန်နန်ကျင်းက ပြောပြီးသည်နှင့်

စစ်နတ်ဘုရားလုံ့ကိုမြှောက်ကာ လူသား

အင်ပါယာအရှင်ကို ထိုးချလိုက်သည်။

တစ်ချိန်တည်းမှာပင်

ယန်ယဲ့သည် လူသားအင်ပါယာအရှင်၏

နောက်ကျောဉ် ပေါ်လာခဲ့သည်။
သူ၏လက်ထဲတွင်  တရားစီရင်ခြင်းပေါ်
လာသည်။

ထို့နောက် တရားစီရင်ခြင်းက
အနက်ရောင်အလင်းတန်းတစ်ခုသဖွယ်
လူသားအင်ပါယာအရှင်၏လည်ကုပ်ဆီ
သို့ ပိုင်းချလိုက်သည်။
ဤအခိုက်အတန့်တွင်
လူသားအင်ပါယာအရှင်၏မျက်နှာပေါ်တွ

င် မကြံဖြစ်ဖူး

လေးနက်သောအမူအရာတစ်ခုပေါ်လာသ

ည်။ နှစ်ယောက်ပေါင်း တိုက်ခိုက်မှုကို

မခုခံနိုင်ပါက သေချာပေါက်

အသတ်ခံရမည်ကိုသိနေပေသည်။

သူ့ထံမှ ကြောက်မက်ဖွယ်ရာ

အငွေ့အသက် လွင့်ထွက်သွားပြီး

သူ့ခန္ဓာကိုယ်ထဲကနေ

ရောမရွှေရောင်နဂါးကြီးပေါ်လာသည်။

ရွှေရောင်နဂါးလက်သည်းများက

ယန်ယွဲ့နှင့် အန်နန်ကျင်းတို့

နှစ်ယောက်စလုံးကို ရိုက်ချလိုက်သည်။

“ဘုန်း…ဘုန်း…ဘုန်း…”

နဂါးလက်သည်းရိုက်ချက်ကြောင့်

ယန်ယွဲ့နှင့် အန်နန်ကျင်းတို့

နှစ်ယောက်စလုံး လွင့်ထွက်သွားခဲ့သည်။

လူသားအင်ပါယာအရှင်က

ဤမြင်ကွင်းကိုမြင်သောအခါ
သက်ပြင်းချလိုက်နိုင်သည်။ သို့သော်
သူ၏ခေါင်းအနောက်ဖက်တွင်အေးစက်
သော အလင်းတန်းတစ်ခု ရုတ်တရက်
ပေါ်လာသည်။

လူသားအင်ပါယာအရှင်၏ဆံပင်များက
အဆုံးမဲ့ထောင်မတ်နေသည်။ သို့သော်
သူ၏ တုံ့ပြန်မှုကအလွန်လျင်မြန်သည်။

ရွှေရောင်နဂါးကြီးက ယန်ယဲ့ကို

ဟိန်းလိုက်ရာ ပြင်းထန်

စူးရှသောနဂါးဟိန်းသံ

ပဲ့တင်ထပ်လာသည်။

ဤအခိုက်အတန့်တွင် ကီလိုမီတာ

ရာချီသော အာကာသပြင်သည်

ပေါက်ကွဲထွက်လာသည်။

ဤအတောအတွင်း ရွှေရောင်နဂါးကြီးကို

မြင်လိုက်သည်နှင့် ယန်ယဲ့နောက်အတွင်

ရောမအဖြူရောင်နဂါးကြီးတစ်ကောင်
ပေါ်လာသည်။

ကောင်းကင်တိမ်နဂါး။

ကောင်းကင်တိမ်နဂါးက
ရွှေရောင်နဂါးကြီးကို မတိုက်ခိုက်ပေ။
၎င်းအစား
ယန်ယွဲ့၏ပတ်ပတ်လည်တွင်သာရစ်ပတ်
ထားသည်။ ထို့ကြောင့် ယန်ယွဲ့သည်

နဂါးဟိန်းသံကြောင့် မထိခိုက်ဘဲ
တရားစီရင်ခြင်းကလည်း
ရပ်တန့်သွားခြင်း မရှိပေ။

လူသားအင်ပါယာအရှင်က
ထိုအချက်ကိုသတိပြုမိသောအခါ
ထိတ်လန့်သွားသည်။
ဤအခိုက်အတန့်တွင် သူ့စိတ်ထဲ၌
အခြားအတွေးများရှိတော့ပဲ
ဘေးဘက်သို့

အလိုလိုရှောင်ထွက်သွားသည်။

သို့သော်လည်း အနည်းငယ်

နောက်ကျနေသေးသည်။

"ဆူး...”

လူသားအင်ပါယာအရှင်၏

ခေါင်းတစ်ခြမ်းက လှီးဖြတ်သွားခဲ့သည်။

တရားစီရင်ခြင်းကို

ရှောင်လိုက်နိုင်သော်လည်း သူ့ရှေ့တွင်

မိန်းမပျိုတစ်ဦး

ချက်ချင်းပေါ်လာခဲ့သည်။ ထို့နောက်

သူမ၏စစ်နတ်ဘုရားလှံကို

လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ပြီး

ထိုးချလိုက်သည်။

"အုန်း..."

ကီလိုမီတာ ရာချီသော

အာကာသပြင်သည် တစ်လက်မချင်းစီ

ကွဲထွက်သွားသည်။

တစ်ချိန်တည်းမှာပင် လူသားအင်ပါယာ

အရှင်၏

ရွှေရောင်နဂါးကြီးကနှစ်ခြမ်းကွဲထွက်

သွားကာ နာကျင်သော

ဟိန်းသံများထွက်ပေါ်လာသည်။

လူသားအင်ပါယာအရှင်ကတော့

လွင့်ထွက်သွားခဲ့သည်။ ထို့ပြင်

သူ့အခြေအနေက အတော်လေး

ဆိုးရွားလှသည်။ ကံမကောင်းစွာ
ယန်ယဲ့က သူ၏ခေါင်းတစ်ဝက်ကို
ဖြတ်တောက်သွားသည်။ ယခုဆိုလျှင်
အန်နန်ချင်က သူ၏ခန္ဓာကိုယ်ရှိ
အရိုးအားလုံးကို ရိုက်ချိုးသွားခဲ့သည်။

လူသားအင်ပါယာအရှင်က အသက်
မသေသေးသော်လည်း
တိုက်ခိုက်နိုင်စွမ်းမရှိတော့ပေ။ သို့သော်
ချက်ချင်းဆိုသလိုပင် အလင်းတန်းတစ်ခု

လင်းလက်သွားသည်။ လုံးဝကို

လျှင်မြန်ကာ မျက်စိဖြင့်ပင်

မမြင်နိုင်လောက်ပေ။

၎င်းက  ယန်ယဲ့၏နောက်ဆုံးတိုက်ခိုက်မှု

ပင်။ သူက ဤတိုက်ခိုက်မှုတွင်

လေ့လာထားသမျှကို ပေါင်းစပ်ထား၏။

တစ်နည်းဆိုရသော် ၎င်းသည်

သူ၏ရုပ်ခန္ဓာခွန်အားကိုပင်

အကန့်အသတ်အထိ ပေါင်းစပ်ထားသော

မရဏာစားချက်ဖြစ်သည်။ စားချက်တွင်

သူ၏စွမ်းအားကို အပြည့်အဝ

ထည့်သွင်းထားသည်။ ၎င်းသည်

သူ၏အပြင်းထန်ဆုံး

တိုက်လိုက်မှုဖြစ်သည်။ ပညာရှင်ကို

သတ်နိုင်သည့် တစ်ခုတည်းသော

ဝှက်ဖဲဖြစ်သည်။ ယန်ယွဲ့၏ စားချက်ကို

မြင်လိုက်သော်အခါ

လူသားအင်ပါယာအရှင်၏မျက်လုံးထဲတွ

င် ဝမ်းနည်းမှုတို့ ပြည့်နှက်နေသည်။
တိုက်ခိုက်မှုကို မမြင်လိုက်သော်လည်း
သတိထားမိခဲ့သည်။

ဆူး....

လူသားအင်ပါယာအရှင်၏ ခေါင်းက
လေထဲသို့ ပျံတက်သွားသည်။
တစ်ချိန်တည်းမှာပင် သူ၏ မူလဝိညာဉ်က
ခန္ဓာကိုယ်ထဲက ပြေးထွက်လာသည်။

သို့သော် ထွက်ပြေးခါနီးတွင်တော့
သစ်ကိုင်းတစ်ချောင်းက ကောင်းကင်ကို
ဆုတ်ဖြဲကာ မူလဝိညာဉ်ကို
ထိမှန်သွားသည်။

"ဖောင်း..."

လူသားအင်ပါယာအရှင်၏မူလဝိညာဉ်က
အစိတ်စိတ်အမြွှာမြွှာ
ပေါက်ကွဲသွားသည်။ ဤအချိန်တွင်

တစ်ဖက်ရှိ ပညာရှင်သုံးပါးစလုံး

တုန်လှုပ်ချောက်ချားသွားကြသည်။

လူသားအင်ပါယာအရှင်ကို ကူညီဖို့

ငြင်းဆိုခြင်းမဟုတ်ပေ။

လူသားအင်ပါယာအရှင်မသေဆုံးခင်

အချိန်မီ မတုံ့ပြန်နိုင်သောကြောင့်ပင်။

ပြောရလျှင် ယန်ယွဲ့နှင့် အန်နန်ချင်တို့က

ဤနေရာတွင် ရုတ်တရက် ပေါ်လာပြီး

တခဏလေးအတွင်း

တိုက်ပွဲပြီးဆုံးသွားသောကြောင့်
အသက်ရှူချိန် လေးရှိုက်စာထက်ပင်
မကျော်ခဲ့ပေ။ တိုက်ပွဲက
တခဏလေးအတွင်းပြီးဆုံးသွားခဲ့ပြီး
ဖြစ်သည်။

ရလဒ်မှာ လူသားအင်ပါယာအရှင်
သေဆုံးသွားခဲ့ပြီးဖြစ်သည်။

“သူဒီလိုပဲ အသတ်ခံလိုက်ရတယ်”

ဤအချိန်တွင် မရေမတွက်နိုင်သော

ပညာရှင်များရောက်ရှိနေခဲ့ကြသည်။

ယန်ယဲ့သည် အားလုံးကို လျစ်လျူရှုကာ

အန်နန်ကျင်း ဖက်သို့

လျှောက်သွားခဲ့သည်။

သူ့လက်ကောက်ဝတ်ကို ကြည့်လိုက်ရာ

ကွဲအက်နေပြီး သွေးများ အဆက်မပြတ်

စီးကျနေသည်ကို

သတိထားမိလိုက်သည်။

အန်နန်ကျင်းက ခွန်အားကို

ထိန်းမထားခဲ့ပေ။ အထူးသဖြင့်

ရွှေရောင်နဂါးကြီးကို တစ်ချက်တည်း

တိုက်ခိုက်လိုက်ခြင်းပင်။ ထို့ကြောင့်

သူမအနိုင်ရခဲ့သော်လည်း

ဒဏ်ရာအနည်းငယ် ရသွားစေခဲ့သည်။

ယန်ယဲ့က သူမ၏လက်ကို

ဆုပ်ကိုင်လိုက်ပြီး

မူလခရမ်းရောင်စွမ်းအင်

ပို့လွှတ်လိုက်သည်။ အချိန်အနည်းငယ်

အကြာတွင် အန်နန်ကျင်း၏

လက်မောင်းက ပုံမှန်အနေအထားသို့

ပြန်ရောက်သွားသည်။

ဤအချိန်တွင် အန်နန်ကျင်းက

ရုတ်တရက် "ဒါငါ့ကိုပေးပါလား..."

ယန်ယဲ့က အနည်းငယ် ထိတ်လန့်သွားပြီး

စစ်နတ်ဘုရားလုံကို စိုက်ကြည့်ကာ

“မင်းလိုချင်လို့လား…”

အန်နန်ကျင်းက ခေါင်းညိတ်လိုက်ပြီး

“တကယ်လို့ ငါသာ ဒါကို

လုံးလုံးလျားလျား ပေါင်းစည်းနိုင်ခဲ့ရင်

တိုက်ပွဲက ငါ့အတွက် ဒီလောက် ခက်ခဲမှာ

မဟုတ်ဘူး”

သူမက ခဏရပ်ပြီး “အဲ့ဒါကနေ ထွက်လာတဲ့ အရမ်းပြင်းပြတဲ့ တိုက်ပွဲစိတ်ဆန္ဒကို ခံစားမိတယ်။ အဲ့ဒါကို လွှတ်ပေးဖို့ တစ်စုံတစ်ယောက်လိုအပ်တယ်။ ငါ ဒီတိုက်ပွဲကို သဘောကျတယ်”

စစ်နတ်ဘုရားလုံ။

ယန်ယဲ့ကပြုံးပြီး “ကောင်းပြီ အဲ့ဒါ မင်းပိုင်တယ်။ ဒါပေမဲ့ အညှံ့ခံလိုစိတ် ရှိမလား ကြည့်ကြည့်ရအောင်”

အန်နန်ကျင်းက စစ်နတ်ဘုရားလှံကို စိုက်ကြည့်ပြီး “ငါနဲ့ အတူတူရှိေနရတာ ကံကောင်းမှာပါ”

ယန်ယဲ့က အံ့အားသင့်သွားသည်။ သို့သော် စစ်နတ်ဘုရားလှံက

အနည်းငယ်သာ တုန်လှုပ်သွားပြီး

ဇင်းမှ  တိုက်ပွဲဝင်

စိတ်ဆန္ဒဖြာထွက်လာကာ

အန်နန်ကျင်းဆီသို့ တိုးဝင်လာသည်။

ဇင်းက သူမကို

အဖြေပြန်ပေးလိုက်သည်။

ယန်ယဲ့ကပြုံးလိုက်သည်။

“သိုင်းနတ်ဘုရား”

သိုင်းနတ်ဘုရားက မည်သို့နည်း။

အန်နန်ကျင်းက ထိုအခြေအနေကို

အမှန်တကယ် မရောက်သေးသော်လည်း

သိပ်မဝေးတော့ကြောင်း

ယုံကြည်ခဲ့သည်။ အန်နန်ကျင်းက

အနီးကပ်တိုက်ပွဲတွင် သူ့ကို

အနိုင်ယူနိုင်သည့်

တစ်ယောက်တည်းသော
လူငယ်မျိုးဆက်ဖြစ်သည်။

စစ်နတ်ဘုရားလုံ့က အန်နန်ကျင်း၏
တာအိုနှလုံးသားနှင့်
သိုင်းပညာတာအိုအပေါ်ထားရှိသော
စိတ်ဆန္ဒကို ရှင်းရှင်းလင်းလင်း
သိထားပုံရသည်။ ထို့ကြောင့်
အန်နန်ကျင်းကို ငြင်းပယ်ခဲ့ခြင်းမရှိပေ။
သို့မဟုတ် ၎င်းက သူမကို အတော်လေး

နှစ်သက်သည်ဟုသာ ဆိုနိုင်သည်။
ယန်ယွဲ့နှင့်အတူရှိနေသည်ကိုလည်း
မငြင်းပယ်ပေ။ သို့သော်
ယန်ယွဲ့အတွက်ကား ဓားတစ်ချောင်းကို
သုံးတာကသာ ပိုပြီးအဆင်ပြေပါသည်။

စစ်နတ်ဘုရားလုံက အန်နန်ကျင်းနှင့်သာ
အသင့်တော်ဆုံးဖြစ်သည်။
သူ၏ခန္ဓာကိုယ်က မည်မျှပင်
သန်မာနေပါစေ။ ဓားတာအိုကသာ

အခြေခံအုတ်မြစ်ဖြစ်သည်။

သိပ်မကြာလိုက်ပေ

လူသားအင်ပါယာအရှင် သေဆုံးသည့်

သတင်းသည် လျင်မြန်စွာ

ပျံ့နှံ့သွားသည်။ မရေမတွက်နိုင်သော

ပညာရှင်များ ရောက်ရှိလာခဲ့ကြသည်။

လူသားအင်ပါယာအရှင်၏

ခေါင်းပြတ်ကြီး လေထဲတွင်

လွင့်မျောနေသည်ကို

မြင်တွေ့ရသောအခါ ပတ်ဝန်းကျင်သည်

ငြိမ်သက်ကာ တိတ်ဆိတ်သွားသည်။

လူသားမျိုးနွယ်၏ ခေါင်းဆောင်

လူသားအင်ပါယာအရှင်က

လူသားမျိုးနွယ်၏

ခေါင်းဆောင်ဖြစ်ခဲ့သော်လည်း

လူသားပညာရှင်များ၏

သတ်ဖြတ်ခြင်းကို ခံလိုက်ရသည်။

သို့သော် ယန်ယဲ့နှင့် အန်နန်ကျင်းကို

မည်သူမျှ မတိုက်ခိုက်ရဲကြပေ။

သူတို့ရှေ့ရှိ အမျိုးသားနှင့်

အမျိုးသမီးစုံတွဲက  လူသားအင်ပါယာအ

ရှင်ကို ပူးပေါင်းသတ်ဖြတ်ခဲ့သည်။

ထို့ပြင် အသက်ရှူချိန်

(၄)ရှိုက်စာအတွင်းသတ်ဖြတ်ခဲ့သည်။

သူတို့နှစ်ယောက်က အလစ်အငိုက်ဖမ်း

တိုက်ခိုက်ခဲ့သော်လည်း  အချိန်ခဏလေး

အတွင်း သတ်ဖြတ်နိုင်ခဲ့သောကြောင့်
သူတို့၏ခွန်အားက လုံးဝကို
ကြောက်စရာကောင်းစလှသည်။

ယန်ယဲ့သည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး "သွားရအောင်"

ရုတ်တရက် အသံတစ်သံ
ပွဲတင်ထပ်လာသည်။ "မင်းဒီအတိုင်း
ထွက်သွားတော့မှာလား..."

ယန်ယဲ့က လှည့်ကြည့်လိုက်ရာ
အဘိုးကြီးတစ်ယောက်က သူတို့ဆီ
ဖြည်းညင်းစွာ လျှောက်လာနေသည်ကို
တွေ့လိုက်ရသည်။ သူ၏ကျောက
အနည်းငယ် ကိုင်းနေကာ ဆံပင်များ
နှင်းဖြူရောင် သမ်းနေသည်။
မျက်နှာအနေအထားက
ဇရာအရေးအကြောင်းများဖြင့် အလွန်
အိုမင်းနေပုံရ၏။ သို့သော် အဘိုးကြီး၏

မျက်လုံးများက ဝံပုလွေများကဲ့သို့

စူးရှပြီး ပြင်းထန်လှသည်။

ယန်ယဲ့က အဘိုးကြီးထံသို့

လျှောက်သွားပြီး “ဘာလဲ…”

ယန်ယဲ့က

အကြောက်အလန့်ကင်းကင်းဖြင့်

ထိပ်တိုက်ရင်ဆိုင်လိုက်သည်။

အဘိုးကြီး၏မျက်လုံးများက

အနည်းငယ် ကျဉ်းမြောင်းသွားသည်။

“ယန့်ယဲ့ မင်းက လူသားတစ်ယောက်ပဲ

လူသားအင်ပါယာအရှင်ကို

သတ်လိုက်တာက အခုလို

လူသားမျိုးနွယ်မှာ ဘာဖြစ်မယ်ဆိုတာ

သဘောပေါက်လား…။ ငါတို့မှာ

ခေါင်းဆောင်မရှိတော့ဘူး ငါတို့က

အရမ်း ဆိုးရွားတဲ့ အခြေအနေကို ရောက်သွားလိမ့်မယ်။ မင်းက...”

ယန်ယဲ့က အဘိုးကြီးကို စကားဖြတ်ပြောသည်။ “ဒါဆို သူပဲ ငါ့ကို သတ်နိုင်တာလား...”

အဘိုးကြီးက ငြိမ်သွားသည်။

ယန်ယဲ့က ဆက်ပြောလိုက်သည်။

“လူသားမျိုးနွယ်က ဘာဖြစ်တာလဲလို့

မေးချင်တာလား…။ အဲ့ဒါက ငါနဲ့

ဘာဆိုင်လို့လဲ…။

လူသားအင်ပါယာအရှင်က

ငါ့ကိုလိုက်ဖမ်းဖို့ အမိန့်ပေးတုန်းက

လူသားမျိုးနွယ်က ဘာလုပ်ခဲ့တာလဲ။

လူသားမျိုးနွယ်က သူ့ကို ကူညီခဲ့တယ်။

မင်းတို့တွေကော မင်းတို့တွေလည်း ငါ့ကို လိုက်ရှာနေတာမဟုတ်လား…။ ငါလည်း

လူသားတစ်ယောက်ပါဆိုတဲ့အချက်ကို ဘာလို့ ထည့်မစဉ်းစားတာလဲ… အခုမှအဲ့ဒီအကြောင်းကို လာပြောနေတာ မရှက်ဘူးလား…”

အဘိုးကြီး၏မျက်နှာက

မည်းမှောင်နေသည်။

ဘာမှပြန်မပြောနိုင်ပေ။

ယန်ယဲ့က ဆက်ပြောသည်။

“လူသားအင်ပါယာအရှင်က

ငါသတ်ပစ်တဲ့ နောက်ဆုံးလူမဟုတ်ဘူး။

ငါ့ကိုလိုက်ဖမ်းနေတဲ့ ပညာရှင်အားလုံးကို

သတ်ပစ်မယ်။ မင်းတို့စောင့်နေပါ။

အကုန်လုံးကို တစ်ယောက်မကျန်
သတ်ပစ်မယ်”

စကားပြောပြီးနောက်
အန်နန်ကျင်းနဲ့အတူ
လှည့်ထွက်သွားသည်။

အဘိုးကြီးက သူ၏ ညာလက်ကို
ရုတ်တရက် ဆန့်ထုတ်လိုက်သည်။ ရောမ
လက်ဝါးကြီးတစ်ဖက်က

ကောင်းကင်ယံကို ဆုတ်ဖြဲကာ ယန်ယွဲ့နှင့်
အန်နန်ကျင်းကို ဖမ်းဆုပ်လိုက်သည်။
တစ်နည်းအားဖြင့် အဘိုးကြီးက
သူတို့နှစ်ယောက်ကို
ထွက်မသွားစေချင်ပေ။

အန်နန်ကျင်းက ရုတ်တရက်
နောက်လှည့်ပြီး ညာလက်ကိုအနည်းငယ်
ယမ်းလိုက်သည်။ စစ်နတ်ဘုရားလှံက
အနီရောင်အလင်းအတန်းအဖြစ်ပြောင်း

လဲကာ ရောမလက်ဝါးကြီးကို

အစိတ်စိတ်အမွှာမွှာ

ကွဲထွက်သွားစေသည်။ ဤမြင်ကွင်းကို

မြင်သောအခါ

အဘိုးကြီး၏မျက်လုံးများက

အနည်းငယ် ကျဉ်းမြောင်းသွားကာ

အန်နန်ကျင်းကို စိုက်ကြည့်လိုက်သည်။

ကောင်းကင်ယံတွင် အလင်းတန်းတစ်ခု

လင်းလက်လာပြီး

အန်နန်ကျင်း၏ပုံရိပ်က

စစ်နတ်ဘုရားလုံရှေ့မှာ ပေါ်လာသည်။

သူမက စစ်နတ်ဘုရားလုံကို ဆုပ်ကိုင်ပြီး

ယန်ယဲ့ကို စိုက်ကြည့်ကာ “နင်

တိုက်ခိုက်မှာလား..။

မတိုက်လိုက်ဘူးလား...”

ယန်ယဲ့က

ခဏာမျှတိတ်ဆိတ်သွားပြီးသူမကို

မော့ကြည့်ကာ "ဒါပေါ့”

အန်နန်ကျင်းက အဘိုးကြီးဖက်သို့

ပြန်လှည့်ကာ စစ်နတ်ဘုရားလှံဖြင့်

ပစ်ချလိုက်သည်။

Translated by NyiNyiSoe.

May Be:

...

အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၅၁၆ -

စစ်နတ်ဘုရားလှံက ကောင်းကင်ကို ဆုတ်ဖြဲသွားသည်။ လှံက အာကာသပြင်ကို ဖြတ်သွားကာ ပိန်ပိန်ပါးပါးအဘိုးကြီး အရှေ့သို့ ချက်ချင်းရောက်လာသည်။

အဘိုးကြီး၏မျက်လုံးများက အနည်းင

ယ် ကျဉ်းမြောင်းသွားကာ

အံ့မှိုင်းသောအမူအရာပေါ်လာသည်။

သို့သော် တုံ့ပြန်မှုက မနှေးကွေးဘဲ

သူ၏ညာလက်ကို

ဖြည်းညင်းစွာမြှောက်ပြီး အောက်သို့

ဖိချသည်။

“အုန်း…”

မမြင်နိုင်သော စွမ်းအားလှိုင်းတစ်ခုက

စစ်နတ်ဘုရားလုံကို တားဆီးထားသည်။

ဒီအချိန်မှာ အန်နန်ချင်က

စစ်နတ်ဘုရားလုံ၏ နောက်ကွယ်၌

ပေါ်လာပြီး ခြေထောက်ဖြင့်

ဖြတ်ကန်လိုက်သည်။

“အုန်း...”

စစ်နတ်ဘုရားလှံက

အဘိုးကြီး၏စွမ်းအင်အတာအဆီးကို

ကွဲထုတ်လိုက်ပြီး ရှေ့သို့ ဆက်၍

တိုးဝင်သွားသည်။ အဘိုးကြီးက

လက်ဝါးကို မြှောက်ပြီး ရှေ့သို့

ဖိချလိုက်သည်။ သူ့ဘက်ဝါးပေါ်တွင်

လျှို့ဝှက်ဆန်းကြယ်သော

လေဝဲကတော့တစ်ခု ပေါ်လာသည်။

“ဘုန်း…”

ပေါက်ကွဲသံထွက်ပေါ်လာပြီးနောက်

အန်နန်ကျင်းက

စစ်နတ်ဘုရားလှံနှင့်အတူ မီတာ(၃၀၀)

အကွာအထိ နောက်ပြန်

လွင့်ထွက်သွားခဲ့သည်။ သို့သော်

အန်နန်ချင်က လေထဲမှာပင်ရပ်တန့်ကာ

စစ်နတ်ဘုရားလှံကို ဖမ်းဆုပ်လိုက်သည်။

ဤအတောအတွင်း အဘိုးကြီးက

ရုတ်တရက် “မင်းလည်း

လူသားတစ်ယောက်ပဲ”

အန်နန်ကျင်းက ဘာမှပြန်မပြောဘဲ

အဘိုးကြီးထံခုန်ဝင်လိုက်သည်။

သူမ၏အမြင်အရတော့ ပြိုင်ဘက်က

ပိုသန်မာလေလေ

တိုက်ပွဲဝင်လိုစိတ်ပြင်းပြလေလေဖြစ်သ

ည်။

သူမက ယန်ယဲ့နှင့် အလွန်တူသည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့က

အခြားပညာရှင် သုံးပါးကို

ရင်ဆိုင်လိုက်သည်။

သုံးယောက်တစ်ယောက်။

ယန်ယဲ့က တရားစီရင်ခြင်းကို

တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ရင်း

ပညာရှင် သုံးပါးရှေ့တွင် ရပ်နေခဲ့သည်။

သူ၏ပုံစံက သေမင်းနတ်ဘုရားကဲ့သို့

ထင်ရသည်။ ဤအခိုက်အတန့်တွင်

ယန်ယဲ့၏သတ်ဖြတ်ခြင်းစိတ်ဆန္ဒက

ဓားစိတ်ဆန္ဒကိုပင် ဖုံးလွှမ်းသွားသည်။

“လူသားမျိုးနွယ်”

ယန်ယဲ့သည် လူသားမျိုးနွယ်ကို
ဆန့်ကျင်ခဲ့သလား…။ မဟုတ်ပေ။
မည်သည့်မျိုးနွယ်စုကိုမှ
ဆန့်ကျင်ခဲ့ခြင်းမရှိပေ။ အကယ်၍
သူသည် လူသားမျိုးနွယ်အား
ပျက်စီးစေလိုပါက ကောင်းကင်မြို့တော်
တစ်ဝိုက်ရှိ ဝိညာဉ်စွမ်းအင်ကို
စုပ်ယူဖို့အမိန့်ပေးလိုက်ရုံပါ။ ထို့ပြင်
လူသားကမ္ဘာတစ်ခုလုံးရှိ

ဝိညာဉ်စွမ်းအင်ကို စုပ်ယူ ခိုင်းလိုက်ပါက လူသားမျိုးနွယ် ပျက်စီးသွားမည်ဖြစ်သည်။

သူသည် လူသားအင်ပါယာအရှင်၏ အင်အားစုကိုသာ ဆန့်ကျင်ခဲ့သည်။ လူသားမျိုးနွယ်၏ အစွမ်းထက်ပညာရှင်များဖြင့်ဖွဲ့စည်းခဲ့သော အင်အားစုဖြစ်သည်။ ၎င်းက ယန်ယဲ့ကို သတ်ပစ်ချင်နေကြသည်။

ထို့ပြင် သူ၏အာဏာကို အသုံးချကာ

လူသားမျိုးနွယ်တစ်ခုလုံးနှင့်

ရန်သူဖြစ်လာစေခဲ့သည်။ လက်ရှိတွင်

လူသားအင်ပါယာအရှင်သေဆုံးသွားပြီး

ဖြစ်ရာ လူသားမျိုးနွယ်က ယန်ယဲ့ကို

ဆက်ပြီးတိုက်ခိုက်ရန် မဝံ့ရဲကြပေ။

ကလဲ့စားချေခံရမည်ကို

ကြောက်နေကြသည်။

ယန်ယွဲ့အားကောင်းလာပြီး

အရှူးတစ်ယောက်လို

လက်စားချေမည်ဆိုပါက

လူသားမျိုးနွယ်အနေဖြင့်

အကျိုးဆက်ကို ခံနိုင်ရည်ရှိမည်လော။

အထူးသဖြင့် ယန်ယွဲ့က

အဖြူရောင်ဝတ်စုံဝတ်မိန်းမပျိုနှင့်အတူ

ပူးပေါင်းထားချိန်တွင် သူမ၏ခွန်အားက

အလွန်ကြောက်စရာကောင်းလှသည်။

"တိုက်ခိုက်ကြရအောင်”

ယန်ယဲ့၏အသံက ကျယ်လောင်စွာ
ထွက်ပေါ်လာပြီး ပညာရှင် သုံးဦးထံ
ခုန်ဝင်လိုက်သည်။ တစ်ချိန်တည်းမှာပင်
မရေမတွက်နိုင်သော ဓားစွမ်းအင်များ
ဖြာထွက်လာပြီး ပညာရှင်သုံးပါးဆီသို့
ပစ်လွှတ်လိုက်သည်။

ဤအချိန်တွင် အဘိုးကြီးနှင့်

အန်နန်ချင်က တိုက်ခိုက်နေခဲ့သည်။

တိုက်ပွဲပြင်းထန်လာသည်နှင့်

အန်နန်ချင်က ပို၍ သန်မာလာခဲ့သည်။

စစ်နတ်ဘုရားလှံက

အားကောင်းလာသည်။ သို့သော်

အဘိုးကြီးက အသာစီးရနေသေးသည်။

ရုတ်တရက် ကောင်းကင်ယံမှ

ဓားအူသံတစ်သံ ပဲ့တင်ထပ်လာပြီးနောက်

အလင်းတန်းတစ်ခု

လင်းလက်သွားသည်။

ထို့နောက်တွင်တော့ အားလုံးက

တိုက်ခိုက်နေရင်း ရပ်တန့်လိုက်ကြသည်။

လူတိုင်းရပ်လိုက်သည်နှင့် သူတို့နှင့်

မလှမ်းမကမ်း၌

ဓားတစ်ချောင်းလွင့်မျောနေသည်ကို

တွေ့လိုက်ရသည်။

အဓိပတိဓား။

“ဒီဟာက...”

ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်။

“သူမဒီကို ဘာလာလုပ်တာလဲ...”

ပိန်ပိန်ပါးပါး အဘိုးကြီးနှင့်

အခြားလူတိုင်း အကြည့်ချင်း

ဖလှယ်လိုက်ကြကာ အဓိပတိဓားကို

စိုက်ကြည့်နေကြသည်။ အကယ်၍

အဓိပတိဓားသာယန်ယွဲ့ကို ကူညီဖို့

ရောက်လာခဲ့သည်ရှိသော်...။

၎င်းကိုတွေးကြည့်ရုံဖြင့်

လူတိုင်း၏မျက်နှာများ အနည်းငယ်

ဖြူဖျော့သွားပြီး  ယန်ယွဲ့၏ ခွန်အားက

ကောင်းကင်ဘုံကို

အန်တုနေသလိုဖြစ်သည်။

အကယ်၍ အဓိပတိဓားသာ ထပ်ပြီး
ပေါင်းထည့်လိုက်လျှင် ပညာရှင်
ဒါဇင်ချီရှိနေသည့်တိုင် ယန်ယွဲ့ကို
ဘာမှလုပ်နိုင်တော့မည်မဟုတ်ပေ။
အားလုံးက အဓိပတိဓား ကို
စိုက်ကြည့်နေသည်။

အဓိပတိဓားက ရုတ်တရက်
ပြောလိုက်သည်။ "လူသားမျိုးနွယ်က
သေချာပေါက်ပြီးသွားလိမ့်မယ်။

အခုအချိန်မှာလည်း လူသားမျိုးနွယ်က

ပညာရှင် နည်းနည်းလေးပဲ

ကျန်တော့တယ်။ နင်တို့အားလုံး

အချင်းချင်းတိုက်ခိုက် သတ်ဖြတ်နေရင်

လူသားမျိုးနွယ်က သမိုင်းထဲကနေ

ကြိုပြီး

ဖယ်ထုတ်ခံရလိမ့်မယ်။  မျိုးနွယ်ခြားမ

ဟာမိတ်အဖွဲ့မှာ  လူသားမျိုးနွယ်က

အားအနည်းဆုံး

အင်အားစုဖြစ်လာလိမ့်မယ်”

အဘိုးကြီးနှင့် အခြားလူတိုင်း

တိတ်ဆိတ်သွားသည်။ အမှန်တော့

လူသားမျိုးနွယ်က အတော်လေး

ဆိုးရွားလှသည့် အခြေအနေတစ်ခုနှင့်

ရင်ဆိုင်နေရသည်။

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့တွင်

လူသားမျိုးနွယ်၏ အဆင့်အတန်းက

ကောင်းကင်မျိုးနွယ်ထက်

နိမ့်ကျသော်လည်း ၎င်းသည်

ထိပ်တန်းမျိုးနွယ်စု သုံးခု

စာရင်းတွင်ရှိနေနိုင်သည်။

ယခုလျှင် အတွင်းပိုင်းတိုက်ပွဲနှင့်

ပညာရှင်အများအပြား သေဆုံးပြီးနောက်

လူသားမျိုးနွယ်က

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့တွင်

ပြောရေးဆိုခွင့်သိပ့်မရှိတော့ပါ။

ယန်ယဲ့က အဓိပတိဓားကို စိုက်ကြည့်ကာ

“လူသားအင်ပါယာအရှင်နဲ့ အခြားသူတွေ

ငါ့ကို သတ်ဖို့ကြိုးစားတုန်းက

မင်းဘာကြောင့် ရှေ့ထွက်မလာတာလဲ…”

“သူ ငါ့စကားကို နားမထောင်ခဲ့ဘူး”

အဓိပတိဓားက ပြန်ဖြေသည်။

“ငါထွက်လာပြီး ကြိုးစားရင်

အဓိပ္ပါယ်မဲ့တာပဲ”

ယန်ယဲ့က တဟားဟားရယ်ပြီး
“မင်းပြောတာ
ငါနားထောင်မယ်လို့ထင်တာ
ဟုတ်တယ်မလား…”

အဓိပတိဓားက ယန်ယဲ့ဆီသို့
ပျံသန်းလာပြီး “ဘာပဲဖြစ်ဖြစ်  နင်က
လူသားပဲ။ နင်က
လူသားမျိုးနွယ်တစ်ခုလုံးကို

ထိခိုက်စေလိုတဲ့

ရည်ရွယ်ချက်မရှိဘူးမဟုတ်လား။

ဒါပေမဲ့ လူသားမျိုးနွယ်ရဲ့

ပညာရှင်တွေကို သတ်လိုက်ရင်

လူသားမျိုးနွယ်ကို

တစ်ဖက်လှည့်ဖျက်ဆီးလိုက်တာနဲ့အတူ

တူပဲ။ လူသားမျိုးနွယ်က ပညာရှင်တွေ

ဆုံးရှုံးသွားရင် သမိုင်းထဲကနေ

သေချာပေါက် ဖယ်ရှားခံရလိမ့်မယ်။

ဒါ့အပြင် ဖိနှိပ်ခံရနိုင်တယ်။

လူသားမျိုးနွယ် တစ်ခုလုံးက

အမှောင်အတိကျသွားနိုင်တယ်”

ယန်ယဲ့က

အသံတိုးတိုးလေးနှင့်ပြောလိုက်သည်။

“ငါက တစ်ကိုယ်ကောင်းဆန်တဲ့လူပဲ

ငါသိတာတစ်ခုတည်းက သူတို့က

ငါ့ကိုသတ်ချင်နေတာ မင်းငါ့ကိုရန်ငြိုးကို

ကြင်နာမှုနဲ့ပြန်ပေးစေချင်တာလား…။

ငါက သူတော်စင် မဟုတ်တော့

အဲ့ဒါမျိုးမလုပ်နိုင်ဘူး”

ဤအချိန်တွင် အဓိပတိဓားက

ရုတ်တရက် “လူသားမျိုးနွယ်ရဲ့

ပညာရှင်တွေကို

ဆက်ပြီးသတ်ခွင့်မပေးဘူး”ဟု

ပြောလိုက်သည်။

ယန်ယဲ့၏မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။ “ဒါဆို

ငါပြောတာကို ယုံပါ။

ငါလူသားကမ္ဘာထဲက

ဝိညဉ်စွမ်းအင်တွေကို ဖယ်ထုတ်ပြီးတော့

လူသားမျိုးနွယ်တစ်ခုလုံး

ဖျက်ဆီးခံရလိမ့်မယ်”

အစိပတိဓားက တိတ်ဆိတ်သွားသည်။

သူမက ယန်ယဲ့နှင့်

အချိန်အတော်ကြာအောင်

နေထိုင်ခဲ့သောကြောင့် ထိုလူငယ်

မည်မျှရှုးသွပ်သည်ကို အသိဆုံးပင်။

ထိုလူ ရှုးသွပ်သွားပါက

ဘာမဆိုလုပ်နိုင်စွမ်းရှိသည်။

ထိုလူငယ်လေးနှင့်အတူ ဝိညဉ်အင်ပါ

ယာတစ်ပါးရှိနေ၏။

ဝိညဉ်အင်ပါယာက

အရွယ်မရောက်သေးသည့်အပြင်

အမှားအမှန်ကိုပင် မသိပါ။ ယန်ယွဲ့

ခိုင်းသည့်အတိုင်း

လုပ်ဆောင်မည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ယန်ယွဲ့ပြောသည်က

မှားနေရင်တောင် ယန်ယွဲ့၏လုပ်ရပ်က

အမှန်ဟု ယူဆလေသည်။

ဝိညာဉ်အင်ပါယာက ယန်ယွဲ့

တစ်ယောက်သာ လွဲပြီး

မည်သည့်အခြားတစ်ယောက်ကိုမှ
ဂရုမစိုက်ပေ။

ယန်ယဲ့ပြောသည့်စကားကို
ကြားသောအခါ အဘိုးကြီးနှင့်
အခြားလူတိုင်း၏အမူအရာများ
ချက်ချင်းပင် မှုန်ကုပ်သွားသည်။
ယန်ယဲ့သာ တကယ်လုပ်ဆောင်ခဲ့ပါက
လူသားမျိုးနွယ်တစ်ခုလုံး ပြီးဆုံးသွားပြီး
ဖြစ်သည်။ ဤအချိန်မျိုးတွင်

လူသားမျိုးနွယ်က အနားယူဖို့ သို့မဟုတ်
ပြန်ပြီးအင်အားဖြည့်တင်းရန်ပင်မရှိတော့
ပေ။ ထို့ပြင် ဝိညဉ်စွမ်းအင်များ
ဆုံးရှုံးသွားသည်နှင့် အထူးအခြားဆုံး
ညဏ်ကြီးရှင်များပင်
ကြီးထွားလာမည်မဟုတ်ပေ။
လူသားမျိုးနွယ်တစ်ခုလုံးကို
ဖျက်ဆီးခြင်းထက် ခြားနားမှုမရှိဟု
ဆိုလိုပါသည်။

“ဒီလို ထိပ်တိုက် ရင်ဆိုင်မှုတွေနဲ့
ရန်ငြိုးဖွဲ့နေဖို့မလိုပါဘူး”

နံဘေးမှ အသံတစ်သံ ရုတ်တရက်
ထွက်ပေါ်လာသည်။ လူတိုင်း
လှမ်းကြည့်လိုက်ရာ
သက်လတ်ပိုင်းအမျိုးသားတစ်ယောက်
က သူတို့ဆီက ဖြည်းညင်းစွာ
လျှောက်လာနေသည်ကို
တွေ့လိုက်ရသည်။ ယန်ယဲ့က ထိုလူကို

မှတ်မိလိုက်၏။ ၎င်းက

သဘာဝမြင့်မြတ်နယ်မြေရှိ

လင်းကလန်၏ဘိုးဘေး လင်းကျန်း

ဖြစ်သည်။ သူ့ဘေးနားတွင် အခြား

သက်လတ်ပိုင်းအမျိုးသားနှစ်ဦးပါ

ရှိနေသည်။

လင်းကျန်းက

လူအုပ်ဆီကိုလျှောက်လာပြီး ယန်ယဲ့ကို

ပြုံးပြကာ "ဒါကတော့ ချူးရှန်းယန်နဲ့

ရှူထျန်းလို့ခေါ်တယ်။ သူတို့နှစ်ယောက်က

အပင်မြင့်မြတ်နယ်မြေရဲ့အရှင်သခင်နဲ့

ယင်မြင့်မြတ်နယ်မြေရဲ့ အရှင်သခင်ပဲ”

ပညာရှင် ၃ ပါး.

လူသားမျိုးနွယ်၏ အရင်းအမြစ်များနှင့်

အရံအင်အားများက သဘာဝအတိုင်း

ပွင့်လင်းမြင်သာစွာ

ဖော်ပြထားခြင်းမရှိပေ။

နောက်ဆုံးတွင် ၎င်းသည်

မရေမတွက်နိုင်သော နှစ်များကြာအောင်

တည်ရှိနေသောကြောင့်ပင်။ ၎င်းတွင်

လူသားကမ္ဘာအနှံ့

ပညာရှင်အများအပြားရှိနေကြသည်။

ဤအချိန်တွင် လင်းကျန်းက

ဆက်ပြောသည်။ “လူတိုင်း၊

ညီအစ်ကိုယန်နဲ့ လူသားမျိုးနွယ်

အကြားမှာ ကြီးမားတဲ့

ရန်ငြိုးရန်စမရှိဘူးလေ။ အခုသူက
လူသားမျိုးနွယ်နဲ့ ရန်သူဖြစ်နေတဲ့
အကြောင်းအရင်းက
လူသားအင်ပါယာအရှင်ကြောင့်ပဲ
ဒါ့အပြင် ရိုးရိုးသားသား ပြောရရင်
လူသားအင်ပါယာအရှင်က ယန်ယွဲ့ကို
လူသားမျိုးနွယ်အတွက်
တကယ်လိုက်ဖမ်းခဲ့တာလား...”

လူတိုင်း တိတ်ဆိတ်နေခဲ့ကြသည်။

"ဘယ်ဟုတ်မလဲ...”

လင်းကျန်းက ဆက်ပြောသည်။

“လူသားအင်ပါယာအရှင်က

ကိုယ်ကျိုးအတွက်  ညီငယ်ယန်ကို

လိုက်ဖမ်းနေတာ။ ဒါပေမဲ့ နောက်ပိုင်းမှာ

ညီငယ်ယန်က ခွန်အားတွေ

အလုံအလောက်သန်မာလာတော့

အရှုံးမပေးခဲ့ဘူး။ ရိုးရိုးသားသား

ဝန်ခံရရင် သူက သေသင့်တယ်။ အခုမင်းတို့အားလုံးက သူ့ကိုယ်စား လက်စားချေမှာကြောက်လို့ တိုက်ခိုက်ဖို့ ကြိုးစားနေကြတာ။ ဒညပေမဲ့

မင်းတို့အားလုံးကို ပစ်မှတ်ထားနေတာ ဘာကြောင့်လဲဆိုတာ စဉ်းစားဖူးလား…”

ပိန်ပိန်ပါးပါးအဘိုးကြီးက “လင်းကျန်း၊ ဘာပြောဖို့ ကြိုးစားနေတာလဲ…”

လင်းကျန်းကပြုံးပြီး "ဒါက

အရမ်းရိုးရှင်းပါတယ်။ မြင့်မြတ်နယ်မြေ

၃ ခုနဲ့ မဟာဂိုဏ်းကြီး ၁၀ ခုက

လူသားအင်ပါယာအရှင်ကို

ကိုယ်စားမပြုနိုင်ဘူး။

မင်းတို့အားလုံးက  ကိုယ့်ကိုယ်ကိုပဲ

ကိုယ်စားပြုလို့ရတယ်။

လူသားမျိုးနွယ်ကို

ကိုယ်စားပြုလို့မရဘူး”

ထိုစကားကြားသောအခါ အဘိုးကြီးက မျက်မှောင်ကြုတ်သွားသည်။

ဤအချိန်တွင် လင်းကျန်းက ယန်ယဲ့ကို စိုက်ကြည့်ကာ "ညီငယ်ယန်၊ ငါတို့ရဲ့ မြင့်မြတ်နယ်မြေသုံးခုနဲ့ မဟာဂိုဏ်းကြီး ဆယ်ခုက ပူးပေါင်းပြီး လူသားမဟာမိတ်အဖွဲ့ဆိုပြီး တည်ထောင်လိုက်တယ်။

လူသားပညာရှင်တွေ အားလုံး

ပူးပေါင်းပါဝင်နိုင်တယ်။ ငါတို့နဲ့

ပူးပေါင်းဖို့ မင်းကို ဖိတ်ခေါ်ချင်တယ်။

သေချာပါတယ် မင်းက

ချည်နှောင်ခံရတာကို

သဘောမကျဘူးဆိုတာ ငါတို့သိပါတယ်။

ဒါကြောင့် မင်းကို ငါတို့ပေးတဲ့ ရာထူးက

လူသားမျိုးနွယ်ရဲ့ အုပ်ထိန်းသူပဲ။

ဘယ်သူကမှ မင်းကို

ချုပ်နှောင်ထားလို့မရသလို မင်းမှာ

အကျိုးကျေးဇူးတွေ မျိုးစုံရလိမ့်မယ်”

ဒီအထိပြောပြီးနောက် သူက ခဏရပ်ပြီး

ပြုံးကာ “ငါတို့မြင့်မြတ်နယ်မြေသုံးခု

မဟာဂိုဏ်းကြီး ဆယ်ခုနဲ့

လေလွင့်ကျင့်ကြံသူတွေအကုန်ပေါင်း

ထားရင် ပညာရှင် (၁၇)ပါးပါတယ်။

လူသားမျိုးနွယ်တစ်ခုလုံးရဲ့

ခွန်အားတစ်ပိုင်းလို့ ဆိုနိုင်တယ်။

မင်းပါဝင်မယ်ဆိုရင် မင်းဘက်မျာ
အမြဲတမ်းရှိနေမယ်လို့ အာမခံတယ်။
အခြားမျိုးနွယ်ခြားတွေက မင်းကို
တိုက်ခိုက်ချင်ရင်တောင် ငါတို့က
သေချာပေါက်ရပ်တည်ပေးမယ်”

ယန်ယဲ့က ငြိမ်သွားသည်။

တစ်ချိန်တည်းတွင် လင်းကျန်းက
“ညီငယ်ယန်၊ ငါအရင်တုန်းက

ပြောခဲ့သလိုပဲ လူသားအင်ပါယာအရှင်က

လူသားမျိုးနွယ်တစ်ခုလုံးကို

ကိုယ်စားမပြုနိုင်ဘူး။ ငါတို့

မဟာမိတ်အဖွဲ့က မင်းနဲ့

ရန်သူမဖြစ်ချင်ဘူး။ ဒါ့အပြင်

ကိုယ့်မျိုးနွယ်ရဲ့ အနာဂတ်ကိုလည်း

တာဝန်ယူရမယ်လို့ ထင်ပါတယ်။

ကောင်းပြီ၊ မင်းပါဝင်ဖို့ ငြင်းရင်တောင်

အဆင်ပြေပါတယ်။ ငါတို့က

မိတ်ဆွေဖြစ်နေတုန်းပဲ”

Translated by NyiNyiSoe.

May Be:

...

အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၅၁၇ -

အမှန်တော့ လင်းကျန်းတို့အုပ်စုက

ဤအကြံအစည်ကို

အကောင်အထည်ဖော်ချင်နေတာ

ကြာပြီဖြစ်သည်။ သို့ရာတွင်

လူသားအင်ပါယာအရှင်က

အသက်ရှင်နေဆဲဖြစ်ရာ

မလုပ်ဆောင်နိုင်ခဲ့ပေ။

အင်အားသုံးလုပ်ဆောင်ပါက

လူသားမျိုးနွယ်သည်

အတွင်းပိုင်းတိုက်ပွဲများ

ဖြစ်ပေါ်လာမည်မှာ ကျိန်းသေပင်။

သို့သော်

လူသားမျိုးနွယ်၏လက်ရှိအခြေအနေက

အတွင်းပိုင်းတိုက်ပွဲများ ဖြစ်ပေါ်လာဖို့

မတတ်နိုင်ပေ။

ထို့ကြောင့် သူတို့အဖွဲ့က

လူသားအင်ပါယာအရှင်၏

အကြံအစည်ကို သိနေသည့်တိုင်

ဘာမှမလုပ်ဘဲ ရပ်ကြည့်နေခဲ့ကြသည်။

ယခုမူကား လူသားအင်ပါယာအရှင်

သေဆုံးသွားပြီဖြစ်ရာ ၎င်းတို့အတွက်

စိုးရိမ်စရာမရှိတော့ပေ။

ယခု သူတို့ လိုချင်နေသည့်အရာကား

ယန်ယွဲ့ထံမှ အဖြေပင်။

လူသားမျိုးနွယ်၏အုပ်ထိန်းသူ

ယန်ယဲ့က ပြန်မဖြေသေးဘဲ

ငြိမ်သက်သွားသည်။

အမှန်တိုင်းပြောရလျှင် သူက ချီတုံချတုံ

ဖြစ်နေ၏။

သူက လင်းကျန်းတို့အုပ်စုကို

အထင်အမြင်ကောင်းများ ရှိထားသည်။

သို့သော် သူ့အနေဖြင့်

လူသားမျိုးနွယ်၏အုပ်ထိန်းသူရာထူးကို

လက်ခံရန်အတွက်ကား....

ဤအချိန်တွင် သူ့စိတ်ထဲ၌

ယန်လျန်ရှမ်း၏ အသံ

ရုတ်တရက်ပေါ်လာသည်

"သဘောတူလိုက်။

နှင့်ကိုယ်ပိုင်အဖွဲ့အစည်းတစ်ခု

တည်ထောင်ဖို့ လိုအပ်တယ်။ ပြီးတော့

ဒါဟာ

အင်အားစုကြီးတစ်ခုဖြစ်နေရမယ်။ အခု

နင့်မှာ လူသားမျိုးနွယ်ရဲ့

အခြေခံအုတ်မြစ်ရှိနေပြီဆိုတော့

အင်အားစုတစ်ခု

တည်ထောင်လို့ရသွားပြီ။ ဒါ့အပြင် နင်နဲ့

အန်နန်ကျင်း ပိုင်ဆိုင်တဲ့ခွန်အားနဲ့ဆို

တခြားမျိုးနွယ်တွေက

အရင်လိုပစ်မှတ်ထားရဲမှာမဟုတ်တော့

ဘူး။ တကယ်လို့ နင်ပြင်းလိုက်ရင်
အသစ်ဖွဲ့စည်းထားတဲ့
ဒီလူသားမဟာမိတ်အဖွဲ့က
မျိုးနွယ်ခြားမဟာမိတ်အဖွဲ့နဲ့ပူးပေါင်းဖို့
အလားအလာ အရမ်းများတယ်”

ဤအချက်ကို ကြားလိုက်သောအခါ
ယန်ယဲ့ သည် တုံ့ဆိုင်းမနေတော့ပေ။
သူက လင်းကျန်း ကို စိုက်ကြည့်ကာ
"ကောင်းပြီ၊

ငါသဘောတူတယ်"ဟုပြောလိုက်တော့သ
ည်။

ယန်ယဲ့ ထံမှ အဖြေကို ကြားသောအခါ
လင်းကျန်းတို့အုပ်စုက
ပြုံးလိုက်ကြသည်။ လင်းကျန်း က
ယန်ယဲ့ ဆီကို လျှောက်လာပြီး
"ဒီအချိန်ကစလို့ ယန်ယဲ့ဟာ
ငါ့လူသားမျိုးနွယ်ရဲ့ အုပ်ထိန်းသူ
ဖြစ်တယ်။ လူသားမျိုးနွယ်ထဲက

ဘယ်သူမှ သူ့ကို ပြဿနာရှာခွင့်မရှိဘူး။
ဒါကို ဖောက်ဖျက်ရင်
သေဒဏ်ချမှတ်ခံရမယ်”

ထိုစကားပြောပြီးနောက်
ပိန်ပိန်ပါးပါးအဘိုးကြီးကို
စူးစိုက်ကြည့်နေသည်။

လူသားမျိုးနွယ်၏အုပ်ထိန်းသူ ...။

ယန်ယဲ့ သည်

လူသားကမ္ဘာ၏ရန်သူလိုဖြစ်နေရာမှ

ချက်ချင်းပင် လူသားမျိုးနွယ်၏

အုပ်ထိန်းသူ ဖြစ်လာခဲ့သည်။

ပိန်ပိန်ပါးပါးအဘိုးကြီး နှင့်

အခြားလူတိုင်း မျက်နှာများ

မှုန်ကုပ်နေကြသည်။ သူတို့

ဘာတွေးနေမှန်းတော့ မသိနိုင်ပါ။

ယခင်က သူတို့အဖွဲ့ဟာ

လူသားအင်ပါယာအရှင် ဖက်ရှိ

အင်အားစုများကို ကိုယ်စားပြုခဲ့သည်။

ယခုအချိန်တွင်မူ

လူသားအင်ပါယာအရှင်

သေဆုံးခြင်းနှင့်အတူ

အခြားသောမဟာမိတ်အင်အားစုများပေါ်

ပေါက်လာခဲ့ချေပြီ။ အကယ်၍ ယန်ယဲ့

နှင့် အန်နန်ကျင်းတို့သာ

ပူးပေါင်းလိုက်ပါက

အသစ်ဖွဲ့စည်းထားသော

လူသားမဟာမိတ်အဖွဲ့ဟာ

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ကို

ကောင်းကောင်းကြီးယှဉ်နိုင်စွမ်းရှိပေသ

ည်။

"သွားကြရအောင်"

ပိန်ပိန်ပါးပါးအဘိုးကြီးက ပြောပြီးနောက်

အခြားလူများ နှင့်အတူ
ပျောက်ကွယ်သွားခဲ့သည်။

လင်းကျန်း က ပြုံးကာ “ညီငယ်ယန်၊
ငါနဲ့လိုက်ခဲ့။ မင်းနဲ့မိတ်ဆက်ပေးဖို့
တခြားအကြီးအကဲတွေနဲ့ ပညာရှင်တွေ
ရှိသေးတယ်"

ယန်ယဲ့ က မငြင်းပေ။ အန်နန်ကျင်း ကို
လှည့်ကြည့်လိုက်သည်။ အန်နန်ကျင်း က

အနည်းငယ်ခေါင်းညိတ်ကာ

မူလစေတီထဲသို့ ဝင်ရောက်သွားသည်။

မူလစေတီထဲတွင် နှင်းပွင့်က

အန်နန်ကျင်းကို အထူးအဆန်းသဖွယ်

ကြည့်ရှုနေလေသည်။ အန်နန်ကျင်းကို

မှတ်မိနေသော်လည်း

မတွေ့တာကြာပြီဖြစ်ရာ မရင်းနှီးသော

ခံစားချက်မျိုး ရနေပုံပါ။

အန်နန်ကျင်းက

နှင်းပွင့်၏နားရွက်လေးများကို

ပွတ်သပ်ကာ "နှင်းခဲလေး၊

စွမ်းအင်လိုနေတယ်။ ငါ့ကို

နည်းနည်းလောက်ပေး"

နှင်းပွင့်လေးက မတုံ့ပြန်သေးဘဲ

အံ့သြနေလေသည်။

အပြင်လောကတွင်မူ ယန်ယဲ့သည်

လင်းကျန်း နှင့်အတူ

သဘာဝမြင့်မြတ်နယ်မြေသို့

လိုက်ပါသွားသည်။

လမ်းတွင် လင်းကျန်းက

ရုတ်တရက်မေးလိုက်သည် "ညီငယ်ယန်၊

ဒီမိန်းကလေးက ဘယ်သူလဲ"

ယန်ယဲ့ က "သူမက ငါ့မိတ်ဆွေပါ"

ယန်ယဲ့ နဲ့ မိတ်ဆွေတွေ ။

လင်းကျန်း က အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး "မင်းရဲ့မိတ်ဆွေက

အရမ်းသန်မာတယ်။

ငါတို့လူသားမျိုးနွယ်မှာ မင်းကလွဲရင်

တခြားညာဏ်ကြီးရှင် ရှိနေဖို့

ငါမမျှော်လင့်ထားဘူး။

ငါတို့လူသားမျိုးနွယ်က

တကယ်ကိုကံကောင်းတယ်"

သူက စကားခဏရပ်လိုက်ပြီး

“တကယ်တော့ လူသားမျိုးနွယ်ထဲက

တော်တော်များများက မင်းကို

လူသားအင်ပါယာအရှင်

လိုက်ဖမ်းနေတာကို ကန့်ကွက်ကြတယ်။

ငါတို့က လူမိုက်မဟုတ်ဘူးလေ၊

သူ့ရဲ့ရည်ရွယ်ချက်က ဘာလဲဆိုတာ ကောင်းကောင်းသိတာပေါ့။ အခုတော့ ဒီသောက်ရူးကောင် သေသွားပြီ။ ဒါဆို ငါတို့က ဘာမှ စိုးရိမ်စရာ မလိုတော့ဘူး”

ယန်ယဲ့ က "အခုလက်ရှိ လူသားမျိုးနွယ်မှာ ပညာရှင် အယောက် ၂၀ ထက်နည်းတယ်"

"နည်းနည်းတော့ရှိပါတယ်" လင်းကျန်းက  “ဒီမှာ လျှို့ဝှက်အဖွဲ့အစည်းတချို့နဲ့ လေလွင့်ကျင့်ကြံသူတွေ မပါဝင်ပေမယ့် တချို့တွေရှိပါသေးတယ်။ သူတို့က အပြင်လောကရဲ့ ပဋိပက္ခတွေထဲမှာ ဝင်မပါချင်ကြဘူး။ ဒါပေမဲ့ ဒါက သာမာန်ပဋိပက္ခမဟုတ်သလို မျိုးနွယ်စုပေါင်းစုံကြားက တိုက်ပွဲဖြစ်လို့ မကူညီဘဲနေလို့ မရပါဘူး။ တကယ်လို့

လူသားမျိုးနွယ် စစ်ရှုံးခဲ့ရင်

သမိုင်းထဲကနေ ဖယ်ရှားခံရလိမ့်မယ်”

ယန်ယဲ့က "အခု ငါ့ကို

ပူးပေါင်းဖို့ဖိတ်ခေါ်လိုက်တော့

ကောင်းကင်မျိုးနွယ်နဲ့

တခြားမျိုးနွယ်တွေအတွက်

မင်းစိတ်မပူဘူးလား"

လင်းကျန်း က ပြုံးပြီး "ငါတို့ ဒီပြဿနာကို အရင်က ဆွေးနွေးဖူးတယ်။ ဒီတစ်ခါတော့ ကောင်းကင်မျိုးနွယ်ကို မလိုက်လျောချင်တော့ဘူး။ ငါတို့က ကိုယ့်လမ်းကိုယ်လျှောက်ချင်တယ်"

"ငါတို့ ဒီကို ရောက်နေပြီ" လင်းကျန်း က ပြောလက်စ စကားရပ်သွားပြီး ပြောလိုက်သည်။

ခန်းမတစ်ခုထဲတွင် ...။

ဤနေရာတွင် လူ ၁၆ ဦးသာ ရှိနေခဲ့သည်။
သို့သော် အားလုံးက
ပညာရှင်များချည်းသာ။

လင်းကျန်း က ခေါင်းဆောင်နေရာတွင်
ထိုင်နေကာ အခြားပညာရှင်များက
နှစ်ဖက်စလုံး၌ ထိုင်နေကြ၏။ ယန်ယဲ့က
လင်းကျန်း အနားတွင် ထိုင်နေခဲ့သည်။

ဤအချိန်တွင် လူတိုင်းက ယန်ယဲ့ကို ကြည့်နေကြသည်။
သူတို့၏မျက်လုံးထဲ၌လည်း စူးစမ်းလိုစိတ်များ ရှိနေသည်။

လင်းကျန်း က “လူတိုင်း၊ ငါ့ဘေးနားကလူကို မိတ်ဆက်ပေးစရာမလိုဘူးဆိုတာ

သေချာပါတယ်။ အခု သူလည်း

ငါတို့ထဲက တစ်ယောက်ပါပဲ”

စကားပြောရင်းဖြင့် လူတိုင်းကို

ယန်ယဲ့နှင့် မိတ်ဆက်ပေးလိုက်၏။

နောက်ဆုံး အဘိုးကြီးကို

မိတ်ဆက်ပေးသောအခါ လင်းကျန်း က

အဘိုးကြီးအား အနည်းငယ်ဦးညွှတ်ကာ

"ညီငယ်ယန်၊ ဒါက စီနီယာကုလို

လို့ခေါ်တယ်။ စီနီယာကုလုံက

ကွန်ဖြူးရှပ်ဖန်ဆင်းရှင် နဲ့

မျိုးဆက်တူခေတ်ကတည်းက

တစ်ကိုယ်တော်ကျင့်ကြံသူပဲ”

ကွန်ဖြူးရှပ်ဖန်ဆင်းရှင် နဲ့ မျိုးဆက်တူ

ပညာရှင် ။

ယန်ယွဲ့က ကုလုံ ကို စိုက်ကြည့်ရင်း

ခေါင်းညိတ်ပြသည် "အကြီးအကဲ... "

အဘိုးကြီးကုလုံ က ယန်ယဲ့ကို

စိုက်ကြည့်ရင်း "လူငယ်မျိုးဆက်တွေက

တကယ်ကြောက်စရာကောင်းလာတယ်"

ယန်ယဲ့က

အနည်းငယ်ခေါင်းညိတ်ပြလိုက်သည်။

စကားတော့ပြန်မပြောခဲ့ပေ။

တစ်ချိန်တည်းမှာပင် လင်းကျန်း က

“လူတိုင်း၊ ငါတို့က

လူသားမဟာမိတ်အဖွဲ့ကို

ထူထောင်လိုက်ပြီ။ ဆိုလိုတာက ငါတို့ဟာ

အခုအချိန်မှာ

လူသားမျိုးနွယ်တစ်ခုလုံးကို

ကိုယ်စားပြုနေတယ်။ အနည်းဆုံးတော့

တခြားမျိုးနွယ်စုတွေလိုပဲ ငါတို့ဟာ

လူသားမျိုးနွယ်ကို ကိုယ်စားပြုပါတယ်။

အခု ငါတို့အဖွဲ့က လူသားမျိုးနွယ် ကို

ထိန်းချုပ်ဖို့ ခွန်အားအလုံအလောက်

ရှိနေပြီ။ ဒါပေမဲ့ အခုအချိန်မှာ ငါတို့က

အန္တရာယ်အခြေအနေမှာ

ရှိနေတယ်ဆိုတာ လူတိုင်း

သဘောပေါက်ကြမှာသေချာပါတယ်။

တခြားမျိုးနွယ်တွေက ငါတို့ကို

ပစ်မှတ်ထားပြီး ဖိနှိပ်လိမ့်မယ်။

ဒါကြောင့် ဒီပြဿနာကို
အရင်ဆုံးဖြေရှင်းထားရမယ်”

တစ်စုံတစ်ယောက်က ရုတ်တရက်
မေးလိုက်သည် "ငါတို့က သူတို့နဲ့
ပေါင်းလို့မရဘူးလား"

လင်းကျန်း က ယန်ယွဲ့ကို
ကြည့်လိုက်သည်။ ယန်ယွဲ့က "သူတို့နဲ့
ပေါင်းလိုက်တာက မင်းကို

နတ်မျိုးနွယ်က ပစ်မှတ်ထားနေပြီလို့

ဆိုလိုတယ်"

ထိုလူက "ငါတို့သူတို့နဲ့မပေါင်းရင်

ဘယ်လိုလုပ်မလဲ"

ယန်ယွဲ့ က ထိုလူကို

တစ်ချက်ကြည့်လိုက်ပြီး "ငါတို့က

တခြားမျိုးနွယ်တွေနဲ့

မပူးပေါင်းဘူးဆိုရင် မင်းအတွက်

နတ်မျိုးနွယ်ကို ငါဖြေရှင်းနိုင်လိမ့်မယ်။
ဒါပေမဲ့ မင်းဟာ တခြားမျိုးနွယ်တွေထဲ
ဝင်သွားရင်တော့ ငါထွက်သွားမယ်။
သူတို့နဲ့ ငါ့ရန်ငြိုးက မပြေလည်နိုင်ဘူး။
ဒါ့အပြင် ငါ့မှာ ဝိညာဉ်အင်ပါယာ
ရှိနေတယ်။ ဒီတော့ သူတို့က
အလျှော့ပေးမှာမဟုတ်ဘူး"

ထိုစကားကိုကြားသောအခါ လူတိုင်း

ချက်ချင်းပင်

နားလည်သဘောပေါက်သွားကြသည်။

ဆိုလိုသည်မှာ

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ကို

ပူးပေါင်းရန်ရွေးချယ်ပါက

ထူးခြားသောညဏ်ကြီးရှင် မိန်းမပျိုလေး

နှင့် ဝိညာဉ်အင်ပါယာကို

ဆုံးရှုံးရပေမည်။

ထို့အပြင် နတ်မျိုးနွယ်က ၎င်းတို့အား

ပစ်မှတ်ထားမည်ဖြစ်သည်။

သို့သော်လည်း ယန်ယွဲ့နှင့်

ပူးပေါင်းထားပါက နတ်မျိုးနွယ်ဟာ

ပစ်မှတ်ထားမည်မဟုတ်ပေ။

ဝိညာဉ်အင်ပါယာကိုလည်း

ပိုင်ဆိုင်ရပေမည်။

ယန်ယဲ့ကို ရွေးချယ်ခြင်းသည်
ဝိညာဉ်အင်ပါယာက လူသားမျိုးနွယ်
နှင့်အတူ ရှိနေကြောင်း ဆိုလိုပါသည်။

သို့သော် အလားတူပင်
ဤညဏ်ကြီးရှင်နှစ်ဦးကြောင့်
လူသားမဟာမိတ်အဖွဲ့ကို
ပစ်မှတ်ထားခံရပေလိမ့်မည်။

ခန်းမက ရုတ်တရက်

တိတ်ဆိတ်သွားသည်။

အခြေအနေက အကျပ်ရိုက်နေတာပါ။

အဘိုးကြီးကုလုံ က "ဒီတစ်ခါတော့

သူတို့ကို ကာကွယ်ရမယ်။

သူတို့နှစ်ယောက်က

ငါတို့လူသားမျိုးနွယ်ရဲ့ အနာဂတ်ကို

ကိုယ်စားပြုနေတယ်။ ဒါ့ကြောင့်

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့နဲ့

မပူးပေါင်းဖို့ရွေးချယ်ခဲ့တာပဲ။

ငါတို့လူသားမျိုးနွယ်က သူ့အလိုလို

အင်အားတောင့်တင်းပြီးသားပါ။

တခြားမျိုးနွယ်တွေအတွက်တော့

သူတို့က ငါတို့ကို ပစ်မှတ်ထားခိုင်းရင်

ငါတို့မှာ တခြားရွေးချယ်စရာမရှိရင်

ငါတို့က နတ်မျိုးနွယ်နဲ့

ပူးပေါင်းလိုက်မယ်လို့ ပြောလိုက်ရုံပဲ”

တစ်စုံတစ်ယောက်က ရုတ်တရက်

မေးလိုက်သည် "ဒါပေမဲ့ နတ်မျိုးနွယ် က

ငါတို့ကို ပစ်မှတ်ထားရင် ဘာဖြစ်မလဲ"

အဘိုးကြီးကုလုံ က ယန်ယွဲ့ကို

စိုက်ကြည့်ရင်း

"မင်းဘယ်လိုထင်လဲ"ဟုမေးလိုက်သည်။

ယန်ယဲ့ က "နတ်မျိုးနွယ်နဲ့
လူသားမျိုးနွယ်ကြားမှာ
ပဋိပက္ခမဖြစ်အောင် ငါတာဝန်ယူမယ်"

အဘိုးကြီးကုလုံ က “တကယ်တော့
အရေးကြီးတာက
ငါတို့လူသားမျိုးနွယ်အတွက်
နည်းလမ်းရှာဖို့ပဲ” ဟု ခေါင်းညိတ်ရင်း
ပြောလိုက်သည်။

ယန်ယဲ့က အဘိုးကြီးကုလုံ ကို

အံ့အားသင့်စွာဖြင့် စိုက်ကြည့်ကာ

"ထွက်လမ်းတစ်ခုလား"

အဘိုးကြီးကုလုံ က “ငါရရှိတဲ့

အချက်အလက်အရတော့ မဟာလမ်းစဉ်

၃ ခုက စပြီးလှုပ်ရှားလာပြီ။

တခြားမျိုးနွယ်တွေကလည်း

ဒီသတင်းကို လက်ခံရရှိထားတယ်။

ဒုတိယကမ္ဘာစစ်က မကြာခင်မှာ

စတင်သင့်တယ်။ ငါတို့လောကသုံးပါးက

ကြီးမားတဲ့အပြောင်းအလဲကို

ရင်ဆိုင်ရတော့မယ်။ ဒီတော့ ငါတို့က

ထွက်လမ်းတစ်ခုတော့ကြိုရှာထားရမှာပါ

။ ဒီလောကကို စွန့်ခွာပြီးတော့

တခြားစကြာဝဠာကို သွားနိုင်ဖို့

ကြိုပြီးစီစဉ်ထားရမယ်။ ဒါပေမဲ့

လောကသုံးပါးက အဆုံးအစမဲ့တဲ့

အာကာသတွင်းနက်တွေနဲ့

ဝိုင်းရံထားတယ်။ ဘယ်သူမှ
မဖြတ်ကျော်နိုင်ဘူး။ အခု
တစ်စုံတစ်ယောက် ရှိနေပြီလေ”

လူတိုင်းက အဘိုးကြီးကုလုံ
ကိုစူးစိုက်ကြည့်ကာ ရှေ့ဆက်ပြောရန်
စောင့်မျှော်နေကြသည် ။

အဘိုးကြီးကုလုံ က ဆက်ပြောသည်

“အာကာသတွင်းနက်ကို ဖျက်ဆီးတာက

အပြင်လောကကို

သွားနိုင်မယ့်လမ်းကြောင်းတစ်ခု

ဖန်တီးပေးနိုင်တယ်။

ဒါပေမဲ့ ဖြတ်ကျော်ဖို့က

မလွယ်ကူလှဘူး။ မဟာလမ်းစဉ် ၃

ခုတောင်မှ သူတို့ စေလွှတ်တဲ့

ပညာရှင်တော်တော်များများကို

ဆုံးရှုံးခဲ့ရတယ်။

ငါတို့လူသားမျိုးနွယ်အတွက်

ငါတို့အတွက် လမ်းဖွင့်ပေးဖို့

ပညာရှင်တွေကို စေလွှတ်သင့်တယ်”

ထိုစကားကို ကြားလိုက်သောအခါ

ယန်ယဲ့က တာအိုလင်း

ရောက်လာသည့်အကြောင်းအရင်းကိုနား

လည်သွားတော့သည်။

သေချာသည်မှာ တာအိုလမ်းစဉ်အတွက်
အာကာသလျှောက်လမ်းတစ်ခု
ဖွင့်ပေးစေလိုခြင်းပင်။

လင်းကျန်း က လေးနက်စွာပြောခဲ့သည်
"ဒီအချက်အလက်က ယုံကြည်လို့ရလား"

အဘိုးကြီးကုလုံ က ခေါင်းညိတ်ပြီး
“ဒါက တိကျရမယ်။ လောကသုံးပါးရဲ့
အင်အားစုတွေက တစ်ခုနဲ့တစ်ခု

ပူးပေါင်းထားကြပြီ။ ဒါ့အပြင်

လျှို့ဝှက်အင်အားစုတွေတောင်

ထွက်ပေါ်လာကြတယ်။ ဒီလောကက

တဖြည်းဖြည်းနဲ့ ပြောင်းလဲနေပြီလို့

ဆိုနိုင်ပါတယ်။ ဒီတော့

ငါတို့ကိုယ်တိုင်အတွက်

ထွက်လမ်းရှာမတွေ့ရင် ဒီလောကနဲ့အတူ

တစ်ခါတည်း မြှုပ်နှံခံရလိမ့်မယ်”

လင်းကျန်း က

ရုတ်တရက်မေးလိုက်သည်

"ဘယ်သူသွားမှာလဲ"

အားလုံးက ယန်ယွဲ့ကို

စိုက်ကြည့်နေကြသည်။ သို့သော်လည်း

အဘိုးကြီးကုလို က

ရုတ်တရက် "ညီငယ်ယန် နဲ့အတူ ငါပါ

လိုက်သွားမယ်"

အားလုံးက အဘိုးကြီးကုလုံ ကို စိုက်ကြည့်နေကြသည်။

အဘိုးကြီးကုလုံ က ပြုံးပြီး "ညီငယ်ယန် က ငါတို့နဲ့ ပူးပေါင်းခဲ့တယ်။ ဒါ့ကြောင့် သူ့ကို ဒီလို အန္တရာယ်ရှိတဲ့ မစ်ရှင်ကို စေလွှတ်တာက မမှန်ဘူး။ ဒါ့အပြင် ဒီနေရာမှာ သူတို့ရှိနေတာက တခြားမျိုးနွယ်တွေကို ဟန့်တားထားနိုင်တယ်။ နောက်ဆုံးတော့

သူတို့နှစ်ယောက်က ပညာရှင်တွေကို

အသာလေးသတ်နိုင်ပါတယ်။ ဒါ့အပြင်

သူတို့သာ လူသားကမ္ဘာကနေ

ထွက်သွားရင် တခြားမျိုးနွယ်တွေက

သူတို့ နှစ်ယောက်လုံးကို

ပစ်မှတ်ထားတိုက်ခိုက်လိမ့်မယ်။ ဒါပေမဲ့

သူတို့ဒီမှာနေမယ်ဆိုရင်

လူသားမျိုးနွယ်ရဲ့ အင်အားနဲ့

သူတို့ခွန်အားနဲ့ဆို

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ကို
ထည့်တွက်နေစရာမလိုပါဘူး ”

လင်းကျန်း က ခေါင်းညိတ်ပြသည်
"အကြီးအကဲကုလုံ မှန်ပါတယ်။ ဒါ့အပြင်
ငါတို့လူသားမဟာမိတ်အဖွဲ့က
နတ်မျိုးနွယ်နဲ့ ပြောဆိုဆက်ဆံတဲ့အခါ
ညီအစ်ကိုယန်လိုလူမျိုးလိုအပ်တယ်။
ငါတို့က တခြားမျိုးနွယ်တွေနဲ့
ရန်သူမဖြစ်ချင်ဘူး၊ ဒါပေမဲ့

နတ်မျိုးနွယ်က ငါတို့ကို ပစ်မှတ်ထားပြီး

တိုက်ခိုက်မှာလည်း မလိုချင်ဘူး”

ယန်ယဲ့ က အနည်းငယ် ခေါင်းညိတ်ပြပြီး

"ဒီလိုဆို နတ်မျိုးနွယ်ကို

ငါသွားလည်လိုက်မယ်။ သူတို့နဲ့

စကားပြောကြည့်တာပေါ့"

လင်းကျန်း က ခေါင်းညိတ်ပြီး

ရှေးဟောင်းစာလိပ်တစ်လိပ်ကို

ထုတ်ယူကာ ယန်ယဲ့ထံ

ပစ်ပေးလိုက်သည်။ သူက "အဲဒီမှာ

ပေါ်တယ်စနစ်တစ်ခု

အဆင်သင့်ရှိနေတယ်။

အသက်ရှူချိန် ၁ ရှိုက်စာလောက်နဲ့

ငါတို့တစ်ဖွဲ့လုံး မင်းဆီကို

ချက်ချင်းရောက်လာနိုင်တယ်။

လိုအပ်ရင် ဖွင့်လိုက်ရုံပါပဲ။ ဟုတ်ပါတယ်၊

ငါတို့မှာလည်း အလားတူ

ပေါ်တယ်စနစ်တွေရှိပါတယ်။ တကယ်လို့ ငါတို့က မမျှော်လင့်ထားတာတစ်ခုခုနဲ့ ရင်ဆိုင်တွေ့ရင် မင်းလည်း အမြန်ပြေးလာမယ်လို့မျှော်လင့်ပါတယ်”

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်

"ဒါပေါ့"

ဤအချိန်တွင် ခန်းမထဲသို့ သက်လတ်ပိုင်းအမျိုးသားတစ်ဦး

ပေါ်လာသည်။ သူက လူတိုင်းကို

တစ်ချက်ကြည့်လိုက်ပြီး

“မျိုးနွယ်ခြားမဟာမိတ်အဖွဲ့က

သတင်းထုတ်ပြန်လိုက်တယ်။

ငါတို့လူသားမဟာမိတ်အဖွဲ့က ယန်ယဲ့ကို

လက်လွှဲမပေးဘူးဆိုရင် စစ်ပွဲစမယ်”

စစ်ပွဲ လား....

Translated By NyiNyiSoe

May Be:

...

အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၅၁၈ - မတွေ့ရတာကြာပြီ။

စစ်ပွဲ...

ထိုစကားလုံးကို ပြောလိုက်သည်နှင့်

ပတ်ဝန်းကျင်က

တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။

ဒုက္ခက သူတို့ထင်ထားတာထက်ကို

ပိုမြန်နေသည်မဟုတ်ပါလား။

ခန်းမအတွင်း အကြားကြီး

တိတ်ဆိတ်သွားသည်။ ထို့နောက်

အဘိုးကြီးကုလုံ က ရုတ်တရက်

ထရပ်ကာ “သူတို့ကို လာခဲ့ဖို့ ပြောလိုက်”

အားလုံးက အဘိုးကြီးကုလုံ

ဆက်ပြောမည့်စကားကို

စောင့်ဆိုင်းနေကြသည်။

အဘိုးကြီးကုလုံ က “ငါတို့ အခု

မစည်းလုံးဘဲနေရင် ငါတို့က ချက်ချင်းပဲ

ဖိနှိပ်ခံရမှာသေချာပါတယ်။

အဲဒီနောက်မှာတော့

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ရဲ

လက်အောက်ကိုရောက်သွားလိမ့်မယ်။

ညီအစ်ကိုယန် လည်း

ဒါမျိုးအဖြစ်ခံမယ်ထင်ဘူး။ ဒါဆို

ဝိညာဉ်အင်ပါယာ က

တခြားရောက်သွားမှာပဲ။ ပြီးတော့

ဒုတိယကမ္ဘာစစ်က

မကြာခင်စတော့မယ်။

ငါတို့နောက်ပြန်ဆုတ်လို့ မရတော့ဘူး။

အခုထိ မစည်းလုံးသေးရင်

စစ်ပွဲပြီးတဲ့အခါ လူသားမျိုးနွယ်က ဘာမှ ကျန်မှာတောင်မဟုတ်ဘူး”

သူက ယန်ယဲ့ ကိုစိုက်ကြည့်ကာ “မင်းကို ငါတို့လူသားမျိုးနွယ်ရဲ့ အုပ်ထိန်းသူ လို့ အသိအမှတ်ပြုလိုက်ပြီဆိုတော့ မင်းဟာ ငါတို့လူသားမျိုးနွယ်ကို ကာကွယ်ရမယ်။ ငါတို့တွေလည်း မင်းကိုကာကွယ်ဖို့ အစွမ်းကုန်ကြိုးစားမှာပဲ။ အခု ငါတို့အားလုံး မင်းပြောတဲ့အတိုင်း

လိုက်လုပ်မယ်။ မင်းက စစ်တိုက်ဖို့

ရွေးချယ်ရင် အခုပဲ တိုက်မယ်။

ကောင်းပြီ၊ လူတိုင်း ဘာပြောချင်ကြလဲ။

ဒါကို မလိုလားဘူးဆိုရင်တော့

ထွက်သွားနိုင်တယ်။

ငါတို့မင်းကိုတားမှာမဟုတ်ဘူး"

ဟိုဖက်သည်ဖက် ရွေးဖို့ အချိန်တန်ပါပြီ။

လက်ရှိတွင် လူတိုင်းအတွက်

ရွေးချယ်စရာ ၂ ခုသာရှိခဲ့သည်။

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ကို လက်ခံရန်

သို့မဟုတ် ယန်ယဲ့ကို ကာကွယ်ရန်....

နောက်ဆုံးတွင် မည်သူမှထွက်ခွာရန်

မရွေးချယ်ခဲ့ကြပေ။

၎င်းတို့သည် လူသားမျိုးနွယ်မှ

ထွက်ခွာပြီး ထိုနေရာသို့ သွားပါက

အမြောက်စာများအဖြစ်သာ

အဆုံးသတ်ရပေမည်။သို့တည်းမဟုတ်

သည်လူသားအားလုံး

ထွက်ခွာသွားသည်နှင့်

လောကသုံးပါးတွင် လူသားမျိုးနွယ်၏

ဂုဏ်သိက္ခာသည် ကြီးမားစွာ

ကျဆင်းသွားပါလိမ့်မည်။

ထို့အပြင် လူသားမျိုးနွယ်သည်

စည်းလုံးမှုမရှိပါက

အဆုံးမဲ့အချိန်ရောက်လာခဲ့လျှင်

ရှင်သန်နိုင်ချေနည်းပါးလိမ့်မည်ဖြစ်သည်

။

ယန်ယဲ့ က အဘိုးကြီးကုလုံ ကို

တစ်ချက်ကြည့်လိုက်ပြီး

"မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ရဲ့

သံတမန်ကို တွေ့ဖို့ ခေါ်သွားပါ"

သက်လတ်ပိုင်းအမျိုးသားက

ခေါင်းညိတ်ကာ အခန်းထဲမှ

ထွက်သွားသည်။ ကောင်းကင်ယံ၌

သတ်လက်ပိုင်းအဘိုးကြီးတစ်ယောက်

ရပ်နေသည်။ ၎င်းက

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့မှ

စေလွှတ်လိုက်သော သံတမန်ပင်။

ယန်ယဲ့ကို မြင်သောအခါတွင်

သူ့မျက်နှာပျက်သွားသည်။

ယန်ယွဲက အဘိုးကြီးထံ လျှောက်လာပြီး

“ပြန်သွားပြီးတော့ ကောင်းကင်မျိုးနွယ်နဲ့

တခြားသူအားလုံးကို ပြောလိုက်။

စစ်တိုက်ချင်ရင်

သူတို့စလို့ရတယ်ပြောပါ။

ငါယန်ယွဲစောင့်နေမယ်"

ထိုလူက ယန်ယွဲကို တစ်ချက်ကြည့်လိုက်

ပြီး "ယန်ယဲ့၊ မင်းက လူသားမျိုးနွယ်ကို မင်းနဲ့အတူ သေစေချင်တာလား"

"ငါနဲ့အတူဆွဲချမှာလား" ယန်ယဲ့ က တဟားဟားရယ်လိုက်ပြီး “သေရင် ဘာဖြစ်လဲ။ ဒါဟာ ကြီးကြီးမားမား ကိစ္စလား။ မင်းတို့ မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ကို တစ်ခါတည်း တွဲချလိုက်မယ်။ ငါယန်ယဲ့က ပြောတဲ့စကားကို

အမြဲတမ်းတည်တယ်။ ကောင်းပြီ၊ မင်းတို့

တိုက်ခိုက်ချင်ရင် အချိန်မရွေးလာခဲ့"

ထိုစကားပြောပြီးသည်နှင့်

ထွက်သွားသည်။

အဘိုးကြီးကုလုံ နှင့် အခြားလူတိုင်း

သူ့နောက်ကနေ လိုက်ပါသွားသည်။

...

သဘာဝမြင့်မြတ်နယ်မြေ

လက်ရှိတွင်

သဘာဝမွမြင့်မြတ်နယ်မြေသည်

လူသားမဟာမိတ်အဖွဲ့၏

ဌာနချုပ်ဖြစ်သည်။ မကြာမီတွင်

လူသားမျိုးနွယ်ကို

သတင်းထုတ်ပြန်ခဲ့သည်။

သိပ်မကြာလိုက်ဘဲ လူသားမျိုးနွယ်၏

ကျင့်ကြံသူများတဖြည်းဖြည်းရောက်လာ

ခဲ့ကြသည်။

လူသားအင်ပါယာအရှင်၏လက်အောက်

ငယ်သားအချို့အပါအဝင်

မရေမတွက်နိုင်သော

အခြားအဖွဲ့အစည်းများနှင့်

ကျင့်ကြံသူများ ပူးပေါင်းလာခဲ့သည်။

ဤအတောအတွင်း

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့သည်

လူသားမဟာမိတ်အဖွဲ့ကို

မတိုက်ခိုက်ခဲ့ပေ။

သို့သော်လည်း လူသားကမ္ဘာကို

ပိတ်ဆို့ထားကြသည်။

လူသားကျင့်ကြံသူများ လူသားကမ္ဘာမှ

ထွက်သွားလို့မရတော့ပေ။

သဘာဝခန်းမ ။

အခန်းထဲတွင်တော့ ပညာရှင် ၂ ပါး နှင့်

ယန်ယဲ့ တို့ရှိနေကြသည်။ လက်ရှိ

လူသားမဟာမိတ်အဖွဲ့က

လူသားမျိုးနွယ်၏

နောက်ဆုံးဝှက်ဖဲဟုဆိုနိုင်ပါသည်။

လူသားမဟာမိတ်အဖွဲ့သာ

စစ်ရှုံးသွားပါက

လူသားမျိုးနွယ်အနေဖြင့် သမိုင်းထဲကနေ ဖျောက်ဖျက်ခံရပေမည်။

"မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ က မတိုက်ခိုက်ဘူး" လင်းကျန်း က အခန်းထဲရှိ လူများကိုကြည့်လျက် လေးနက်စွာပြောခဲ့သည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး “သူတို့က ငါတို့ကို အားကုန်အောင်

လုပ်ချင်နေကြတာပဲ။

တကယ်တိုက်ခိုက်ရင်တော့

သေချာပေါက် မလုပ်ရဲဘူး။

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့အပြင်

မဟာလမ်းစဉ် ၃ ခု၊ နတ်မျိုးနွယ်နဲ့

တခြားလျှို့ဝှက်ဆန်းကြယ်တဲ့အင်အားစု

တွေပါ အရိပ်ထဲမှာ ပုန်းအောင်းနေတယ်။

ဒီတော့ သူတို့က အလွယ်တကူ

စစ်မကြေညာရဲဘူး”

လင်းကျန်း က "အုပ်ထိန်းသူယန်၊
ဒီလိုသာ ဆက်ဖြစ်နေရင်မ ငါတို့အတွက်
အလုပ်မဖြစ်လောက်ဘူး။
မင်းမှာအကြံရှိသလား"

ယန်ယဲ့ က ခဏမျှ တိတ်ဆိတ်သွားပြီး
"ဒါဟာ လူသားမျိုးနွယ်အတွက်
ကောင်းတာဖြစ်ကောင်းဖြစ်နိုင်တယ်"

လူတိုင်းက ကျင့်ကြံလို့ရတယ် ။

ယန်ယဲ့ က “လောလောဆယ်မှာ ငါတို့က တခြားမျိုးနွယ်တွေနဲ့ ရင်ဆိုင်နေရတယ်။ ဒါက ငါတို့ကို အနားယူပြီး အားပြန်ဖြည့်လို့ရတယ်။ နတ်မျိုးနွယ်က ဒီအခြေအနေကို တမင်ရပ်ကြည့်နေမှာမဟုတ်ဘူးလို့ငါထ င်တယ်။ မဟာလမ်းစဉ် ၃ ခုနဲ့ အမှောင်ရိုပ်ထဲမှာ ပုန်းအောင်းနေတဲ့ တခြားအင်အားစုတွေက

မကြာခင်လှုပ်ရှားလာနိုင်တယ်။
ဒါ့ကြောင့် ငါတို့ လူသားမျိုးနွယ်က
အဲဒီအချိန်အတွင်းမှာ တချို့အရာတွေကို
လုပ်ဆောင်နိုင်ပါတယ်”

လင်းကျန်း က "ဘာလဲ"

"ငါတို့စုနိုင်တဲ့လူအားလုံးကို
စုစည်းလိုက်" ယန်ယွဲ့ က
လေးနက်စွာပြောခဲ့သည် "ငါတို့

လူသားမျိုးနွယ်ထဲက လူတိုင်းကို

စုစည်းရမယ်။ ငါတို့က လူတိုင်းကို

သဘာဝမြင့်မြတ်နယ်မြေဆီ

ဝင်ခွင့်ပေးရလိမ့်မယ်။

ပြီးတော့ သူတို့ကို

ပြုစုပျိုးထောင်ပေးရမယ်။

လူသားကျင့်ကြံသူတိုင်းကို

စုစည်းပြီးတော့

ပိုသန့်မာလာအောင်ပျိုးထောင်သင့်တယ်

။ ငါ့ပင်ကိုယ်က လူသားမျိုးနွယ်နစ်ခုလုံး

စည်းလုံးမနေရင်

ချေမှုန်းခံရနိုင်တယ်လို့ပြောတယ်။

ဒါပေမဲ့ လူသားမျိုးနွယ်က

စည်းလုံးညီညွတ်နေမယ်ဆိုရင်

မဟာလမ်းစဉ် ၃ ခု ပေါင်းထားရင်တောင်

ရင်ဆိုင်နိုင်မယ်လို့ ငါယုံကြည်တယ်"

လူသားမျိုးနွယ်တစ်ခုလုံးကို

ပြန်လည်ဖွဲ့စည်းခြင်း...

ဤအခြေအနေက

ယန်ယဲ့၏အစီအစဉ်ပါ။

ယခင်ကတော့ လူသားမျိုးနွယ် သည်

သူနှင့် မသက်ဆိုင်ပါ။ ယခုအချိန်တွင်

သူသည် လူသားမျိုးနွယ်ကို

အတိုင်းအတာတစ်ခုအထိ

ထိန်းချုပ်ထားသည်။ ထို့ကြောင့်

လူသားမျိုးနွယ်ကို ကိုယ်စားပြုပြီး

စဉ်းစားရပါမည်။ သူ၏ အကြံအစည်က

အလွန်ရိုးရှင်းပါသည်။
လူသားမျိုးနွယ်တစ်ခုလုံးကို စုစည်းပြီး
လူသားကျင့်ကြံသူများ၏ ခွန်အားကို
ပေါင်းစည်းရန်ဖြစ်သည်။ အနာဂတ်တွင်
မည်သို့သောရန်သူနှင့် ရင်ဆိုင်ရပါစေ
လူသားမျိုးနွယ်ဟာ တိုက်ပွဲစဖို့
အခွင့်အရေးရှိပါလိမ့်မည်။

သို့သော် ပြီးမြောက်ရန်က
အလွန်ခက်ခဲပေသည်။ လူတိုင်းက

တစ်ကိုယ်ကောင်းဆန်တတ်သူများဖြစ်

ရာ လူသားမျိုးနွယ်တစ်ခုလုံးအား

စုစည်းလိုပါက ပညာရှင်များကိုယ်တိုင်

ရှေ့ထွက်လာမှ အဆင်ပြေပါလိမ့်မည်။

အကြောင်းမှာ ပညာရှင်များက

သက်ဆိုင်ရာမျိုးနွယ်စုတွင် မြင့်မားသော

ဂုဏ်သိက္ခာ

ပိုင်ဆိုင်ထားသောကြောင့်ပင်။

ဤ၌နေရာရှိ ပညာရှင်တစ်ဦးမှ ယန်ယဲ့၏ အကြံပြုချက်ကို ကန့်ကွက်ကြခြင်း မရှိပေ။ ထို့ကြောင့် သူတို့အားလုံးက ထိုပညာရှင်များ၏အကူအညီဖြင့် လူသားမျိုးနွယ်အတွင်းရှိ အဖွဲ့အစည်းအားလုံးမှ ကျင့်ကြံသူများကို စတင်စုစည်းခဲ့ကြသည်။

အစည်းအဝေး အပြီးတွင် ခန်းမထဲရှိ
လူတိုင်း ထွက်သွားကြတော့သည်။
ယန်ယဲ့ တစ်ယောက်သာ ကျန်နေခဲ့၏။

ယန်ယဲ့ က ခန်းမအဝင်ဝသို့
လျှောက်လာပြီး "ကိုယ့်ကိုယ်ကို ပြပါ"

သူ့နောက်ကွယ်တွင်
အမျိုးသမီးတစ်ယောက်

ရုတ်တရက်ပေါ်လာသည်။ အမျိုးသမီးက ယန်လျန်ရှမ်း ပါ။

ယန်လျန်ရှမ်း က ယန်ယဲ့အနားကို လျှောက်လာပြီး “လူသားမျိုးနွယ်ရဲ့ ခေါင်းဆောင်။ နင့်ကို လူသားမျိုးနွယ်ရဲ့ ခေါင်းဆောင်လို့ သတ်မှတ်လို့ရနေပြီ"

လူသားမျိုးနွယ်၏ ခေါင်းဆောင်။

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး "ဒါကို ငါဘယ်တုန်းကမှ မမျှော်လင့်ထားဘူး" ဟုပြန်ပြောလိုက်သည်။

ယန်လျန်ရှမ်း က ခေါင်းညိတ်ပြီး "ဒါဟာ တော်တော် တုန်လှုပ်စရာကောင်းတယ်။ နင်ဟာ အရင်တုန်းက လူသားမျိုးနွယ်ရဲ့ အလိုရှိသူဖြစ်ခဲ့တယ်။ အခုတော့ လူသားမျိုးနွယ်ရဲ့ အုပ်ထိန်းသူ ဖြစ်နေပြီ။ ဒါကို နင်ဘယ်လိုခံစားရလဲ"

"ခံစားချက်လား" ယန်ယဲ့က

ခေါင်းခါလိုက်ပြီး "ဘာမှမဟုတ်ပါဘူး"

ယန်လျန်ရှမ်း က လေးနက်စွာပြောသည်

"သူတို့က နင့်ကို

ဘာလို့ရွေးချယ်ခဲ့တာလဲ"

ယန်ယဲ့ က ပြုံးလိုက်ပြီး

"သချောတာကတော့

နှင်းပွင့်လေးကြောင့်ပါ"

"မှန်တယ်" ယန်လျန်ရှမ်း က ပြုံးပြီး

“ဟုတ်ပါတယ်၊ ဒါဟာ

နှင်းပွင့်လေးကြောင့်ရယ်တော့

လုံးဝမဟုတ်ပါဘူး။ နင့်ရဲ့

ပင်ကိုယ်စွမ်းရည် နဲ့ ခွန်အားတွေက သူတို့

အရမ်းတွေးတဲ့ အရာတွေပါ။ ဒါ့အပြင်

နှင်က လူသားမျိုးနွယ်နဲ့

နတ်မျိုးနွယ်ကြားက ဆက်ဆံရေးကို

ပြေလျော့စေနိုင်တယ်။ ဒါပေမဲ့ နှင်းပွင့်က

အဓိကကျနေတုန်းပဲ။ အနာဂတ်မှာ

နှင်းပွင့်က လူသားမျိုးနွယ်အတွက်

အရမ်းကို အရေးပါလာလိမ့်မယ်။

လူသားမျိုးနွယ်မှာ

ဝိညာဉ်အင်ပါယာရှိနေရင်

ဘာစိုးရိမ်စရာရှိမလဲ"

ယန်ယဲ့ က သူမကို စိုက်ကြည့်ရင်း

"မင်းကြည့်ရတာ

တစ်ခုခုကိုကြိုသိနေတဲ့ပုံပဲ"

ယန်လျန်ရှမ်း က ခေါင်းညိတ်ရင်း

"ရှေးဟောင်းစာအုပ်တချို့ကို

ငါရှာကြည့်တော့ တစ်ခုခုအကြောင်း

သိလိုက်ရတယ်၊ အဆုံးသတ်ချိန်...."

ယန်ယဲ့ က အံ့သြသွားပြီး

“အဆုံးသတ်ချိန်တွေရောက်လာပြီလား”

သူမက “အတိအကျတော့ မသိဘူး။

ငါသိတာကတော့

သမိုင်းမတင်ခေတ်နဲ့အဲဒီမျိုးနွယ်တစ်ခု

လုံး ပျောက်ဆုံးသွားတာက

အဆုံးသတ်ချိန်နဲ့

ဆက်စပ်နေတယ်ဆိုတာပဲ။

အဲဒီနှစ်တွေမှာ သူတို့ထဲကတချို့တွေ

အသက်ရှင်နိုင်တာက

ဝိညာဉ်အင်ပါယာကိုပိုင်ဆိုင်ထားလို့။

ဒါ့ကြောင့် ဝိညာဉ်အင်ပါယာ က

အရမ်းအရေးကြီးတယ်။

အကြီးအကဲကုလုံ က ဒါကို

ကောင်းကောင်းသိထားပုံပဲ။

ဒီအတွက်ကြောင့် သူက နင့်ကို

အတင်းအကြပ်ကာကွယ်ပေးနေတာ”

ယန်ယဲ့ က ပြုံးပြီး "ဘာပဲဖြစ်ဖြစ် ဒါက ငါ့အတွက် ကောင်းပါတယ်။ ငါ အဲဒါကို စဉ်းစားပြီးပြီ၊ မင်းငါ့ကို အကူအညီပေးမယ်လို့ မျှော်လင့်တယ်"

ယန်လျန်ရှမ်းက “ဟုတ်ပါတယ်။ လူသားမဟာမိတ်အဖွဲ့နဲ့ ပူးပေါင်းပြီးတော့ တချို့အရာတွေကို ငါ့လက်ထဲမှာ ဖမ်းဆုပ်ထားဖို့ အကောင်းဆုံးကြိုးစားမှာပါ။

ငါဒီမှာရှိနေရင် နင့်ကိုဘယ်သူမှ အသုံးချခွင့်မပေးနိုင်ဘူး"

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး "ဒါပဲ ငါတွေးနေတာ။ အကြံအစည်ကို မကြိုက်ပေမယ်လို့ အသုံးချခံရတာလို့ မဆိုလိုဘူး။ အရင်တုန်းကဆိုရင် ငါသဘောမတူဘူး။ ဒါပေမဲ့ အခုချိန်မှာတော့ တချို့အရာတွေကို တွေးပြီးသွားပြီ။ မင်းပြောသလိုပဲ

ကိုယ့်အဖွဲ့အစည်းကို

ငါတည်ဆောက်ရမယ်။

လူသားမျိုးနွယ်ရဲ့

အခြေခံအုတ်မြစ်အနေနဲ့ငါက

အင်အားစုတစ်ခုလောက်တော့

ပိုင်ဆိုင်သင့်တယ်မဟုတ်လား။ ဒါပေမဲ့

မင်းတည်ထောင်ထားတဲ့အဖွဲ့အစည်းကို

ခဏလေးနဲ့မဖော်ပြချင်သေးဘူး”

ယန်လျန်ရှမ်း က “ငါ နားလည်ပါတယ်။ နောင်မှာ ငါကိုယ်တိုင်ပြတာပေါ့။ နင်က တင်းရှောက်ယောင် နဲ့သွားတွေ့မယ်လို့ ငါမျှော်လင့်တယ်"

ယန်ယဲ့ က အံ့သြသွားပြီး "ဘာလို့လဲ"

သူမက ပြုံးပြီး “နတ်မျိုးနွယ်က ငါတို့အတွက် ရန်သူ မဟုတ်ဘူးလား”

ယန်ယဲ့ က ခဏတုံ့ဆိုင်းသွားပြီး "ငါက

လူသားမျိုးနွယ်ကို ကိုယ်စားပြုထားပြီ။

နတ်မျိုးနွယ်ဟာ

လွန်ခဲ့တဲ့နှစ်တွေမှာကတည်းက

သူတို့ရဲ့ရန်ငြိုးကို

စွန့်လွှတ်မှာမဟုတ်လောက်ဘူး"

"အဲဒါတော့မဖြစ်နိုင်ပါဘူး" ယန်လျန်ရှမ်း

က ပြုံးလိုက်ပြီး “လူသားမျိုးနွယ်ကို

ဘယ်သူက

ထိန်းချုပ်နိုင်မလဲဆိုတဲ့အပေါ်မှာ
မူတည်တယ်။ နင်သာဆိုရင်
ဘာမဆိုဖြစ်နိုင်တယ်။
တင်းရှောက်ယောင် က
အမြင်ကျဉ်းတဲ့သူမဟုတ်ဘူးလေ။ နင်နဲ့
သူမရဲ့ဆက်ဆံရေးက ပုံမှန်မဟုတ်ဘူး"

ယန်ယဲ့က စကားမပြောနိုင်ဘဲ သူမကို
မျက်လုံးပြူးကြည့်နေသည်။

ယန်လျန်ရှမ်း က

လေးနက်သောလေသံဖြင့် ပြောပါသည်

“တကယ်တော့ ပြောချင်တာက

မင်းနဲ့အတူ ငါ့ကို ခေါ်သွားပေး။ ငါ သူမနဲ့

ဆွေးနွေးချင်တာတွေ ရှိတယ်။ ငါတို့က

ဒီမတိုင်ခင် နတ်မျိုးနွယ်နဲ့

အကြောင်းအရာတွေကို

ဆွေးနွေးပိုင်ခွင့်မရှိခဲ့ဘူး။ အခုတော့

နင်က လူသားမျိုးနွယ်ကို

ကိုယ်စားပြုနေပြီ။ အနည်းဆုံးတော့ နတ်မျိုးနွယ် နဲ့ တချို့အရာတွေကို ဆွေးနွေးလို့ရပြီ ”

ယန်ယဲ့ က မေးလိုက်သည် "မင်းဘာတွေ ဆွေးနွေးချင်တာလဲ"

ယန်လျန်ရှမ်း က ပြုံးပြီး “မိန်းမတွေကြားထဲက တချို့အရာတွေ။ နင်အဲဒါကို သိစရာမလိုဘူး"

ယန်ယဲ့ က

စကားမပြောနိုင်တော့သလိုပင်။

ဤအချိန်တွင် လင်းကျန်း က

မလှမ်းကမ်း၌ ပေါ်လာသည်။ သူက

ယန်လျန်ရှမ်းကို ကျော်ကာ

ယန်ယဲ့ကိုကြည့်ပြီး "အုပ်ထိန်းသူယန်၊

မင်းအတွက် တစ်ယောက်ယောက်

ရှိနေပြီ"

ယန်ယဲ့ က အခန်းထဲမှ ထွက်သွားပြီး

"ဘယ်သူလဲ"

ရုတ်တရက် ပတ်ဝန်းကျင်က

တိတ်ဆိတ်ငြိမ်သက်သွားသည်။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ရှိ

အရာအားလုံး အေးခဲပြီး

ရပ်တန့်သွားကြောင်း သတိပြုမိခဲ့သည်။

ထို့နောက်

မမြင်နိုင်သောစွမ်းအားတစ်ခုက

ယန်လျန်ရှမ်း နှင့် လင်းကျန်း ကို

ထိမှန်ကာ ကျောက်ရုပ်ထုများကဲ့သို့

ရုပ်သွားခဲ့သည်။

"မတွေ့ရတာကြာပြီ" ယန်ယဲ့၏

နားထဲတွင် အသံတစ်ခု

ရုတ်တရက်ထွက်ပေါ်လာသည်၊

Translated By NyiNyiSoe

May Be:

...

အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၅၁၉ - တာအိုဖန်ဆင်းရှင်

ယန်ယဲ့ သည် ခေါင်းမော့ကြည့်လိုက်ရာ

လေထဲတွင်

အဘိုးကြီးတစ်ယောက်ရပ်နေသည်ကို

တွေ့လိုက်သည်။

အဘိုးကြီးက

တာအိုဝတ်ရုံကိုဝတ်ဆင်ထားကာ

လက်ထဲ၌

မြင်းမြီးယပ်တစ်ချောင်းကိုင်ထားလေသ

ည်။ သူ့မျက်နှာက

ဖော်ရွေသောအပြုံးတစ်ခု

ဆင်မြန်းထား၏။ ထို့အပြင်

မြင့်မြတ်သောအရှိန်အဝါများထွက်ပေါ်နေခဲ့သည်။

တာအိုဖန်ဆင်းရှင်...

တာအိုဝတ်ရုံအဘိုးအို...

ယန်ယဲ့က တာအိုဝတ်ရုံအဘိုးအိုကို မြင်သောအခါ ခဏမျှငြိမ်သက်သွားပြီး

နောက် အနားကို လျှောက်လာကာ ရှိသေစွာ ဦးညွှတ်လိုက်သည်။

တာအိုဖန်ဆင်းရှင် က ယန်ယဲ့ကို စိုက်ကြည့်ပြီး ပြုံးကာ "မင်း ကြီးထွားလာတာ မြန်လိုက်တာ"

ယန်ယဲ့ က "အကြီးအကဲ၊ ဒီကိုရောက်လာတာက အကြောင်းအရင်းရှိလို့လား"

တာအိုဖန်ဆင်းရှင် က "တကယ်ကို ညာဏ်ကောင်းလိုက်တဲ့ကလေးပဲ"

ယန်ယဲ့ က ပြုံးပြီး "တာအိုလမ်းစဉ်ကို ပြန်လာဖို့ ပြောမှာတော့မဟုတ်ဘူးမလား"

တာအိုဝတ်ရုံအဘိုးအိုက ခေါင်းကို အနည်းငယ်ခါယမ်းကာ “ငါ ဒီလို ရည်ရွယ်ချက်မျိုး တစ်ခါမှ မတွေ့ဖူးဘူး”

ယန်ယဲ့ က အံ့သြသွားပြီး "ဘာလို့လဲ"

တာအိုဖန်ဆင်းရှင် က “မင်းရဲ့ စရိုက်က လွတ်လပ်မှုကို နှစ်သက်တယ်။ အနှောင်အဖွဲ့တွေနဲ့နေရတာမကြိုက်ဘူး။ ဘယ်အဖွဲ့အစည်းကမှ မင်းကို ဖိနှိပ်ထားလို့မရဘူး။ ရိုးရိုးရှင်းရှင်းပြောရရင် မင်းက စည်းမျဉ်းတွေကို ချိုးဖျက်ရတာ ကြိုက်သလိုရှိပေမယ့်

ငါ့တာအိုလမ်းစဉ်က

စည်းမျဉ်းတွေကိုထိန်းထားချင်တယ်။

မင်းသာ တာအိုလမ်းစဉ်ကို

ပြန်ရောက်လာရင် အကုန်ပဋိပက္ခဖြစ်လိ

မ့်မယ်။ နောက်ပြီး မင်းရဲ့စရိုက်ကို

ငါမပြောင်းချင်ဘူး။ ဝံပုလွေဘုရင်

သန်မာရတဲ့ အကြောင်းအရင်းက

တောတောင်တွေထဲမှာ

လွတ်လွတ်လပ်လပ်  ကြီးပြင်းခွင့်ရလို့ပါ။

အိမ်မှာမွေးထားတဲ့

ဝံပုလွေတစ်ကောင်ဆိုရင် ဘယ်တော့မှ

ဝံပုလွေဘုရင်ဖြစ်လာမှာ မဟုတ်ဘူး”

ယန်ယဲ့ က ငြိမ်သွားသည်။

တာအိုဝတ်ရုံအဘိုးအိုက “မင်းဟာ

ငါရွေးတဲ့လူပဲ၊ ဒါပေမဲ့ တာအိုလမ်းစဉ် ကို

ဝင်ရမယ်လို့ ကိုယ်စားမပြုဘူး"

ယန်ယဲ့ က “အကြီးအကဲ၊ လောကသုံးပါးမှာ တစ်ခုခု ဖြစ်နေပြီလား”

တာအိုဖန်ဆင်းရှင် က ပြုံးပြီး "တကယ်တော့ အဲဒါက နောက်ဆုံးအချိန် (အဆုံးသတ်အချိန်)၊ တစ်နည်း (ကမ္ဘာပျက်ချိန်)တွေပဲ"

ယန်ယဲ့ က အံ့အားသင့်သွားပြီး

"အဆုံးသတ်အချိန်

တွေလား။ ဘာကိုဆိုလိုတာလဲ"

တာအိုဖန်ဆင်းရှင် က

"အဆုံးသတ်အချိန်တွေက

လောကသုံးပါးရဲ့ ဝိညာဉ်စွမ်းအင်တွေ

ခန်းခြောက်သွားမယ်။ မရေမတွက်နိုင်တဲ့

သက်ရှိသတ္တဝါတွေ

ပျက်စီးသွားလိမ့်မယ်။

လွန်ခဲ့တဲ့နှစ်တွေမှာ

သမိုင်းမတင်မီမျိုးနွယ်စုက

အဆုံးသတ်အချိန် ကို

ကြုံတွေ့ခဲ့ရတယ်။ ဒီလိုနဲ့ သူတို့ရဲ့

မျိုးနွယ်စုတစ်ခုလုံး

ပျောက်ကွယ်သွားခဲ့တယ်။

ဒါပေမယ်လို့ သူတို့က

အဆုံးသတ်အချိန်ကို

တွေ့ကြုံခဲ့ရရင်တောင်မှ

သူတို့ရဲ့လူတချို့ကို

အသက်ရှင်ကျန်ရစ်အောင်

ထိန်းထားနိုင်သေးတယ်”

ယန်ယဲ့ က “ဘာကြောင့်

အဆုံးသတ်အချိန်တွေ ရှိနေရတာလဲ” ဟု

မေးလိုက်သည်။

တာအိုဖန်ဆင်းရှင် က ပြုံးပြီး “လူတွေက

အသက်ကြီးတယ်၊ ဖျားနာပြီး

သေဆုံးကြတယ်။ လောကမှာ

ရာသီစက်ဝန်း (၄) ခုရှိတယ်…

အဲဒါတွေအားလုံးဟာ

သဘာဝတရားရဲ့နိယာမတွေပါ။ သေဆုံး

ခြင်းရှိမှပဲ ဘဝသစ်ကို ရရှိနိုင်လိမ့်မယ်။

ဒါဟာ လောကရဲ့ အဆုံးသတ်နိယာမပဲ။

ဘယ်သူမှ မပြောင်းလဲနိုင်ပါဘူး”

ယန်ယဲ့ က "ဒါဆို လောကသုံးပါးကို

ဖျက်ဆီးတော့မှာလား"

တာအိုဖန်ဆင်းရှင် က

ခေါင်းယမ်းလိုက်ပြီး “လောကသုံးပါး

မဟုတ်ဘဲ

သက်ရှိသတ္တဝါတွေချည်းပါ။ ထူးခြားတဲ့

သက်ရှိသတ္တဝါတွေအပြင်

တခြားသက်ရှိတွေအကုန်

သေကြရလိမ့်မယ်။ အဲဒါက အခု

မဟာလမ်းစဉ် ၃ ခု ကြုံတွေ့နေရတဲ့

ပြဿနာဖြစ်တယ်။

နတ်မျိုးနွယ်က ဘာကြောင့်
ထွက်ပေါ်လာရဲတာလဲ။ ဒီလိုအချိန်မျိုးမှာ
သူတို့ကို ပစ်မှတ်မထားဝံ့ဘူးဆိုတာ
သိထားလို့ပဲ။ တကယ်တော့
အဆုံးသတ်ချိန် မရောက်လာရင်တောင်
ငါ့ရဲ့တာအိုလမ်းစဥ်က သူတို့ကို
ပစ်မှတ်ထားမှာ မဟုတ်ဘူး”

ယန်ယဲ့ က အံ့သြသွားပါသည်

"ဘာလို့လဲ"

တာအိုဖန်ဆင်းရှင် က လေးလေးနက်နက်

စဉ်းစားပြီး “ငါ့ကို

နဂါးငွေ့တန်းကြယ်စင်စုမှာ

မွေးဖွားခဲ့တယ်။ အဲဒီကနေ

အခုအချိန်အထိ လဝတစ်လျှောက်လုံး

ကျင့်ကြံလာခဲ့တယ်။ ငါ့ရဲ့

တာအိုလမ်းစဉ်က

အလယ်စကြာဝဠာကနေ အခုလက်ရှိ

လောကသုံးပါးအထိ ငါ့တစ်လျှောက်လုံး

စူးစမ်းလေ့လာခဲ့တဲ့ မဟာလမ်းစဉ် ပါ။

ငါတို့က လောကအသစ်တွေ၊

ဘဝအသစ်တွေ

နဲ့အနာဂတ်အသစ်တွေကို

အမြဲတမ်းရှာဖွေနေကြတယ်"

တာအိုဝတ်ရုံအဘိုးအိုက သူ့လက်ကို

အနည်းငယ်ဝှေ့ယမ်းလိုက်ရာ

ယန်ယဲ့နှင့်တူ

အဆုံးမဲ့ကြယ်တာရာကောင်းကင်ယံ၌
ပေါ်လာကြသည်။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို
လှည့်ကြည့်လိုက်ရာ သူ နှင့်
အလွန်အလှမ်းဝေးသောနေရာတွင်
ကြယ်စင်စုများကို မြင်လိုက်ရသည်။
ကြယ်စင်စုအတန်းများက ဖြည်းညှင်းစွာ
ရွေ့လျားနေခဲ့သည်။ဂရုတစိုက်ကြည့်လျှ

င် အလွန်စနစ်တကျ ရွေ့လျားနေကြောင်း သတိပြုမိပါလိမ့်မည်။

တာအိုဖန်ဆင်းရှင် က ရုတ်တရက် မေးလိုက်သည် "ဒါတွေအားလုံး ဘယ်လိုဖြစ်လာတာလဲ"

ယန်ယွဲ့ က တာအိုဖန်ဆင်းရှင် ကို စိုက်ကြည့်ကာ ပြုံးလိုက်ပြီး "သူတို့ လေထုထဲက

ထွက်လာတာလား။ မဖြစ်နိုင်ဘူးဆိုတာ

သိသာပါတယ်။ သူတို့က

တစ်စုံတစ်ယောက်

ဖန်တီးခဲ့တာများလား။ ဒါဖြစ်နိုင်တယ်၊

ဒါပေမဲ့

အကန့်အသတ်မဲ့စကြဝဠာတစ်ခုကို

ဖန်တီးပြီး စနစ်တကျနဲ့

ဆက်သွားနိုင်အောင် ဘယ်သူက

ဒီလိုကြီးကျယ်ခမ်းနားတဲ့ စွမ်းရည်ကို

ပိုင်ဆိုင်ထားတာလဲ"

တာအိုဖန်ဆင်းရှင် က

အာကာသအနက်ဆုံးအပိုင်းကို

မျှော်ကြည့်ပြီး “ဒီအရာအားလုံးကို ငါ

ဖျက်ဆီးနိုင်တဲ့ အရည်အချင်း ရှိပေမယ့်

အဲဒါကို ငါ

မဖန်တီးနိုင်ဘူး။ ဖန်ဆင်းခြင်းဆိုတာက

ဒီလောကရဲ့ ငါတို့အားလုံး

ကျော်ဖြတ်ရမယ့် အတားအဆီးတစ်ခုပဲ"

ယန်ယဲ့က ရုတ်တရက် ပြောခဲ့သည် "တစ်

ယောက်က ငါ့ကို ဒီလိုပြောဖူးတယ်"

ထိုလူက လက်နက်လမ်းစဉ်မှ

အကြီးအကဲမို ပင်။

တာအိုဖန်ဆင်းရှင် က ယန်ယွဲ့ကို

စူးစိုက်ကြည့်ပြီး "ဒါဆို သူက

ထူးခြားတဲ့ပညာရှင်တစ်ယောက်

ဖြစ်သင့်တယ်" သူက ယန်ယွဲ့ဆီကို

လျှောက်လာပြီး “တကယ်တော့ တာအိုက

သဘာဝလို့ အမြဲယုံကြည်ခဲ့တာပါ။

အရာတော်တော်များများကို

ကောင်းကင်ဘုံက

ကြိုတင်သတ်မှတ်ထားတယ်။ ဥပမာအ

နေနဲ့ ငါ့စေတီက မင်းလက်ထဲကို

ရောက်သွားတယ်။ တကယ်တော့

ငါမင်းကိုအရင်ကပြောဖူးပါတယ်၊ ဒါက

မင်းကိုရွေးချယ်ခဲ့တာမဟုတ်ဘူး ဒါပေမဲ့

တစ်စုံတစ်ယောက်က မင်းဆီကို

အတင်းအကျပ်ပို့လိုက်တယ်။

ပြီးတော့ မင်းကို

လမ်းကြောင်း(ကံတရား)အသစ်တစ်ခု

ဖန်တီးပေးဖို့အတွက် ငါ့ကို
ဆွဲခေါ်သွားတယ်...”

သူက ခေါင်းယမ်းပြီး ပြုံးလိုက်ကာ "ငါက
ဒါကို ငြင်းနိုင်တဲ့ အရည်အချင်း ရှိတယ်၊
ဒါပေမဲ့ မလုပ်ခဲ့ဘူး"

ယန်ယဲ့ က ပြုံးပြီး "ငါကိုယ်တိုင်က
သာမန်လူတစ်ယောက်ပဲလို့
အမြဲတွေးဖူးတယ်။ ဒါပေမဲ့ အခု

ကြည့်ရတာတော့

မဖြစ်နိုင်လောက်ဘူးထင်တယ်"

တာအိုဖန်ဆင်းရှင် က “မင်းဟာ

တကယ်ကို ရှုပ်ထွေးပါတယ်။ ဒါပေမဲ့

ဒါတွေအားလုံးက အရေးမကြီးပါဘူး၊

အရေးကြီးတာက မင်းစိတ်နှလုံးကို

သစ္စာရှိဖို့ပါပဲ။ အဲဒါကို လုပ်နိုင်ရင်

မင်းဟာ ဘယ်သူဖြစ်မလဲ။ မဟုတ်ရင်

မင်းက တခြားတစ်ယောက်
ဖြစ်သွားနိုင်တယ်"

ယန်ယဲ့ က အံ့သြသွားပြီး
"ဘာကိုဆိုလိုတာလဲ"

တာအိုဖန်ဆင်းရှင် က ပြုံးပြီး “ငါ
နည်းနည်းပြောပြီးပြီ။ အခုသိရင် မင်းကို
ကောင်းကျိုးမပေးမယ့်အရာတွေ

အများကြီးရှိတယ်။ မင်းရဲ့အကူအညီလို

လို့ ငါမင်းကိုတွေ့ဖို့ လာခဲ့တာ"

ယန်ယဲ့ က "အကြီးအကဲ၊ ကျေးဇူးပြုပြီး

ပြောပါ"

တာအိုဖန်ဆင်းရှင် က “အဆုံးအစမရှိတဲ့

အာကာသတွင်းနက်တွေ။

ငါတို့နေတဲ့လောကဟာ

အဲဒီတွင်းနက်တွေကိုဖြတ်ပြီးလမ်းကြော င်းအသစ်တစ်ခုဖန်တီးရမယ်။

ဒါပေမဲ့ ဒီလိုလုပ်ဖို့ ဘာတွေ လိုအပ်လဲ သိလား။ အာကာယသတွင်းနက်တိုင်းကို ဖန်ဆင်းရှင်တွေက ဖိနှိပ်ထားရမယ်။ တစ်ခုစီတိုင်းမှာ လျှို့ဝှက်ဆန်းကြယ်တဲ့ အစီအရင်တစ်ခုစီရှိကြတယ်။ ဒါ့ကြောင့် အာကာသတွင်းနက်ကို ဖြတ်လျှောက်ဖို့ဆိုရင် ဖန်ဆင်းရှင်

တစ်ပါးက အစီအရင်ကိုဖိနှိပ်ထားရမယ်။

ဒါ့ကြောင့် ငါက

အဲဒီကိုရောက်နေခဲ့တာပဲ။

ငါ့တာအိုလမ်းစဉ်မှာ လူနှစ်ယောက်ကပဲ

အဲဒီတွင်းနက်တွေထဲကိုဝင်ဖို့ခွန်အားရှိတ

ယ်။ ဒါပေမဲ့ သူတို့ထဲက တစ်ယောက်က

သေဆုံးသွားပြီ၊

နောက်တစ်ယောက်ကတော့

ထူးထူးဆန်းဆန်း ပျောက်သွားတယ်”

ယန်ယဲ့ က "မင်းငါ့ကို အဲဒီအထဲ

ဝင်စေချင်တာလား"

တာအိုဖန်ဆင်းရှင် က

ခေါင်းညိတ်လိုက်ပြီး "ဟုတ်ပါတယ်၊

ငါမင်းကို

ဘာမှလုပ်မပေးနိုင်ဘူး။ အာကာသတွင်း

နက်နှစ်ခုကို ဖိနှိပ်ထားဖို့

ငါကူညီမယ်။ အဲဒီထဲက တစ်ခုက ငါ့

တာအိုလမ်းစဉ် အတွက်၊ နောက်တစ်ခုက

မင်းအတွက်ပဲ။ အဲဒီအချိန်မှာ မင်းက

လူသားမျိုးနွယ် ဒါမှမဟုတ်

မင်းဘေးနားက လူတိုင်းကို

ခေါ်ဆောင်သွားနိုင်တယ်။ ဟုတ်ပါတယ်၊

ဒါတွေအားလုံးက အနာဂတ်မှာပဲ

အကျုံးဝင်တယ်။ ဘာ့ကြောင့်လဲဆိုတော့

အဲဒီတွင်းနက်နှစ်ခုက ဒီလောကကနေ

ထွက်သွားတဲ့လမ်းကြောင်းရှိမရှိဆိုတာ

မသေချာမရေရာဖြစ်နေလို့ပဲ”

ယန်ယဲ့ က

"အာကာသတွင်းနက်နှစ်ခုစလုံးမှာ

လမ်းကြောင်းမရှိရင် ဘယ်လိုလုပ်မလဲ"

တာအိုဖန်ဆင်းရှင် က “ဒါဆို ငါတို့က

မတူညီတဲ့ တွင်းနက်တစ်ခုကိုပဲ

စူးစမ်းနိုင်မှာပါ။ သူတို့အားလုံးမှာ

လမ်းကြောင်းမရှိရင် တခြားဘာမှ

လုပ်လို့မရဘူး။ အဲဒီအချိန်မှာ ငါတို့က

အဆုံးသတ်ချိန်

ရောက်လာဖို့ပဲစောင့်နေရမယ်။ ပြီးတော့

သေတဲ့အထိတိုက်ခိုက်ရုံပဲ”

" ပြောရရင် ငါတို့ရဲ့ကံကြမ္မာကို

ကောင်းကင်ဘုံကပဲ ဆုံးဖြတ်ပါစေ "

ယန်ယဲ့ က ခဏတုံ့ဆိုင်းသွားပြီး

“မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ လည်း

အဲဒီကို ရောက်သွားပြီလား”

တာအိုဝတ်ရုံအဘိုးအိုက “သူတို့

ရှိတယ်။ ဒါပေမဲ့ သူတို့မှာ ဖန်ဆင်းရှင်

မရှိလို့ အာကာသတွင်းနက်တစ်ခုကို

ထိန်းချုပ်ဖို့ဆိုတာ

ခဲယဉ်းတယ်။ လက်ရှိမှာ

လောကသုံးပါးရဲ့

အဖွဲ့အစည်းတွေအားလုံးက

ထွက်လမ်းကို ကြိုးရှာနေကြပြီ။

နတ်မျိုးနွယ်တောင်

ခြွင်းချက်မဟုတ်ဘူး။ ဒါပေမဲ့

သမိုင်းမတင်မီမျိုးနွယ်စုတွေက...”

ဤအချိန်တွင်တော့ သူက ခေါင်းခါပြပြီး

“သူတို့နဲ့ တွေ့ပြီးပြီ၊ သူတို့ရဲ့

ရည်ရွယ်ချက်အစစ်အမှန်က

ဘာလဲဆိုတာ ငါမသိဘူး”

ယန်ယွဲ့ က ခေါင်းညိတ်ပြီး "ကောင်းပြီ၊ ငါသွားလိုက်မယ်"

တာအိုဖန်ဆင်းရှင် က ပြုံးပြီး "ဒါ့အပြင် မင်းရဲ့ဝိညာဉ်အင်ပါယာကို ကောင်းကောင်း ဂရုစိုက်ပါ။ ငါ့အသိအရ ဗုဒ္ဓလမ်းစဉ်နဲ့ လက်နက်လမ်းစဉ်က တစ်ခုခုကြံစည်နေတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ သူတို့မှာ လောက

ထွက်လမ်းမရှိရင် သူမက လူတိုင်းရဲ့

နောက်ဆုံးမျှော်လင့်ချက်ပါပဲ”

ယန်ယဲ့ က “တာအိုလမ်းစဉ် က

ဘယ်လိုလဲ”

တာအိုဝတ်ရုံအဘိုးအိုက ပြုံးပြီး “မင်းကို

အကူအညီတောင်းရင် ငြင်းမှာလား”

ယန်ယဲ့ က ပြုံးရုံသာ ပြုံးပြီး မေးခွန်းကို မဖြေ။

သူသည် တာအိုဖန်ဆင်းရှင် အပေါ် အကြွေးများတင်ထား၏။ ထို့ကြောင့် နှင်းပွင့်ကို ထိခိုက်မှုမရှိသရွေ့ သဘာဝအတိုင်း ငြင်းမည်မဟုတ်ပေ။ အခြားသော မဟာလမ်းစဉ်များ နှင့်ပတ်သက်၍တော့ သူ့အလုပ်မဟုတ်ပါ။

တာအိုဖန်ဆင်းရှင် က

"အဆင်သင့်ဖြစ်ရင် တာအိုလမ်းစဉ်မှာ

ငါ့ကိုလာရှာပါ" ဟုပြောလိုက်သည်။

ထိုစကားပြောပြီးသည်နှင့် သူ့လက်ကို

ဝှေ့ယမ်းလိုက်ရာ ပတ်ဝန်းကျင်က

ပုံမှန်ပြန်ဖြစ်သွားပါသည်။

ခန်းမအပြင်ဖက်တွင် လင်းကျန်း နှင့်

ယန်လျန်ရှမ်း တို့နှစ်ယောက်စလုံး

ပုံမှန်ပြန်ဖြစ်သွားကြသည်။

လင်းကျန်း က ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး ယန်ယဲ့ကို

စိုက်ကြည့်ကာ "ဘိုးဘေးလား"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

လင်းကျန်း က

တစ်ခုခုပြောချင်သော်လည်း

ခဏတုံ့ဆိုင်းသွားပြီး

ဘာမှမပြောတော့ပေ။ သူက

ယန်လျန်ရှမ်း ကို

aကြည့်လိုက်ပြီး "ဒါက ဘယ်သူလဲ" ဟု

မေးလိုက်သည်။

ယန်ယဲ့ က ပြုံးပြီး

“ငါ့မိတ်ဆွေပါ။ သူမက အခု ငါ့ကို

ကူညီဖို့ရောက်လာတာ။ မင်း သူမကို

ကောင်းကောင်း ဂရုစိုက်နိုင်မယ်လို့

ငါမျှော်လင့်ပါတယ်"

လင်းကျန်း က

ထက်မြက်သူဖြစ်သောကြောင့်

ယန်ယဲ့၏အဓိပ္ပါယ်ကို သဘာဝကျကျ

နားလည်သည်။ သူက ခေါင်းညိတ်ပြီး ပြုံးကာ “ဟုတ်ပါတယ်”

ဟု ပြောပြီး လှည့်ထွက်သွားသည်။

ယန်လျန်ရှမ်း က  "တာအိုလမ်းစဉ် ရောက်လာတာလား"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

ယန်လျန်ရှမ်း က

"အဆုံးမဲ့တွင်းနက်တွေအကြောင်းပဲလား"

ယန်ယွဲ့ က သူမကို စိုက်ကြည့်ရင်း

"ဂုဏ်ယူပါတယ်၊ မင်းက ထပ်ပြီး

ခန့်မှန်းထားတာ မှန်သွားပြီ"

ယန်လျန်ရှမ်း က “တကယ်တော့

ဒီလိုဖြစ်လာမယ်ဆိုတာ

ငါသိပါတယ်။ တာအိုလမ်းစဉ် က

နင့်ကိုသွားစေချင်နေတာသေချာပါတယ်။

ဘာ့ကြောင့်လဲဆိုတော့ အခုလက်ရှိမှာ

ဖန်ဆင်းရှင်အဆင့်အောက်က ဘယ်သူမှ

နင့်ကိုမယှဉ်နိုင်တော့ဘူး။ ဒါ့အပြင်

နင့်အနားမှာ

အန်နန်ကျင်းလည်းရှိနေတယ်။

ဖန်ဆင်းရှင်တွေ ရောက်မလာသရွေ့

နင်တို့နှစ်ယောက်ကို ဘယ်သူမှ

ပြဿနာရှာလို့မရဘူး။ ဒါဆို နင်က

တာအိုလမ်းစဉ်အတွက်

အကောင်းဆုံးရွေးချယ်မှုပဲ”

ယန်ယဲ့ က “အခုအချိန်မှာ မဟာလမ်းစဉ်

၃ ခု၊ နတ်မျိုးနွယ်နဲ့

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ က

သူတို့အတွက် ထွက်လမ်းရှာနေကြပြီ။

ပြောရရင်တော့ ငြင်းဆန်ဖို့ခက်ခဲတယ်။

ဘာလို့လဲဆိုတော့ ငါတို့ကိုယ်တိုင်နဲ့

လူသားမျိုးနွယ်အတွက် ထွက်လမ်းကို

ကြိုပြီး ပြင်ဆင်ထားရမှာလေ.”

ယန်လျန်ရှမ်း က ရုတ်တရက်

မေးလိုက်သည် "

နင်တစ်ယောက်တည်းရှိနေရင်

ဘာမှကြောက်မှာ မဟုတ်ဘူး

ဟုတ်တယ်မလား "

"တစ်ယောက်တည်းလား" ယန်ယဲ့ က ရယ်မောလိုက်ပြီး

"ငါတစ်ယောက်ထဲနေရင်..."

သူ ဆက်မပြောတော့ပေ။

သေချာသည်မှာ သူတစ်ယောက်တည်းမရှိချင်ပေ။ လက်ရှိသူ့အနားတွင် ဇနီးသည်များ၊ သမီးငယ်လေး၊

နှင်းပွင့်လေးနှင့်အခြားမိတ်ဆွေအပေါင်း

အသင်းများရှိနေခဲ့သည်။

မည်သူ့ကိုမျှ မစွန့်လွှတ်ချင်ပေ။

ယန်ယွဲ့ က သူ့အတွေးကို ထိန်းကာ

ယန်လျန်ရှမ်း ကို စူးစိုက်ကြည့်ပြီး

"လင်းကျန်းရဲ့ အကူအညီနဲ့မင်းဟာ

ဒီနေရာမှာ

အာဏာတချို့ပိုင်ဆိုင်လာမှာသေချာပါ

တယ်။

ဒါပေမဲ့ အဲဒီပညာရှင်တွေကို

ဆက်ပြီးလေးလေးစားစား

ဆက်ဆံရမယ်။ သူတို့က

လူသားမျိုးနွယ်ရဲ့ ပညာရှင်တွေပဲ"

ယန်လျန်ရှမ်း က သူ့ကို

မျက်လုံးပြူးကြည့်ကာ “ငါက

မိုက်မဲတယ်လို့ ထင်နေတာလား”

ယန်ယဲ့ က အနည်းငယ် ပြုံးပြီး

ယန်လျန်ရှမ်းနှင့် ခဏ

စကားစမြည်ပြောပြီးနောက်

သဘာဝမြင့်မြတ်နယ်မြေမှ

ထွက်ခွာသွားသည်။

လူသားကမ္ဘာ မှ ထွက်လာသည်နှင့်
တပြိုင်နက် သူ့ရှေ့တွင်
သက်လတ်ပိုင်းအမျိုးသား ၃ ဦး
ပေါ်လာခဲ့သည်။

တစ်ယောက် က ယန်ယဲ့ကို စိုက်ကြည့်ကာ
အေးစက်စက် ပြောလိုက်သည်
“ကောင်းကင်အင်ပါယာအရှင်က
လူသားကမ္ဘာကနေ ဘယ်သူမှ
ထွက်သွားခွင့်မရှိဘူးလို့

အမိန့်ပေးထားတယ်။ မနာခံတဲ့သူတွေက
ခြွင်းချက်မရှိ အသတ်ခံရမယ်”

ဆူး…

စကားဆုံးသည်နှင့် သူ၏ခေါင်းက
လေထဲကို ပျံတက်သွားသည်။

အခြား သက်လတ်ပိုင်းအမျိုးသား ၂ ဦးလည်း နေရာတွင် ထိတ်လန့်သွားခဲ့သည်။

ယန်ယဲ့ က ထိုလူနှစ်ယောက်ကို စိုက်ကြည့်ရင်း "ပြန်သွားပြီးတော့ ကောင်းကင်အင်ပါယာအရှင်ကို ပြောလိုက်။ ငါယန်ယဲ့က သူ့နေရာကို သိဖို့ အမိန့်ပေးလိုက်တယ်လို့ပြော။ မဟုတ်ရင် သူ့ခေါင်းကို သူ့လည်ပင်းကနေ

ဆွဲဖြုတ်လိုက်တဲ့ ခံစားချက်ကို

ငါခံစားခွင့်ပေးမယ်”

Translated By NyiNyiSoe

May Be:

...

အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၅၂၀ -

ထိုစကားပြောပြီးသည်နှင့်

ပတ်ဝန်းကျင်ကို လှည့်ပြီး သူ၏ဓားကို

ဝှေ့ယမ်းလိုက်သည်။

ဆူး…

ဓားစွမ်းအင်တစ်စင်းက လေထုကို

ဆုတ်ဖြကာ

ဆူး… ဆူး…

ယန်ယဲ့ နှင့် သိပ်မဝေးသော နေရာက ပွင့်ထွက်သွားပြီး ခေါင်းပြတ်တချို့ လွင့်လာသည်။

အားလုံးကို သတ်ဖြတ်ပြီးနောက် ယန်ယဲ့သည် အလင်းတန်းအသွင်ပြောင်းလဲကာ ကောင်းကင်ယံသို့ ပျောက်ကွယ်သွားသည်။

လက်ရှိတွင် ပညာရှင်များက သူ့အား

ဘာမှမတတ်နိုင်တော့ပေ။ ဖန်ဆင်းရှင်

ဖြစ်နေမှသာ နားဆီးထားနိုင်သည်။

ဖန်ဆင်းရှင်အဆင့်အောက်

ကျင့်ကြံသူတိုင်းက သူ့အတွက်

ဓားတစ်ချက်ယမ်းရုံသာ

...

တာအိုကမ္ဘာ

ယန်ယွဲ့ သည် တာအိုလမ်းစဉ်သို့ နောက်တစ်ကြိမ် ပြန်ရောက်လာခဲ့သည်။ ဤတစ်ကြိမ်တော့ သူ့ကို လာတွေ့သူက တာအိုလင်း မဟုတ်ပေ၊ တာအိုဝတ်ရုံဝတ်အမျိုးသမီးတစ်ယောက် ပါ။

"တာအိုယင်" အမျိုးသမီး က ယန်ယွဲ့ကို တစ်ချက်စိုက်ကြည့်ကာ "တာအိုလမ်းစဉ်

ရဲ့ ဖြ ယောက်မြောက်တပည့်။

နင်ငါ့ကိုစီနီယာအစ်မလို့ခေါ်နိုင်တယ်"

ယန်ယဲ့ က သူမကို

တစ်ချက်သာပြန်ကြည့်ပြီး

"တာအိုဘိုးဘေး ဘယ်မှာလဲ" ဟု

မေးလိုက်သည်၊

သူ့အမြင်မှာ တာအိုဝတ်ရုံဝတ်အဘိုးအို

ကလွဲ၍ တာအိုလမ်းစဉ်၏

အဖွဲ့ဝင်များကို အာရုံမထားပေ။

တာအို ယင် က "ဘိုးဘေးက နင့်ကို

တစ်နေရာရာဆီ

အရင်ခေါ်သွားခိုင်းတယ်။ ငါနဲ့လိုက်ခဲ့"

စကားပြောပြီးနောက်

လှည့်ထွက်သွားသည်။

ယန်ယဲ့ သည် ဘာစကားမှမပြောဘဲ

နောက်ကနေ လိုက်လာခဲ့သည်။

အချိန်တော်တော်ကြာပြီးနောက်တွင်

တာအိုခန်းမ ရှေ့သို့ရောက်လာကြသည်။

ခန်းမထိပ်ဆုံး၌

"အရာခပ်သိမ်းခန်းမ"ဟူသော

စာတန်းကိုမြင်လိုက်ရသည်။

ယန်ယဲ့ က တာအို ယင် ကို စိုက်ကြည့်ကာ "ဒီနေရာက ဘာလဲ" ဟု မေးလိုက်သည်။

တာအို ယင် က "ငါတို့တာအိုလမ်းစဉ်က နှစ်ပေါင်းမရေမတွက်နိုင်အောင် စုဆောင်းလာတဲ့နေရာပေါ့။ မရေမတွက်နိုင်တဲ့ နည်းစနစ်တွေ၊ ဓားတာအို၊ ဆေဘာတာအို၊ လက်သီးနည်းစနစ်တွေ၊

သတ်ဖြတ်ခြင်းတာအိုနဲ့

တခြားတာအိုအမျိုးမျိုးကို

အမျိုးအစားလိုက်သိမ်းဆည်းထားတယ်

။ အဲဒီအထဲက တချို့ကတော့

ငါတို့ဘိုးဘေးကိုယ်တိုင်

စုစည်းထားတာပဲ။ နင်က

အဆုံးအစမဲ့တဲ့အာကာသတွင်းနက်တွေ

ကို ခရီးထွက်ရမှာဆိုတော့ မသွားခင်

စိတ်တိုင်းကျလေ့လာနိုင်တယ်"

တာအို ယင် က ယန်ယဲ့ကို

တစ်ချက်စိုက်ကြည့်ကာ

"တာအိုလမ်းစဉ်ရဲ့ သမိုင်းမှာ

ဒီလိုအခွင့်အရေးမျိုးဟာ

ငါးယောက်ထက်ပိုမရဖူးဘူး"

တာအိုအမျိုးအစားအားလုံး၏

နည်းစနစ်များ

ထိုစကားကြားသောအခါ ယန်ယဲ့၏

မျက်နှာပေါ်တွင်

လေးနက်သောအမူအရာပေါ်လာသည်။

တာအိုဖန်ဆင်းရှင် သူ့အား ပေးခဲ့သော

ဓားနည်းစနစ် (၁၀,၀၀၀)ဟာ ဤနေရာမှ

ယူလာပုံရသည်။

ယန်ယဲ့ သည်

သိပ်ပြီးများများစားစားမတွေးတော့ဘဲ

ခန်းမဆီသို့ လျှောက်သွားသည် ။

တာအို ယင် က ရုတ်တရက် တားလိုက်ပြီး
"နင်ပဲ အထဲကို ဝင်နိုင်တယ်"
ဟုပြောလိုက်သည်။

ယန်ယဲ့ က မျက်မှောင်ကြုတ်ကာ
"ငါတစ်ယောက်တည်းမဟုတ်ဘူးနော်"

“အဲဒီအမျိုးသမီးက
နင့်အထဲမှာရှိနေတယ်မဟုတ်လား”

တာအို ယင် က ဂရုမစိုက်သောပုံစံဖြင့်
ပြောခဲ့သည်။

ဤအချိန်တွင် အန်နန်ကျင်းက
ယန်ယဲ့၏နံဘေး၌
ရုတ်တရက်ပေါ်လာသည်။ တာအို ယင်
က အန်နန်ကျင်းကို စိုက်ကြည့်နေသည်။
အလားတူပင် အန်နန်ကျင်း လည်း
ပြန်ကြည့်နေသည်။

အန်နန်ကျင်း က "ငါ အထဲကို
ဝင်ချင်တယ်"

တာအို ယင် က အနည်းငယ်
မျက်မှောင်ကြုတ်ကာ "နင် မဝင်နိုင်ဘူး"

အန်နန်ကျင်း က ယန်ယွဲ့ကို
စိုက်ကြည့်နေသည်။ ယန်ယွဲ့ က တာအို
ယင် ဆီသို့

လျှောက်လာပြီး "ပြောကြည့်လိုက်၊ တာအိုဖန်ဆင်းရှင် က ဘာပြောခဲ့တာလဲ။ အဆုံးအစမဲ့တဲ့အာကာသတွင်းနက်တွေ က အရမ်းအန္တရာယ်များတယ်၊ ဒါ့ကြောင့် ငါ့ကို ဒီနေရာမှာ ကျင့်ကြံခွင့်ပေးလိုက်တာပဲ။ သူမက ငါနဲ့ အတူသွားမယ်။ ငြင်းရင် ဒါလည်း ပြဿနာမဟုတ်ဘူး။ အဲဒီနေရာကို

စူးစမ်းလေ့လာဖို့ ငါပြင်းမယ်၊
မင်းကိုယ်တိုင်သွားနိုင်တယ်”

ထိုစကားပြောပြီးသည်နှင့်
အန်နန်ကျင်း၏လက်ကို ကိုင်ကာ
လှည့်ထွက်လာခဲ့သည်။

သူက လုံး၀ တုံ့ဆိုင်းမနေပါ။

သူက အသက်စွန့်စားကာ

အဆုံးအစမဲ့အာကာသတွင်းနက်များကို

သွားရောက်စူးစမ်းရမည်ဖြစ်သည်။

တာအိုလမ်းစဉ် အနေဖြင့်

ဤအချက်ကိုပင် သဘောမတူပါက

သူတို့အတွက် သူ့အသက်ကို

စွန့်ရမည်လား။

ရုတ်တရက် သူတို့ရှေ့တွင်

အဘိုးကြီးတစ်ယောက်ပေါ်လာသည်။

တာအို ချင်...ယန်ယဲ့က အဘိုးကြီးကို မှတ်မိလိုက်သည်။

တာအို ချင် က သူတို့ကို တစ်ချက်ကြည့်လိုက်ပြီး "မင်းတို့နှစ်ယောက်လုံး အထဲကို ဝင်လို့ရပြီ"

ယန်ယဲ့ က ပခုံးတွန့်လိုက်ပြီး အန်နန်ကျင်း နှင့်အတူ အရာခပ်သိမ်းခန်းမ ဆီသို့ ပြန်လှည့်သွားလိုက်သည်။

"တစ်လက်မလောက် ပေးထားရင် ခြံတစ်ခုလုံးကိုသိမ်းယူချင်နေတာပဲ" တာအို ယင် က ရုတ်တရက် ဆတ်ခနဲ ပြောလိုက်သည် ။

အန်နန်ကျင်း က ရုတ်တရက်ရပ်သွားပြီး တာအို ယင် ဆီသို့ လျှောက်သွားသည်။ ယန်ယွဲ့ က မတားလိုက်ပေ။ ဒီအတိုင်းသာ စောင့်ကြည့်နေသည်။

အန်နန်ကျင်း က တာအို ယင် ရှေ့သို့ရောက်လာပြီး ပုံမှန်လေသံဖြင့် " တာအိုလမ်းစဉ်ရဲ့ တပည့် ၉ ယောက်က အရမ်းသန်မာတယ်လို့ကြားပေမယ့် မယုံခဲ့ဘူး။

ဒါဆို

ယှဉ်ပြိုင်ကြရအောင်။ ဘယ်သူအသက်ရှ

င်မလဲဆိုတာကို ငါတို့ဆုံးဖြတ်မယ်”

ထိုစကားကြောင့် တာအို ယင်

၏မျက်လုံးများပင် အနည်းငယ်

ကျဉ်းမြောင်းသွားသည်။ "ငါ

ဘယ်တုန်းက ဒီလို စော်ကားခံရဖူးလို့လဲ"

ထို့ကြောင့် သူမက အေးစက်စွာ

ရယ်မောရင်း “ဒါပေါ့”

စကားပြောပြီးသည်နှင့် ညာလက်ကို

ဝှေ့ယမ်းလိုက်ရာ ဤနေရာသည်

ပြောင်းလဲသွားသည်။ လူတိုင်းက

တိုက်ပွဲကွင်းပြင်တစ်ခု ထဲသို့

ရောက်ရှိလာခဲ့ကြသည်။

တာအို ချင် က တာအို ယင်

၏နောက်မလှမ်းမကမ်း၌ရပ်နေသည်။

သူ့အနားတွင် တာအိုဝတ်စုံဝတ်လူ

အနည်းငယ်လည်းရှိနေကြသည်။

အခြားတစ်ဖက်တွင်လည်း ယန်ယဲ့က

အန်နန်ကျင်း နှင့် မနီးမဝေး၌

ရပ်နေခဲ့သည်။

ယန်ယဲ့ က အန်နန်ကျင်း ကိုကြည့်ကာ ခေါင်းယမ်းလိုက်သည်။ ထိုမိန်းကလေး ၏ ဒေါသသည် ပို၍ပို၍ ပေါက်ကွဲထွက်လာသလို ခံစားလိုက်ရသည်။ အနည်းငယ်သော သဘောထားကွဲလွဲမှုအတွက်ဖြင့် တိုက်ခိုက်ရန်စိန်ခေါ်လိုက်သည်။

တိုက်ပွဲမြေပြင်တွင် အန်နန်ကျင်း နှင့် တာအို ယင် တို့က

တစ်ယောက်နှင့်တစ်ယောက်
မီတာအနည်းငယ်အကွာ၌
ရပ်နေကြသည်။

အန်နန်ကျင်း က စစ်နတ်ဘုရားလှံကို
မထုတ်ယူဘဲ ညာခြေဖြင့် မြေပြင်ကို
ပုတ်လိုက်သည်။ အောက်မြေပြင်က
တုန်ခါသွားပြီး အန်နန်ကျင်း၏ပုံရိပ်ဟာ
တန်ပြန်အားနှင့်အတူ တာအို ယင်
ဆီသို့ခုန်ဝင်သွားသည်။

ယင်းကို မြင်တွေ့လိုက်သော

တာအိုလမ်းစဉ်၏ အဖွဲ့ဝင်တိုင်း

မျက်နှာပေါ်တွင်

လေးနက်သောအမူအရာများရှိနေခဲ့သည်

။

ပညာရှင်က ရွှေ့လျားလိုက်သည်နှင့်

ပညာရှင်တစ်ဦး၏ ကျွမ်းကျင်မှုက

ထင်ရှားသည်။

တာအို ယင် ၏အမူအရာကတော့

ငြိမ်သက်နေခဲ့သည်။ အန်နန်ကျင်း က ၁၀

မီတာအကွာသို့ ရောက်လာမှသာ

သူမ၏လက်ကို ရုတ်တရက်ဆန့်ကာ

အသာအယာပင်လိမ်လိုက်သည်။

သူမ၏လက်ဝါးအလယ်မှ ရေလှိုင်းများ

ထွက်လာပြီး အန်နန်ကျင်း ကို

ထိမှန်သွားသည်။ ပြင်းထန်သော

ရေစွမ်းအားလှိုင်းက အန်နန်ကျင်း ကို

ဆက်တိုက်နောက်ပြန်ဆုတ်သွားစေသည်

။

တာအို ယင် ၏ပါးစပ်ထောင့်တွင် လှောင်ပြောင်သရော်ဟန်များ ပေါ်လာလေသည်။ သို့သော် အန်နန်ကျင်းက ရုတ်တရက် ခြေစောင့်ကာ သူ့ကိုယ်သူရပ်တန့်လိုက်သည်။ တစ်ချိန်တည်းမှာပဲနေရာတင်ပျောက်

သွား၏။ ထို့နောက် တာအို ယင်
၏ခေါင်းအထက်၌ ပေါ်လာခဲ့သည်။

တစ်ဆက်တည်း
သူမ၏ခြေထောက်ကိုမြှောက်ကာ တာအို
ယင် အား နင်းချလိုက်သည်။

အုန်း...

တာအို ယင် ပတ်ပတ်လည်၌ရှိ

အာကာသသည်

ချက်ချင်းပြိုကျသွားသည်။

တာအို ယင် လည်း

အမူအရာပြောင်းသွားသည်။

အန်နန်ကျင်း၏ ခွန်အားက

ထင်ထားသည်ထက်

အနည်းငယ်ကျော်လွန်သွားပုံရသည်။

ဤအချိန်တွင် အန်နန်ကျင်းက တာအို
ယင် အနားသို့ ရောက်ရှိလာခဲ့ချေပြီ။

အန်နန်ကျင်း ကိုမြင်သောအခါ တာအို
ယင် က အခြေအနေပိုဆိုးလာသည်ဟု
ခံစားမိလိုက်သည်။ သို့သော်
တွေးနေလို့ပင်မပြီးသေး၊
အန်နန်ကျင်း က ဒူးတစ်ဖက်ထောင်ကာ
တာအို ယင်
၏ခေါင်းကိုဆောင့်ချလိုက်ပါတော့သည်။

ဒူးတိုက်ချက်က အလွန်မြန်ဆန်နေ၏။

တာအို ယင် ကဲ့သို့ ပညာရှင်တစ်ပါးပင်

မရှောင်တိမ်းနိုင်လောက်သည်အထိ

ခံစားသွားရစေသည်။ သို့သော် တာအို

ယင်က

အလျင်အမြန်တုံ့ပြန်လိုက်သည်။ သူမ၏

လက်ဝါးတစ်ဝိုက်မှ ရေစီးကြောင်းများ

တလဟော စီးကျလာသည်။ ထို့နောက်

သူမ၏ရေလှိုင်းလက်ဝါးကို မြှောက်ပြီး

အန်နန်ကျင်း၏

ဒူးတည့်တည့်ပုတ်လိုက်သည်။

ဘမ်း...

တာအို ယင် က မီတာ ၃၀၀

ကျော်အကွာသို့

လွင့်ထွက်သွားခဲ့သည်။ အန်နန်ကျင်း

လည်း နောက်ပြန်ဆုတ်သွားသည့်တိုင်

ခဏအကြာတွင်ပဲရပ်တန့်လိုက်သည်။

သို့သော်နေရာတင်ပျောက်သွားကာ

တာအို ယင်

ရှေ့တွင် ပေါ်လာပြန်သည်။ ထို့နောက်

သူမ၏ ညာခြေထောက်ကို မြှောက်ကာ

တာအို ယင် ၏ခေါင်းကို

ဖြတ်ကန်ထည့်လိုက်သည်။

ဘုန်း...

တာအို ယင် က နောက်တစ်ကြိမ် လွင့်ထွက်သွားပြန်သည်။

တစ်ချိန်တည်းမှာပင် သူမ ရပ်နေသည့်နေရာသည် ပြိုကျလည်ပြီး ချေမှုန်းခံလိုက်ရသည်။ သို့သော်လည်း အန်နန်ကျင်း က တာအို ယင် ကိုအသက်ရှူချိန်ပင်မပေးဘဲ တိုက်ခိုက်နေခဲ့သည်။

အုန်း…

အန်နန်ကျင်း ပျောက်ကွယ်သွားသည်နှင့်
တာအို ယင် က လွင့်ထွက်သွားသည်သာ။

ဤမြင်ကွင်းကြောင့် တာအို ချင် နှင့်
အခြားလူတိုင်း၏မျက်နှာက

မမြင်နိုင်သောအမှုအရာများ

ရှိနေခဲ့သည်။

တာအို ယင် က

ပညာရှင်တစ်ပါးဖြစ်သည်။

အခြားတစ်ဖက်က

အလယ်အလတ်စျာန်သခင်

သာဖြစ်နေ၏။ သို့ရာတွင် တာအို ယင် က

ဆက်တိုက်ကို ဖိနှိပ်ခံနေရလေသည်။

နောက်ထပ် ဉာဏ်ကြီးရှင်တစ်ယောက်

လား ။

အုန်း...

ရုတ်တရက်ဆိုသလို အဝေးမှ

ကျယ်လောင်သောပေါက်ကွဲသံ

တစ်ချက်ထွက်ပေါ်လာ၏။

ယန်ယဲ့ သည် လှမ်းကြည့်လိုက်ရာ တာအို
ယင် အစား အန်နန်ကျင်း
လွင့်ထွက်လာသည်ကို သတိပြုမိသည်။

သူက တာအို ယင် ကို
လှမ်းကြည့်လိုက်သည့်အခါ ရှေ့တွင်
အနက်ရောင်မှန်ကြီးတစ်ချပ်ကာထားသ
ည်ကို တွေ့လိုက်ရသည်။၎င်း၏
အလယ်ဗဟို၌ အနက်ရောင်
ရေဝဲကတော့တစ်ခုရှိနေသည်။ ထိုနေရာမှ

ကြောက်မက်ဖွယ်ကောင်းသော
ခရမ်းရောင်စွမ်းအင် ကြိုးမျှင်များ
အတက်မပြတ်ထွက်ပေါ်လာသည်။

ဒီအချိန်မှာ တာအို ယင် ၏မျက်နှာက
ရက်စက်မှုအပြည့်နှင့်ပါ။

ရုတ်တရက်ဆိုသလို
သူမ၏ညာလက်ကိုဖြန့်ကာ မှန်ကို
ဆုပ်ကိုင်လိုက်သည်။ ထို့နောက်

အနက်ရောင်အလင်းတန်းတစ်ခု

ပြေးထွက်လာပြီး အန်နန်ကျင်း ကို

ထိမှန်သွားသည်။ အန်နန်ကျင်း က

ရှောင်ချိန်မရလိုက်ဘဲ

လွင့်ထွက်သွားသည်။ ထို့နောက်တွင်

တော့ မရေမတွက်နိုင်သော

အနက်ရောင်လျှပ်စီးကြောင်းများ

အဆက်မပြတ်ပြေးထွက်လာပါတော့သ

ည်။

သဘာဝ၏ဖိအား ...။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်

သဘာဝတရား၏

ပြင်းထန်သောဖိအားကို

ခံစားလိုက်ရသည်။ ၎င်းက

အနက်ရောင်မှုန်ထဲမှ ထွက်လာသည် ။

ယန်ယဲ့ က အန်နန်ကျင်း ကို

မော့ကြည့်လိုက်ပြီးနောက်

စစ်နတ်ဘုရားလှံ ထုတ်ကိုင်လိုက်ပြီးကို
မြင်လိုက်သည်။ ထို့နောက်
မည်သည့်လှုပ်ရှားမှုမျှမပါဘဲ
စစ်နတ်ဘုရားလှံကို မြှောက်၍
အနက်ရောင်မှန်ကို
ပစ်ပေါက်လိုက်သည်။

ဆူး....

စစ်နတ်ဘုရားလုံ က လေထုကို

ဆုတ်ဖြဲကာ မှန်ဆီသို့

တည့်တည့်တိုးဝင်သွား၏။

စစ်နတ်ဘုရားလုံမှ ထွက်ပေါ်လာသော

ဖိအားကြောင့်

အနက်ရောင်လျှပ်စီးကြောင်းများ

ချက်ချင်း

ကွဲထွက်သွားသည်။ တစ်ချိန်တည်းမှာပင်

စစ်နတ်ဘုရားလုံ ကမှန်ကို
အစိတ်စိတ်အမြွှာမြွှာ ထိုးခွဲသွားခဲ့သည်။

"မဟုတ်ဘူး" တာအို
ယင်၏မျက်လုံးများက ဒေါသကြောင့်
ပွင့်ထွက်လုမတတ်။

သို့သော်လည်း အန်နန်ကျင်းက အထက်၌
ပေါ်လာပြီး သူမ၏လက်ကို
တစ်ချက်ယမ်းလိုက်ရာ စစ်နတ်ဘုရားလုံ

က လက်ထဲပြန်ရောက်လာသည်။

ထို့နောက် စစ်နတ်ဘုရားလှံ ကို

တင်းကျပ်စွာ ဆုပ်ကိုင်လျက် တာအို ယင်

ဆီ ခုန်ဝင်ချလိုက်သည်။

ဆူး... ဆူး... ဆူး ...ဆူး....

သူမ ဖြတ်သန်းသွားသည့်

နေရာတိုင်းတွင် ထွက်ပေါ်နေသော

အရှိန်အဝါကြောင့်

အာကာသပြင်တစ်လျှောက်ဟာ

ကွဲထွက်သွားခဲ့သည်။

"သတိထားပါ" တာအို ချင် က

ရုတ်တရက်

အော်ဟစ်သတိပေးလိုက်သည် "အဲဒါက

နတ်မျိုးနွယ်ရဲ့ အဖိုးတန်နတ်ရတနာ

စစ်နတ်ဘုရားလှံ ပဲ"

ယန်ယဲ့ က တာအို ချင် ကို
စိုက်ကြည့်လိုက်သော်လည်း
ဘာမှမပြောခဲ့ပေ။

ဤအချိန်တွင် အန်နန်ကျင်း က တာအို
ယင် ရှေ့သို့ ရောက်လာပါပြီ။
တာအို ယင် ထံမှ ရေလှိုင်းများ
ရုတ်တရက်စီးထွက်လာသည်။

ထို့နောက် ရှေ့သို့ မျောလာပြီး

စစ်နတ်ဘုရားလုံ ပေါ်သို့

ဆင်းသက်သွားသည်။

ခွမ်း....

ရေစွမ်းအင်လှိုင်းများ

ချက်ချင်းချေမှုန်းကွဲထွက်သွားသည်။

သို့သော်လည်း စစ်နတ်ဘုရားလုံ က

ဆက်လက်ကျဆင်းလာနေဆဲ။

အုန်း...

တာအို ယင် က ကီလိုမီတာ ၃၀ ကျော်အကွာသို့ လွင့်ပျံထွက်သွားသည်။

မတ်တပ် ပြန်ရပ်လိုက်သည်နှင့် တာအို ယင် ၏ပါးစပ်ထံမှ သွေးအနည်းငယ်စီးကျလာပါသည်။

အန်နန်ကျင်း က

ထပ်ပြီးတိုက်ခိုက်ခြင်းမပြုတော့ပေ။

စစ်နတ်ဘုရားလှံ ကို ဆုပ်ကိုင်ထားလျက်

တာအို ယင် ကို ငုံ့ကြည့်ကာ "ဒါဆို

ပညာရှင်တွေက အားနည်းတယ်"

ဤနေရာရှိ လူတိုင်း ပြောစရာ

စကားမဲ့သွားလေတော့သည်။

Translated By NyiNyiSoe

May Be:

...

အဆိုးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၅၂၁ -

"ဒါဆို ပညာရှင်တွေက

အားနည်းလွန်းတယ်"

ထိုစကားအား ကြားသောအခါ

တာအိုလမ်းစဉ်၏ အဖွဲ့ဝင်တိုင်း

မျက်နှာပျက်ကုန်သည်။ အန်နန်ကျင်း က

တာအို ယင် ကိုပြောလိုက်သော်လည်း

တစ်ဖက်လှည့်ဖြင့်

သူတို့ကိုပါကြိတ်သွားလေသည်။

ကြားရတာ အဆင်မပြေလှပါ။

သို့သော်လည်း မည်သူမျှ

စကားမပြောပေ။

သူတို့ရှေ့ရှိ မိန်းမပျိုက လုံးဝကို ကြီးကျယ်ခမ်းနားသော ညဏ်ကြီးရှင် တစ်ယောက်ပါ။

အန်နန်ကျင်း က ထိုတိုက်ပွဲတွင် နတ်မျိုးနွယ်၏ နတ်လက်နက်ကို အသုံးပြုခဲ့သည့်တိုင် နှစ်ဖက်စလုံးက အတူတူပင်။ အရေးကြီးဆုံးမှာ အန်နန်ကျင်း က အလယ်အလတ်ရျာန်သခင် သာ။

ထို့ကြောင့် သူမ၏ခွန်အား က

မည်မျှကြောက်စရာနည်း၊

အလယ်အလတ်ဈာန်သခင် က

ပညာရှင်ကိုအနိုင်ယူလိုက်တယ်

ထိုစကားကို ပြောပြီးသည်နှင့်

အန်နန်ကျင်း က

ယန်ယွဲ့ဖက်သို့ပြန်သွားကာ

"သွားရအောင်"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။
ထို့နောက် လူတိုင်းကို လစ်လျူရှုကာ
အရာခပ်သိမ်းခန်းမ ထဲသို့
ဝင်သွားခဲ့သည်။

တာအိုလမ်းစဉ်၏ အဖွဲ့ဝင်များသာလျှင်
နေရာတွင် တိတ်ဆိတ်ကျန်နေဆဲပါ။

တာအို ချင် က တာအို ယင် ထံသို့

ရောက်လာကာ “မင်းအဆင်ပြေရဲ့လား”

တာအို ယင် က ခေါင်းကို

အနည်းငယ်ခါယမ်းကာ

ဘာမှပြန်မပြောပေ။

"အဲဒါကို သိပ်အများကြီး မစဉ်းစားနဲ့"

တာအို ယင် က “ဒီကလေးမက

သိုင်းကျောင်ဇ်အကယ်ဒမီရဲ့ အန်နန်ကျင်း

ဖြစ်သင့်တယ်။ သူမက သိုင်းဧကရာဇ်ရဲ့

အမွေအနှစ်ကို ဆက်ခံထားတယ်။

မမျှော်လင့်ထားတဲ့အရာတွေဖြစ်မလာခဲ့ရ

င် ဒီကလေးမက ဒီမျိုးဆက်ရဲ့

သိုင်းနတ်ဘုရား ပဲ။ မင်းကို မပြောနဲ့၊

ငါဆိုရင်တောင်မှ သူမကို အနိုင်ယူဖို့

အခွင့်အရေး မရှိတော့ဘူး။ သူမ ပညာရှင်

ဖြစ်သွားရင် ဖန်ဆင်းရှင်

အဆင့်အောက်က ဘယ်သူမဆို

မတားဆီးနိုင်လောက်တော့ဘူး"

သိုင်းနတ်ဘုရား ။

တာအို ယင် ၏မျက်လုံးများက

အနည်းငယ် ကျဉ်းမြောင်းသွားသည်။

ထိုစကားများ နောက်ကွယ်ရှိ အဓိပ္ပါယ်က

တကယ့်ကိုမရိုးရှင်းပေ။

သိုင်းနတ်ဘုရား က မည်သို့နည်း။

မျိုးဆက်တိုင်း၏ သိုင်းနတ်ဘုရားသည်

ညာဏ်ကြီးရှင်များအားလုံးထက်

သာလွန်မြင့်မြတ်ပြီး

အနှိုင်းမဲ့တည်ရှိမှုတစ်ခုပင်ဖြစ်သည်။

တာအို ယင် က အရာခပ်သိမ်းခန်းမ ကို

စိုက်ကြည့်သည်။ အကယ်၍

ထိုအမျိုးသမီးသာ ဤမျိုးဆက်၏

သိုင်းနတ်ဘုရား ဖြစ်လာခဲ့သော်

သူမ၏အရှုံးက

လက်မခံနိုင်စရာတော့မဟုတ်ပေ။

တာအို ယင် က

အပြုသဘောဆောင်သော

ခံစားချက်များ ပြန်ရလာသည်ကို

သတိပြုမိသောအခါ တာအို ချင် က

သက်ပြင်းချလိုက်သည်။ တာအို ယင် က

လမ်းများရောက်သွားမည်ကို အတော်လေးစိုးရိမ်နေခဲ့သည်။

တာအို ချင် က အရာခပ်သိမ်းခန်းမ ကို စူးစိုက်ကြည့်ကာ "သူမက အဲဒီမှာရှိတဲ့ အသိပညာတွေကို စုပ်ယူလိုက်မယ်ဆိုရင် သူ့ခွန်အားက ပိုကြောက်စရာကောင်းလာလိမ့်မယ်။ ယန်ယွဲ့ နဲ့ သူတို့နှစ်ယောက် ပေါင်းတိုက်ရင် ...”

သူသည် လူသားအင်ပါယာအရှင်
သေဆုံးသည့်အကြောင်းကို
သဘာဝကျကျသိထားသည်။

လူသားမျိုးနွယ်၏ ဂုဏ်သိက္ခာရှိသော
ခေါင်းဆောင်၊ လူသားအင်ပါယာအရှင်
သည် အမျိုးသားနှင့်
အမျိုးသမီးစုံတွဲလက်ချက်ဖြင့်
အသတ်ခံလိုက်ရသည်။

ထို့အပြင်

ကောင်းကင်အင်ပါယာအရှင်နှင့်

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့သည်ပင်

လက်ရှိ လူသားမျိုးနွယ်ကို မထိဝံ့ပါ။

အကြောင်းမှာ ယန်ယဲ့ နှင့် အန်နန်ကျင်း

တို့ကို ကြောက်နေသောကြောင့်ပင်။

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ရှိ မည်သူမျှ

ထိုနှစ်ယောက်ပေါင်းတိုက်မည်ကို

ရင်မဆိုင်ရဲကြပေ။

အချိန်တော်တော်ကြာပြီးနောက် တာအို ချင် က ခေါင်းယမ်းကာ “သွားကြရအောင်”ဟုပြောလိုက်သည်။

သိပ်မကြာလိုက်ပေ၊ လူတိုင်း ထွက်သွားကြတော့သည်။

...

အရာခပ်သိမ်းခန်းမထဲတွင် ...။

ယန်ယဲ့ နှင့် အန်နန်ကျင်း က ခန်းမထဲသို့

ဝင်လာကာ ပတ်ဝန်းကျင်ကို

ကြည့်လိုက်ကြသည်။ အခန်းအတွင်းပိုင်း

က အလွန်ပင်ကျယ်ဝန်းသည်။

အဓိကအားဖြင့်တော့

အခန်းပေါင်းများစွာ ရှိနေခြင်းပင်။

အခန်း အရေအတွက်က ၁၀၀

ထက်မနည်း

ရှိသည်။ အခန်းတစ်ခုချင်းစီတွင်

မှတ်တမ်းမှတ်ရာ တစ်မျိုးစီ

သိမ်းဆည်းထားခဲ့သည်။  အားလုံးက

သာမန်အရာများမဟုတ်ချေ။

အမျိုးအစားတစ်ခုစီ၏ စစ်မှန်သော

အနှစ်သာရများဖြစ်သည်။ အကြောင်းမှာ

တာအိုဖန်ဆင်းရှင် ကိုယ်တိုင်

စုဆောင်းခဲ့လို့ပါ။

တာအိုဖန်ဆင်းရှင် တွင်

ကိုယ်ပိုင်တာအိုရှိသော်လည်း

အထွတ်အထိပ်မရောက်ခင်က

အခြားလူတိုင်းထံမှ

သင်ယူရသည်မှာသဘာဝပင်။

တစ်နည်းဆိုရသော် သူက

အခြားသူများ၏ အားသာချက်များကို

ရယူကာ

သူ့ကိုယ်ပိုင်ချို့ယွင်းချက်များကို

ပြင်ဆင်ခဲ့ပုံရသည်။ အဆုံးတွင်

သူအောင်မြင်ခဲ့ပြီး ဤနေရာမှ

မှတ်တမ်းမှတ်ရာများကို

အာရုံမစိုက်တော့ပေ။

အန်နန်ကျင်း က ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။ အဆုံးတွင်

သူမ၏ အကြည့်များက ခပ်ဝေးဝေးရှိ

အခန်းတစ်ခု

ဆီသို့ ရောက်သွားသည် ။ "武"
အမှတ်အသား၊ သိုင်းပညာတာအို
အတွက် ခန်းမတစ်ခု ရှိခဲ့သည်။

သေချာသည်မှာ ၎င်းက
သိုင်းပညာတာအို နှင့်ပတ်သက်သော
မှတ်တမ်းမှတ်ရာများထားရှိရာအခန်းဖြစ်
သည်။

အန်နန်ကျင်း က ယန်ယဲ့

ကိုလှည့်ကြည့်လိုက်သည်။ သူက

အနည်းငယ်ပြုံးကာ

"ဝင်သွားလိုက်ပါ"

အန်နန်ကျင်း က ခေါင်းညိတ်ပြပြီး

ထိုတံခါးပေါက်ထဲကို ဝင်လိုက်သည်။

အန်နန်ကျင်း က တံခါးဝကို

ဖြတ်ကျော်လိုက်သည်နှင့်

တံခါးနောက်ကွယ်ရှိ ဧရိယာသည်
သီးခြားကမ္ဘာငယ်တစ်ခု
ဖြစ်နေမှန်းသတိထားမိလိုက်သည်။
ပတ်ဝန်းကျင်က အခိုးအငွေ့များ
ပျံ့လွင့်နေကာ အသက်အရွယ်မရွေး
အမျိုးသား အမျိုးသမီး
များလည်းရှိနေခဲ့သည်။

အန်နန်ကျင်း ရောက်လာသည်နှင့်

အားလုံးက သူမကို

စိုက်ကြည့်နေကြသည်။

ဤအတောအတွင်း

အဘိုးကြီးတစ်ယောက် ရုတ်တရက်

“ဒီကို တစ်ယောက်ယောက် ဝင်မလာတာ

တော်တော်ကြာနေပြီ” ဟု

ပြောလိုက်သည် ။

အန်နန်ကျင်း က ထိုအဘိုးကြီးကို
စိုက်ကြည့်နေသည်။ အဘိုးကြီး က
အန်နန်ကျင်း ကို ခဏကြာစစ်ဆေးနေကာ
"မင်းဟာ သိုင်းပညာတာအို ကို
ရွေးချယ်ပြီးမှတော့ မင်းရဲ့
အောင်မြင်မှုတွေက သာမန်မဟုတ်ဘူးလို့
ငါထင်ပါတယ်။ အဲဒါကို ကြည့်ရအောင်၊
ပြီးရင် မင်းကို ဘယ်သူရွေးမလဲဆိုတာ
ဆုံးဖြတ်မယ်”

ဤနေရာရှိ အသိဉာဏ်ပညာသည်

ပြင်ပကမ္ဘာရှိ အမွေအနှစ်များနှင့်

နှိုင်းယှဉ်လျှင်

များစွာကွာခြားပါသည်။ အန်နန်ကျင်း က

အခြေအနေကို

တော်တော်လေးသိချင်သွားမိသည်။

သူမက ပတ်ဝန်းကျင်ကို

လှည့်ပတ်ကြည့်ကာ "နင်တို့အားလုံး

ငါ့အစား ကိုယ့်ရဲ့အရည်အချင်းကို
ပြသင့်တယ်။ ပြီးရင် ဘယ်သူ့ကို
ရွေးရမယ်ဆိုတာ ငါဆုံးဖြတ်မယ်"

ထိုစကားပြောလိုက်သည်နှင့်
ပတ်ဝန်းကျင်က တိတ်ဆိတ်သွားသည်။

အားလုံးက အန်နန်ကျင်း ကို
စိုက်ကြည့်နေကြသည်။ အဆုံးတွင်တော့

အဘိုးကြီးက “သမီးငယ်လေး၊ မင်းကိုယ်မင်း အရမ်းယုံတယ်”

အန်နန်ကျင်းက ညာလက်ကို နောက်ပစ်ထားလိုက်ပြီး "ရိုးရိုးသားသားပဲပြောခွင့်ပြုပါ။ အားလုံးက နည်းနည်းတော့ အားနည်းမယ်ထင်တယ်။ အခုတော့ နင်တို့အားလုံးဆီကနေ သင်ယူချင်စိတ်မရှိတော့ဘူး”

အားလုံးက ပြောစရာ စကားမဲ့သွားသလို ခံစားလိုက်ရသည်။

ဤအချိန်တွင် အဘိုးကြီးက လက်ကို ရုတ်တရက် ဆန့်ကာ အန်နန်ကျင်း ဆီသို့ လက်ခုပ်တီးလိုက်သည်။ ၎င်းသယ်ဆောင်လာသော သိုင်းပညာတာအို၏ ပြင်းထန်သောဖိအားက

တိုက်ခတ်လာသော

လေဆင်နှာမောင်းတစ်ခုလိုပင်။

အန်နန်ကျင်း၏ အမူအရာက

ငြိမ်သက်နေကာ

ညာခြေကိုတစ်ချက်ဆောင့်လိုက်သည်။

အုန်း...

သူမ၏ခန္ဓာကိုယ်မှ

ပြင်းထန်သောအားလှိုင်းများ

လွင့်ထွက်သွားပြီး အဘိုးကြီး၏ ဖိအားကို

ချေမှုန်းပစ်လိုက်သည်။

ဤအခိုက်အတန့်တွင် ဤနေရာရှိလူတိုင်း

တုန်လှုပ်သွားကြသည်။

အန်နန်ကျင်း က လူတိုင်းကို

စိုက်ကြည့်ကာ

"ငါ စိတ်မဝင်စားဘူး"

ဟု ပြောပြီး လှည့်ထွက်သွားသည်။

"ပင်လယ်သမုဒ္ဒရာများ ပေါင်းစည်းခြင်း" အန်နန်ကျင်း၏
နောက်ကွယ်မှ အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာပြီးနောက် အန်နန်ကျင်းကို လက်ညှိုးထိုးလိုက်သည်။

ဤတိုက်ခိုက်မှုက

တစ်ခုတည်းဖြစ်သော်လည်း

မရေမတွက်နိုင်သောနည်းစနစ်များကို

ပေါင်းစည်းထားသည်။ အန်နန်ကျင်း၏

မျက်လုံးများက ချက်ချင်းပင်

ကျဉ်းမြောင်းသွားခဲ့သည်။

ပင်လယ်သမုဒ္ဒရာ ပေါင်းစည်းခြင်း....

အန်နန်ကျင်း၏ တုံ့ပြန်မှုက

မနွေးကွေးဘဲ လက်ကို မြှောက်ကာ

လက်သီးဖြင့် ပုတ်လိုက်သည်။

ဘမ်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

အန်နန်ကျင်း က နောက်သို့ အကြိမ်ကြိမ်

ဆုတ်လိုက်ရသည်။

“အပြင်းအထန် ပေါင်းစည်းခြင်း"

ရုတ်တရက်အသံက

ထပ်မံထွက်ပေါ်လာပြီးနောက် နောက်ထပ်

လက်ချောင်းတစ်ချောင်းက အန်နန်ကျင်း

ရှေ့သို့ ရောက်လာသည်။

အန်နန်ကျင်း၏ မျက်လုံးများက

အနည်းငယ်

ကျဉ်းမြောင်းသွား၏။လက်သီးနှစ်ဖက်

လုံးကို တင်းတင်းဆုပ်ထားပြီး

"ချိုးဖျက်လိုက်စမ်း"

ဘုန်း....

ပတ်ဝန်းကျင်တွင် ကျယ်လောင်သော

ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။

သီးခြားကမ္ဘာငယ်သည်ပင် ပြင်းထန်စွာ

တုန်ခါသွားခဲ့သည်။

အချိန်အတော်ကြာသည်အထိ

တိတ်ဆိတ်သွားပြီးနောက် အသံတစ်သံ

ရုတ်တရက် ထွက်ပေါ်လာသည်

“မင်းအထဲမှာ သိုင်းနတ်ဘုရားရဲ့

အရှိန်အဝါကို ငါမြင်ရတယ်။ ပြီးတော့

မင်းမှာ စစ်မှန်တဲ့

သိုင်းနတ်ဘုရားခန္ဓာကိုယ်ပါ

ပိုင်ဆိုင်ထားတယ်။ မင်းပြောသလို

ငါတို့ဆီမှာ သင်ယူစရာမရှိဘူးဆိုတာ အမှန်ပါပဲ”

ဤအချိန်တွင် အန်နန်ကျင်း က ခေါင်းကို ခါလိုက်ပြီး “မဟုတ်ဘူး၊ ငါ အခု စိတ်ဝင်စားနေတယ်။ နင်တို့ရဲ့ သိုင်းပညာတာအိုကို ငါ တစ်ခါမှ မမြင်ဖူးဘူး။ ကောင်းပြီ၊ လူတိုင်းက သင်ပြပေးမယ်လို့ ငါမျှော်လင့်တယ်"

ခဏာတိတ်ဆိတ်သွားပြီးနောက် အသံက

ရုတ်တရက် "ဒါဟာ

ငါ့သိုင်းပညာတာအိုက

ဂုဏ်ကျက်သရေပဲ"

...

အန်နန်ကျင်း ထိုတံခါးပေါက်မှ

ဝင်သွားပြီးနောက် ယန်ယွဲ့သည်

ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။ အဆုံးတွင်

တော့ သူ့အကြည့်က

တံခါးပေါက်တစ်ခုပေါ်

ကျရောက်သွားသည်။ အခန်းတံခါးတွင်

ဓား နှင့်ပတ်သက်သော "剑" စာလုံး

ရေးထိုးထား၏။

ဓားတာအိုခန်းမ...

ယန်ယဲ့က တို့ဆိုင်းမနေဘဲ

တံခါးပေါက်ထဲသို့ ဝင်သွားလိုက်သည်။

တံခါးဝကို ဖြတ်ဝင်လိုက်သည်နှင့်

အန်နန်ကျင်း ဝင်သွားရာကဲ့သို့ အလားတူ

အသွင်အပြင်များစွာဖြင့်

ဝန်းရံထားသည်။ ဤနေရာတွင်

အမျိုးသား၊ အမျိုးသမီး၊ အယောက် ၃၀

ကျော် ရှိနေခဲ့သည်။

အားလုံးက အတိတ်တွင်

ဓားကျင့်ကြံသူများဖြစ်ခဲ့ကြသည်။

တာအိုဖန်ဆင်းရှင် က

အထူးနည်းလမ်းများဖြင့် ဤနေရာတွင်

ဓားကျင့်ကြံသူများ၏ ဝိညာဉ်ကြိုးကို

ထိန်းသိမ်းထားပုံရသည်။

မှန်သည်၊ တစ်ခုခုတော့

သေချာပေါက်ပေးဆပ်ထားရမည်ဖြစ်သ

ည်။ သို့သော်

သူကိုယ်တိုင်နှင့် တာအိုလမ်းစဉ်၏

နောင်လာမည့် မျိုးဆက်များ

အတွက်ကြောင့်

ပေးဆပ်ရသောတန်ကြေးဟာ

ထိုက်တန်ပါသည်။

တံခါးဝကို ဖြတ်ဝင်လိုက်သည်နှင့်
ဤနေရာရှိ လူတိုင်း က ယန်ယဲ့ကို
စိုက်ကြည့်နေသည်။

သူတို့အထဲမှ
သက်လတ်ပိုင်းအမျိုးသားတစ်ဦးက
သူ့လက်ချောင်းကို ဆန့်ပြီး ယန်ယဲ့ဆီသို့
ရုတ်တရက် ပုတ်လိုက်သည်။
လက်ချောင်းထိပ်ဖျားမှ
ဓားစွမ်းအင်တစ်စင်း

ပြေးထွက်လာသည်။ ယန်ယဲ့ က

ရှောင်ထွက်မသွားပေ။ သူ့လက်ကို

မြှောက်လိုက်ပြီး လက်ချောင်းကို ရှေ့သို့

ပုတ်လိုက်သည်။

သူ၏လက်ချောင်းထိပ်မှ

ဓားစွမ်းအင်တစ်စင်း

ထွက်လာသည်။ ထိုခဏလေးမှာပဲ

သက်လတ်ပိုင်းအမျိုးသား၏

ဓားစွမ်းအင်နှင့် တိုက်မိသွားသည်။

ဘမ်း...

နှစ်ဖက်စလုံးမှ ဓားစွမ်းအင်များ ချေမှုန်းခံလိုက်ရပါသည်။

"တာအိုနယ်ပယ်ကို ခြေတစ်လှမ်းရောက်နေတဲ့ ဓားတာအို..." ဤအချိန်တွင် သက်လတ်ပိုင်းအမျိုးသားက ပြောလိုက်သည်

“မဆိုးပါဘူး။ ကံမကောင်းစွာပဲ၊
မင်းရဲ့သတ်ဖြတ်ခြင်းစိတ်ဆန္ဒက
ပြင်းထန်လွန်းတယ်"

ယန်ယဲ့ က “ဓားကို
သတ်ဖို့သုံးတယ်။ သတ်ဖြတ်ခြင်းအငွေ့
အသက်မရှိတဲ့ ဓားက ဘာလဲ ”

ဓားကို သတ်ဖို့သုံးတယ်။

ဓားသမား အတော်များများအတွက်

အငြင်းပွားစရာ အယူအဆပင်။

ဓားနှင့် ပတ်သက်သော

ယန်ယွဲ့၏အမြင်က ဓားတာအိုအပေါ်

စော်ကားမှုတစ်ခုဟု

ဓားသမားအများစုက ယူဆကြသည်။

သို့သော်လည်း ယန်ယွဲ့၏အမြင်အရတော့

ခားကို လူသတ်ဖို့သာ

အသုံးပြုခဲ့သည်။တစ်စုံတစ်ဦးကို

ကာကွယ်ရန် ကြိုးစားသည်ဖြစ်စေ၊

အခြားမည်သည့်အရာကိုမဆို

လုပ်သည်ဖြစ်စေ နောက်ဆုံးပန်းတိုင်မှာ

သတ်ပစ်ရန်သာမဟုတ်ပါလား။ကနဦးရ

ည်ရွယ်ချက်ကိုက

သတ်ဖို့ဖြစ်သောကြောင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒပိုင်ဆိုင်ထားခြင်းဟာ သာမန်ဖြစ်သည်။

ဤနေရာရှိ လူတိုင်းက အကြည့်ချင်းဖလှယ်ကြသည်။ နောက်ဆုံးတွင် သက်လတ်ပိုင်းအမျိုးသားက “ဓားကို သတ်ဖို့ပဲ သုံးတယ်လို့ ထင်သလား” ဟု ရုတ်တရက် မေးလိုက်သည်။

ယန်ယဲ့ က "မင်းဘယ်လိုထင်လဲ"

သက်လတ်ပိုင်းအမျိုးသား က ခေါင်းကို အနည်းငယ်ခါယမ်းကာ “ငါတို့လမ်းက မတူဘူး”

ထိုစကားပြောပြီးသည်နှင့် လှည့်ထွက်သွားသည်။

ဤအချိန်တွင် အခြားလူများလည်း
ခေါင်းယမ်းကာ ထွက်သွားကြသည်။

တစ်ယောက်မှကို မကျန်ခဲ့ပေ။

အမှန်တော့ ယန်ယွဲ့
ပြောလိုက်သည့်စကားကြောင့် လူတိုင်း
သည်းခံနိုင်စွမ်းမရှိတော့ပေ။
သူတို့၏အမြင်အရ ဓားဟာ
သူတို့အတွက် ဒုတိယဘဝ သို့မဟုတ်

ချစ်ရသူကဲ့သို့ပင်။ ထို့ကြောင့် ယန်ယဲ့ ခံယူထားသော ရှုထောင့်က ဓားကို စော်ကားခြင်းပင်။ လူတိုင်းက ယန်ယဲ့ နှင့်စကားပင်မပြောလိုတော့ဘဲ ချက်ချင်းထွက်သွားခဲ့တော့သည်။

ယန်ယဲ့ က ပတ်ဝန်းကျင်ကို ကြည့်လိုက်ပြီး ပခုံးတွန့်သည်။ သူက အဖြစ်အပျက်ကို လုံးဝ ဂရုမစိုက်ဘဲ လှည့်ထွက်သွားသည်။

လူတိုင်းတွင် ကိုယ်ပိုင်တာအို

ရှိကြသည်မဟုတ်ပါလား။ လူတိုင်း၏

ခံစားတာအို က

အမှန်ပင်မတူညီကြပေ။ အခြားသူ၏

ခံစားတာအို က မှားယွင်းပြီး

သူမှန်နေသည်ဟုတော့

မထင်ခဲ့ပေ။ သို့သော် ယန်ယဲ့၏အမြင်မှာ

အမှားအမှန်မခွဲခြားဘဲ

ကိုယ်ပိုင်ဓားတာအိုကို

သစ္စာစောင့်သိသင့်သည်။

ထိုအချက်က သူ၏မဟာတာအို

ဖြစ်သလို ထိုလမ်းကြောင်းအတိုင်း

ဆက်လျှောက်သွားပေမည်။

ယန်ယွဲ့ က တုံ့ဆိုင်းမနေဘဲ

ပြတ်ပြတ်သားသား ထွက်သွားသည်

။ အပြင်သို့ရောက်သည်နှင့်

ပတ်ဝန်းကျင်ကို

လှမ်းကြည့်လိုက်သည်။ အဆုံးတွင်

သူ့အကြည့်က "杀" စာလုံးကပ်ထားသော

တံခါးပေါက်တစ်ခုပေါ်သို့

ဆင်းသက်လာခဲ့သည်။

သတ်ဖြတ်ခြင်းတာအို....

ယန်ယဲ့ က ခဏတုံ့ဆိုင်းသွားပြီး

တံခါးဝကို ဖြတ်လျှောက်သွားသည်။

အထဲ ရောက်လာသည့်အခါတွင်
သူမြင်လိုက်ရသည်ကား
သွေးကမ္ဘာဖြစ်နေခဲ့သည်။

ဤနေရာတွင် သွေးနှင့် ဝိညာဉ်များ
ပျံ့လွင့်နေပြီး
အဆုံးအစမဲ့သတ်ဖြတ်ခြင်းစိတ်နဒ္ဒများဖြင့်
ပြည့်နေပါသည်။

ယန်ယဲ့၏ နားထဲတွင် အသံတစ်သံ

ရုတ်တရက် ဝင်ရောက်လာသည်

"မင်းဘာလို့သတ်ချင်တာလဲ"

ယန်ယဲ့ က ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး "ဒါက ငါ့ကို

ပျော်ရွှင်စေတယ်"

Translated By NyiNyiSoe

May Be:

...

အဆုံးမဲ့ဓားကမ္ဘာ (လောကသုံးပါး)]

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၅၂၂ -

အမှန်တော့ ယန်ယဲ့က

နောက်ပြောင်လိုက်ရုံ

သက်သက်ပင်။ သူ့တွင် ထိုမျှလောက်

အကျိုးအမြတ်များမရှိပေ။

အများစုက

သူ့ကိုသတ်ဖို့ကြိုးစားလာသောကြောင့်

သတ်ဖြတ်ခဲ့ခြင်းသာ။

ရွေးချယ်စရာမရှိသဖြင့်

လုပ်ဆောင်လိုက်ရသည်ဟုဆိုနိုင်ပါသည်

။

“မင်းရဲ့ သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို
ဒီလောက်အတိုင်းအတာအထိ
ကျင့်ကြံနိုင်ခဲ့တာ ရှားပါတယ်။ ဒါပေမဲ့
နောက်ဆုံးမေးခွန်းတစ်ခု
မေးပါရစေ။ တကယ်လို့ မင်းဟာ
သတ်ဖြတ်ခြင်းစိတ်ဆန္ဒရဲ့
အထွတ်အထိပ်ကို ရောက်နိုင်ခဲ့ရင်
မင်းနဲ့အနီးမှာရှိနေတဲ့သူတွေကိုသတ်ပြီး

ရှေ့ဆက်တိုးရမယ်။ မင်းဒီလိုလုပ်ဖို့ ဆန္ဒရှိမှာလား။

ငါ့အနီးဆုံးသူတွေကို သတ်ပစ်မလား

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး

"မဟုတ်ဘူး"

ထိုလူက “ဘာဖြစ်လို့လဲ” ဟု မေးသည်။

ယန်ယဲ့ က "ငါက အကြောင်းပြချက်

နှစ်ခုရှိတယ်။ ကိုယ့်ကိုကိုယ် အတွက်နဲ့

ကိုယ်ချစ်ရတဲ့သူတွေအတွက်ပဲ

သတ်လိုက်တာ။ ငါချစ်ရတဲ့သူတွေက

ဒီလောကမှာ ငါ့အတွက်

အရေးကြီးဆုံးပဲ”

အသံက “ဒါဆို မင်းရဲ့

သတ်ဖြတ်ခြင်းစိတ်ဆန္ဒက ဘယ်တော့မှ

အထွတ်အထိပ်ကို ရောက်မှာ မဟုတ်ဘူး”
ဟု ထပ်ပြောသည်။

ယန်ယဲ့ က ပြုံးပြီး "ဒါဆို ဘာလဲ။ ဒါဟာ
ကြီးကြီးမားမားတော့ မဟုတ်ပါဘူး”

အသံက အချိန်အတော်ကြာ
တိတ်ဆိတ်သွားပြီး “မင်းရဲ့ စိတ်ဓာတ်က
မဆိုးပါဘူး”

စကားဆုံးသည်နှင့် ယန်ယဲ့ရှေ့တွင်

သက်လတ်ပိုင်းအမျိုးသားတစ်ဦး

ရုတ်တရက် ပေါ်လာသည်။

သက်လတ်ပိုင်း၏ ဆံပင်များက

ပခုံးထက်ထိကျဆင်းနေကာ

သွေးနီရောင် ဝတ်စုံကို

ဝတ်ထားသည်။ သို့သော်

ခြေ၊လက်များမရှိခဲ့ပေ။ မြင်ရသည်မှာ

တော်တော်လေးကိုကြောက်စရာကောင်း

၏။

သက်လတ်ပိုင်းအမျိုးသား က

“ဘာလို့ဒီမှာငါပဲရှိနေတာလဲ သိလား” ဟု

မေးလိုက်သည်။

ယန်ယွဲ့ က ထိုလူကို

တစ်ချက်ကြည့်လိုက်ပြီး

"မင်းသူတို့အားလုံးကို
သတ်လိုက်တာလား"

သက်လတ်ပိုင်းအမျိုးသား က
ခေါင်းညိတ်ပြီး “မင်းမှန်တယ်”

ယန်ယွဲ့ က စကားမပြောနိုင်တော့ပေ။

ဘုန်း....

ဤအချိန်တွင် ကြောက်မက်ဖွယ်ရာ

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ က ယန်ယဲ့ကို

ရုတ်တရက်

ဖုံးလွှမ်းသွားသည်။ ထိုခဏလေးတွင်

သူ၏အမူအရာက

ပြောင်းသွားလေတော့သည်။ သူ့စိတ်ထဲ၌

သတ်ဖြတ်ချင်စိတ်သာ ကျန်တော့သလို

ခံစားလိုက်ရသည်။

သတ်ပစ်လိုက်စမ်း....

အရူးတစ်ယောက်လို သတ်ဖြတ်မယ် ။

ဤအချိန်တွင် ယန်ယွဲ့ထံမှ အဆုံးမရှိ
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ
ထွက်ပေါ်လာသည်။ သူ၏
ဓားစိတ်ဆန္ဒကိုပင် လုံးလုံးလျားလျား
ဖိနှိပ်ထားခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့ကို

ဖုံးအုပ်ထားသည့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒက ရုတ်တရက်

ကွယ်ပျောက်သွားသည်။

ယန်ယဲ့ သည်လည်း တဖြည်းဖြည်း

ပုံမှန်ပြန်ဖြစ်သွားသည်။

ယန်ယဲ့၏မျက်နှာက

လေးနက်မှုအပြည့်ဖြင့်

သက်လတ်ပိုင်းအမျိုးသားကို
စိုက်ကြည့်နေသည်။

ဒီလူ့ရဲ့ သတ်ဖြတ်ခြင်းစိတ်ဆန္ဒ က
ဘယ်လောက်ကြောက်စရာကောင်းလဲ။

ထိုလူ၏ သတ်ဖြတ်ခြင်းစိတ်ဆန္ဒ က
ပညာရှင်ထက် အားမနည်းပေ။

သူ့တွင် ဉာဏ်အလင်းရစားနှလုံးသား

ပိုင်ဆိုင်ထား၍သာ

ကံကောင်းသွားသည်ဟုဆိုရပေမည်။

သာမာန်အားဖြင့် ပြောရလျှင် မည်သူမျှ

သူ၏စိတ်ဝိညာဉ်ကို မထိခိုက်စေနိုင်ပေ။

သူ့အမြင်အရတော့ တစ်စုံတစ်ဦးက

သူ့အား သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ဖြင့်

ဖိနှိပ်ရန် မဖြစ်နိုင်ပေ။

သို့သော်လည်း လက်ရှိတွင်

သက်လတ်ပိုင်းအမျိုးသားက

အသာလေးဖိနှိပ်ထားသည်။

သူက လွယ်လွယ်နဲ့ အောင်မြင်သွားတယ်

။

သက်လတ်ပိုင်းအမျိုးသားက

“ငါ့လက်တွေ ဘာလို့ဆုံးရှုံးသွားတာ

မင်းသိလား”

ယန်ယဲ့ က ခေါင်းယမ်းလိုက်သည်။

သက်လတ်ပိုင်းအမျိုးသား က “သူတို့ကို ငါကိုယ်တိုင်ခုတ်ဖြတ်လိုက်တာပဲ"

ယန်ယဲ့ သည် သူ့စိတ်ထဲတွင် တုန်လှုပ်သွားမိသည်။

သက်လတ်ပိုင်းအမျိုးသား က

ဆက်ပြောသည် “ငါ ငယ်ငယ်ကတည်းက

မိဘတွေ သေဆုံးသွားကြတယ်။ ငါ့ကို

ချစ်တဲ့လူက

သစ္စာဖောက်ခဲ့တယ်။ အဲဒီအချိန်မှာ ငါ့ကို

လုပ်ကြံသတ်ဖြတ်သူတစ်ယောက်က

မွေးစားခဲ့တယ်။ ပြီးတော့ လက်စားချေဖို့

အရူးတစ်ယောက်လို

ကျင့်ကြံပြီးသတ်ဖြတ်ခဲ့တယ်။ ဘယ်

လောက်သတ်လိုက်မှန်းတောင်

မသိတော့ဘူး။ အဲဒီတုန်းက ငါက

တကယ်သတ်ချင်လို့

သတ်လိုက်တာပဲ။ငါ့မှာ

ရည်မှန်းချက်မရှိသလို

ကမ္ဘာပေါ်ကလူတိုင်းကို

သတ်ပစ်ချင်ရုံပဲ။ ဒီလိုနဲ့

ငါ့ရဲ့သတ်ဖြတ်လိုစိတ်က

ပိုအားကောင်းလာပြီး

ထိန်းမနိုင်သိမ်းမရဖြစ်လောက်အောင်
ပြင်းထန်လာတယ်"

ယန်ယွဲ့ က ရုတ်တရက်မေးလိုက်သည်
"မင်းရဲ့သတ်ဖြတ်မှုကြောင့် မင်းကို
ထိန်းချုပ်ထားခဲ့တာလား"

သက်လတ်ပိုင်းအမျိုးသား က
ခေါင်းညိတ်ပြပြီး “အဲဒီတုန်းက ငါဟာ

လူသတ်စက်ပဲ။ တကယ်ကို

စိတ်နှလုံးပင်ပန်းနွမ်းနယ်သွားတဲ့အထိကို

သတ်ပစ်လိုက်တယ်။ နောက်ဆုံးတော့

ငါနဲ့ အရင်းနှီးဆုံးသူတွေကိုတောင်

သတ်ပစ်လိုက်မိတဲ့နေ့ ရောက်လာတယ်။

အဲဒီအချိန်မှာ

ငါ့ရဲ့သတ်ဖြတ်ခြင်းစိတ်ဆန္ဒက

အထွတ်အထိပ်ကို ရောက်နေပြီ။

မကြောပါဘူး၊ ငါက သတ်ဖြတ်ခြင်းတာအို

ကို ရရှိခဲ့တယ်။

ငါက သတ်ဖြတ်ခြင်းတာအိုရဲ့

တာအိုနယ်ပယ်ကို

တကယ်ပဲဝင်ရောက်နိုင်ခဲ့တယ်။

အဲဒီအချိန်မှာ ငါက

ကနဦးစျာန်သခင်ပဲရှိသေးတယ်။ ဒါပေမဲ့

ပညာရှင်တွေက ငါ့အတွက်တော့

ကြက်သတ်ရသလိုပဲလွယ်ကူပါတယ်"

ယန်ယဲ့ က စကားမပြောနိုင်။

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ ကို

စိုက်ကြည့်ရင်း "မင်းသိလား...

မင်းကိုတွေ့တုန်းက

အရမ်းရှုပ်ထွေးတဲ့ခံစားချက်တွေရှိခဲ့တ

ယ်"

ယန်ယဲ့ က အံ့သြသွားပြီး "ဘာလို့လဲ"

သက်လတ်ပိုင်းအမျိုးသား က

“သတ်ဖြတ်ခြင်းတာအိုနှလုံးသားကို

ပိုင်ဆိုင်ထားတဲ့အတွက်ကြောင့်

မင်းရဲ့နှလုံးသားထဲမှာ

သစ္စာရှိနေတုန်းပဲ။ ဒါ ငါတောင်

မပြီးမြောက်နိုင်ခဲ့တဲ့အရာပါ”

ယန်ယဲ့ က "မင်းပြောခဲ့တဲ့

သတ်ဖြတ်ခြင်းတာအိုနယ်ပယ် ဆိုတာ...

အဲဒါက နယ်ပယ်တစ်မျိုးလား"

သက်လတ်ပိုင်းအမျိုးသားက

ခေါင်းညိတ်ပြီး

“ဒါပါပဲ။ သတ်ဖြတ်ခြင်းစိတ်ဆန္ဒက

ပြောင်းလဲသွားတဲ့အခါကျရင် ဒါဟာ

သတ်ဖြတ်ခြင်းတာအို ဖြစ်လာတယ်။

တာအို က

စိတ်ဆန္ဒရဲ့နောက်မှာရှိတယ်၊နယ်မြေစွမ်း

အားက

တာအိုရဲ့နောက်မှာရှိတယ်။ သတ်ဖြတ်ခြ

င်းတာအို ကို ရဖို့အတွက်

မင်းရဲ့သတ်ဖြတ်ခြင်းစိတ်ဆန္ဒမှာ

အောင်မြင်မှုတစ်ခု ရှိထားရမယ်။ မင်းရဲ့

ချစ်ရသူတွေ အသတ်ခံရရင်

မင်းဘာလုပ်မလဲ"

ယန်ယဲ့လည်း ငြိမ်ကျသွားသည်။

သက်လတ်ပိုင်းအမျိုးသားက ပြုံးပြီး “လူတစ်ယောက်ဟာ သူတို့ရဲ့ ဆက်ဆံရေးကို အရေးကြီးတယ်လို့ မှတ်လေလေ သတ်ချင်စိတ် တိုးလာလေလေပါပဲ။ ဘာလို့လဲဆိုတော့ ဒီလိုလူတွေကို သတ်ချင်တဲ့စိတ်က နှိုးဆွဖို့ အရမ်းလွယ်လို့”

ယန်ယဲ့ က "ဒီလိုဆိုရင် ငါကြုံမယ့်နေ့ကို ဘယ်တော့မှ မတွေ့ချင်ဘူး"

သက်လတ်ပိုင်းအမျိုးသားက ယန်ယွဲ့ကို

စိုက်ကြည့်ကာ "မင်းရဲ့ဓားစိတ်ဆန္ဒဟာ

ဓားတာအို ရဲ့ နယ်ပယ်ထဲကို

ခြေတစ်လှမ်းတစ်ဝက်လောက်

ရောက်နေပြီ။ ဒါ့အပြင် မင်းက

ဓားနယ်မြေပါနားလည်ထားပြီထင်တယ်။

အဲဒါက ငါ့ကို တော်တော်လေး

သိချင်စိတ်ဖြစ်စေတယ်။ မင်းရဲ့

ဓားစိတ်ဆန္ဒ က တာအိုနယ်ပယ်ထဲကို

တကယ်မဝင်နိုင်သေးဘူး၊

ဘာကြောင့်လဲ… ဘာ့ကြောင့်များ

ဓားနယ်မြေ ကို နားလည်နိုင်ရတာလဲ"

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး

“မသိဘူး၊ ဒါပေမဲ့ ဒါဟာ ငါ့အတွက်

အရမ်းကြီးအားမကိုးရပုံပဲ။

နည်းလမ်းတကျမသုံးတတ်လို့များလား”

"ကိစ္စမရှိပါဘူး" သက်လတ်ပိုင်းအမျိုး

သားက "မင်းစောစောက ဓားနယ်မြေကို

သုံးခဲ့မယ်ဆိုရင် မင်းရဲ့စိတ်ဝိညာဉ်က

လွယ်လွယ်နဲ့

ထိခိုက်မှာမဟုတ်ဘူး။ အဲဒါက သူ့ရဲ့

စွမ်းရည်တွေထဲက တစ်ခုဖြစ်တယ်။

အဲဒါက သိပ်ကို အထောက်အကူ

မဖြစ်ဘူးလား။ မင်းရဲ့ ဓားနယ်မြေက

အရာခပ်သိမ်းနီးပါးကို

ဖိနှိပ်ထားနိုင်တယ်။ မင်းဟာ

တစ်ဖက်လူကို

အဆင့်ကျော်တိုက်ခိုက်နိုင်တယ်။ ဒါက

မင်းရဲ့ အပြင်းထန်ဆုံး

ဝှက်ဖဲပဲ။ မင်းမှာမရှိရင် ဓားစိတ်ဆန္ဒက

တာအိုနယ်ပယ် ရောက်နေရင်တောင်

ငါ့အတွက်

ခြိမ်းခြောက်မှု သိပ်ဖြစ်မှာ မဟုတ်ဘူး"

ယန်ယဲ့ က ပြုံးပြီး “ကောင်းပြီ! ငါ လောဘကြီးမိတာပဲ"

သက်လတ်ပိုင်းအမျိုးသား က “ငါတို့ အချင်းချင်း ဆုံတွေ့ပြီဆိုမှတော့ ကံကြမ္မာရှိလို့ပဲ။ ငါ မင်းကို လက်ဆောင်နှစ်ခုပေးလိုက်မယ်"

ယန်ယဲ့ က မျှော်လင့်ချက်အနည်းငယ်ကို ခံစားလိုက်ရသည်။

သက်လတ်ပိုင်းအမျိုးသား က
လက်သီးဆုပ်အရွယ်
သွေးပုလဲတစ်လုံးကိုထုတ်ကာ
ယန်ယဲ့ထံပစ်ပေးလိုက်သည်။

ယန်ယဲ့ က အံ့သြသွားပြီး
"ဒါကဘာလဲ"ဟုမေးလိုက်၏။

“သွေးဝိညာဉ်ပုလဲ” သက်လတ်ပိုင်းအမျိုး

သားက “ဒါဟာ

ငါ့ရဲ့သွေးအနှစ်သာရတွေနဲ့

သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို

ပေါင်းစပ်ထားတာ။ မင်းအနိုင်မယူနိုင်တဲ့

သူတစ်ယောက်နဲ့တွေ့ရင်

အသုံးချနိုင်တယ်။ဒါဟာ

မင်းရဲ့သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို

တာအိုအဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒအထိယာယီမြှင့်

တင်ပေးလိမ့်မယ်။ ဒါပေမဲ့

ဒီလိုလုပ်တာဟာ မင်းရဲ့အသိစိတ်ကို

ဆုံးရှုံးစေတယ်ဆိုတာ မှတ်ထားပါ။

အဲဒီအချိန်မှာ မင်းဟာ

ထာဝရနောင်တရမယ့် အရာတစ်ခုကို

လုပ်မိသွားနိုင်တယ်။ ဒါကြောင့်

အသုံးပြုတဲ့အခါ သတိထားပါ"

သတိထားပါ...

ယန်ယဲ့က သွေးပုလဲကို
တစ်ချက်ကြည့်လိုက်ပြီး
ခေါင်းညိတ်ပြကာ မူလစေတီထဲသို့
ပစ်ထည့်လိုက်သည်။

မူလစေတီထဲတွင်
သွေးပုလဲပေါ်လာသည်နှင့် နှင်းပွင့်က
ရုတ်တရက်ပေါ်လာသည်။ မျက်လုံး

မှိတ်တုတ်မှိတ်တုတ်ဖြင့် အနီရောင်သွေးပု
လဲကို ငေးကြည့်နေသည်။
သို့သော် အန်နန်ကျင်း က သူမရှေ့တွင်
ပေါ်လာပြီး ကာထားလိုက်သည်။

အန်နန်ကျင်း က "နင် အဲဒါကို မထိရဘူး"
ဟုပြောပြီး

နှင်းပွင့်၏အမြီးလေးကိုဆွဲကိုင်ကာ
ပြန်ခေါ်လိုက်သည်။

နှင်းပွင့်က မျက်လုံးလေး
ကလယ်ကလယ်နှင့် အံ့သြနေပုံရသည်။

အပြင်ကမ္ဘာတွင်....

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ ကို

စိုက်ကြည့်ရင်း “ငါ့မှာ

နည်းစနစ်တစ်ခုရှိတယ်။ ဒါဟာ

လွန်ခဲ့တဲ့နှစ်တွေတုန်းက ငါ ဖန်တီးခဲ့တဲ့

အဆိုးစွန်သော

လှူပ်ရှားမှုတစ်ခုပဲ။ (Backstab)

လို့ခေါ်ပါတယ်။ ဒါဟာ

လုပ်ကြံသတ်ဖြတ်ခြင်းနည်းစနစ်တစ်ခုဖြ

စ်တယ်။ လွန်ခဲ့တဲ့နှစ်တွေမှာ

ငါအသုံးပြုခဲ့တဲ့ လုပ်ကြံမှုနည်းလမ်းပဲ။

ဒါကို အကြိမ်ကြိမ်အသုံးချပြီး

မရေမတွက်နိုင်အောင်

တိုးတက်လာခဲ့တယ်။ ငါ

ကနဦးရျာန်သခင်ဖြစ်နေတုန်းက

ပညာရှင် ၁၀ ပါးထက်မနည်းကို

ချက်ချင်းသတ်ပစ်နိုင်တယ်။

နောက်ပြီး သူတို့က ငါ့အရိပ်ကိုတောင်

မမြင်နိုင်ကြဘူး"

ယန်ယဲ့ က အံ့အားသင့်မှုကြောင့်
စကားပင်ပြန်မပြောနိုင်ပေ။

ပြောစရာပင်မလိုပေ၊ သူ့စိတ်ထဲ
အံ့သြသွားသလို တုန်လှုပ်မိသည်။

ကနဦးချာန်သခင်က နည်းစနစ်ကို သုံးပြီး
ပညာရှင်အများအပြားကို
သတ်ပစ်ခဲ့သည်။ ထိုကဲ့သို့သော

နည်းစနစ်က

အမှန်ပင်ကြောက်စရာကောင်းလှသည်။

အကြောင်းမှာ သူကိုယ်တိုင်ပင်

အန်နန်ကျင်း နှင့် နှစ်ယောက်ပေါင်းမှသာ

ပညာရှင်ကိုသတ်နိုင်ခဲ့၏။ ထို့အပြင်

သူတို့နှစ်ဦးစလုံးက

အလယ်အလတ်ရှာန်သခင်များဖြစ်သည်

။

သက်လတ်ပိုင်းအမျိုးသားက

“အဓိကကတော့ မင်းရဲ့

သတ်ဖြတ်လိုစိတ်ရဲ့

ပေါက်ကွဲအားနဲ့ မင်းရဲ့ အရေးကြီးတဲ့

သွေးစွမ်းအင်ကို သုံးဖို့ပဲ။ ဟုတ်ပါတယ်၊

မင်းရဲ့ဓားက ပစ်မှတ်ရဲ့ခန္ဓာကိုယ်ထဲကို

ထိုးသွင်းလိုက်တဲ့အခါ

သတ်ဖြတ်ခြင်းစိတ်ဆန္ဒရဲ့

ပေါက်ကွဲအားကို

အသုံးချရမယ်။ အဲဒါကို

ပြီးမြောက်အောင် ဘယ်လိုလုပ်ရမလဲ၊

မင်းရဲ့ မူလသွေးစွမ်းအားကို

ဘယ်လိုသုံးရမလဲဆိုတာနဲ့

ပတ်သက်ပြီးတော့ ငါ မင်းကို

ခဏလောက် သင်ပေးမယ်"

ယန်ယွဲ့ က သက်လတ်ပိုင်းအမျိုးသားကို

တစ်ချက်ကြည့်လိုက်ပြီး "အကြီးအကဲ၊

ဘာ

အခြေအနေတွေရှိလဲ" ဟု မေးလိုက်၏။

ဤလောကတွင်

အလကားရသောအရာဟူ၍

ဘာမှမရှိပေ။

သက်လတ်ပိုင်းအမျိုးသားက လုံးဝကို

ရက်ရောလွန်းနေသည်မဟုတ်ပါလား။

ထိုနောက်ကွယ်တွင်

တောင်းဆိုချက်တစ်ခုပါ

ရှိနေပေမည်။ မဟုတ်ရင်တော့

သူ့ရှေ့ရှိလူက

လူထူးဆန်းတစ်ယောက်သာ

သက်လတ်ပိုင်းအမျိုးသားက

ခေါင်းညိတ်လိုက်သည် "ဒါဟာ

မင်းအောင်မြင်ဖို့ မခက်ပါဘူး"

ယန်ယဲ့ က "ကျေးဇူးပြုပြီး ဆက်ပြောပါ"

သက်လတ်ပိုင်းအမျိုးသား က

“ဝိညာဉ်တိုက်ကြီးမှာ ကျီယန်လို့ခေါ်တဲ့

ငါ့တပည့်တစ်ယောက်ရှိတယ်။ လွန်ခဲ့တဲ့နှ

စ်ပေါင်းများစွာက သူ့ကို

မွေးစားခဲ့တယ်။ သူ့ကိုရှာပြီး

ကလဲ့စားချေတာကို ရပ်လိုက်ဖို့

ပြောပေးပါ။ သူ့မိဘတွေကို

တစ်ယောက်ယောက်က သတ်ခဲ့တယ်၊

ငါသတ်လို့ သေတာကြာပြီ။ ဒါကြောင့်

ကလဲ့စားချေလိုတဲ့ ဆန္ဒကို လျှော့ချပြီး ပုံမှန်အတိုင်း ပြန်သွားသင့်တယ်”

ယန်ယဲ့ က ထိုလူကို မော့ကြည့်ပြီး ခေါင်းညိတ်ပြသည် “ကောင်းပြီ။ ငါပြောလိုက်မယ်”

သူက ခဏရပ်ပြီး "အကြီးအကဲ၊ မင်းတကယ်ပဲသေသွားပြီလား" ဟု ထပ်မေးလိုက်သည်။

သက်လတ်ပိုင်းအမျိုးသား က ပြုံးပြီး

“ဒါက ထူးဆန်းသလား”

ယန်ယွဲ့ က ခေါင်းညိတ်လိုက်သည်

"မင်းကို ဘယ်သူသတ်နိုင်မှာလဲ"

ယန်ယွဲ့၏အမြင်အရတော့

သက်လတ်ပိုင်းအမျိုးသားက

ဖန်ဆင်းရှင် မဟုတ်သည့်တိုင်

ကြောက်မက်ဖွယ်ရာခွန်အားကို
ပိုင်ဆိုင်ထားလေသည်။
ဖန်ဆင်းရှင်များပင်
ထိုလူကိုသတ်ဖို့ခဲယဉ်းပါလိမ့်မည်။

"အများကြီးရှိတယ်"
သက်လတ်ပိုင်းအမျိုးသားက
ပြန်ဖြေပါသည် “ငါတို့ကမ္ဘာမှာ
ပညာရှင်ဆိုတာ တစ်ခါမှ
မရှိခဲ့ဖူးဘူး။ မင်းမကြုံဖူးတာက

သူတို့ကိုယ်တိုင်

ထွက်မလာလို့ပဲ။ ငါဒီမှာနေဖို့

သဘောတူရတဲ့အကြောင်းရင်းက

တာအိုဖန်ဆင်းရှင် ဟာ

ငါ့ရဲ့အမွေအနှစ်ကို

ဆက်ခံခွင့်ပေးမယ်လို့ ကတိပေးခဲ့လို့

နှစ်ပေါင်းများစွာ

စောင့်နေခဲ့တာပဲ။ မင်းရောက်လာတာက

ဒီစောင့်ဆိုင်းရတာကို ထိုက်တန်ပါတယ်"

ယန်ယဲ့ က ထိုလူကို

တစ်ချက်ကြည့်လိုက်ပြီး "

တာအိုဖန်ဆင်းရှင် လား... "

သက်လတ်ပိုင်းအမျိုးသားက

ခေါင်းယမ်းကာ “ငါ့ကို သတ်တဲ့သူက

တခြားသူပဲ။ ဟုတ်တယ်၊ မင်းလိုပဲ

ဓားကိုသုံးတယ်"

ယန်ယဲ့က အံ့အားသင့်သွားပြီး "သူက

ငါ့လိုပဲ ဓားသုံးတာလား"

သက်လတ်ပိုင်းအမျိုးသားက

ခေါင်းညိတ်ပြပြီး “ငါ သူ့ကို အမှတ်တမဲ့

တွေ့လိုက်တာပဲ။ သူငါ့ကိုလမ်းရှာခိုင်းတ

ယ်၊ ငါ့ရဲ့သတ်ဖြတ်ခြင်းစိတ်ဆန္ဒက

အထွတ်အထိပ်ရောက်နေပြီဆိုတော့

အသိစိတ်မပျောက်ရင်တောင်

သတ်ချင်နေတုန်းပဲ"

ယန်ယဲ့ က "ဒါဆို
မင်းတိုက်ခိုက်ခဲ့တာလား"

သက်လတ်ပိုင်းအမျိုးသားက
ခေါင်းညိတ်ပြပြီး “မှန်တယ်၊
ငါလုပ်လိုက်တာ”

ယန်ယဲ့က "ဒါဆိုဘာဆက်ဖြစ်သေးလဲ"

သက်လတ်ပိုင်းအမျိုးသားက "ဒီတော့ ငါသေသွားပြီ" ဟု ပြန်ဖြေသည်။

ယန်ယဲ့ က စကားမပြောနိုင်တော့ပေ။

Translated By NyiNyiSoe